BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

# မိုးကြိုး သတင်းစာ

ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ

The Lightning Newsletter

( ၁၅-၁-၉၉ )ရက်နေ့တွင် စတင်တည်ထောင်သည် | မြန်မာသက္ကရာဇ် ၁၃၆၅ ခုနှစ် * ခရစ်နှစ် ၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ | အမှတ် (၄၅)

## လက်စားချေရန် မဟုတ်၊ တာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးရေးအတွက်ဖြစ်

## ဒီပဲယင်းစုံစမ်းရေးကော်မရှင် ဖွဲ့စည်းရေး ရည်ရွယ်ချက် ဒေါ်အောင်ဆန်းစုကြည် ထုတ်ဖော်ပြောကြား



အကျယ်ချုပ်ခံနေရဆဲဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်

မေ(၃၀) ဒီပဲယင်းအဖြစ်အပျက်နှင့် ပတ်သက်၍ အာဃာတမထားသော်လည်း အဖြစ်မှန်ကို သီးသန့်လွတ်လပ်သည့် ကော်မရှင်ဖွဲ့၍ စုံစမ်းဖော်ထုတ်ပေးရန် နအဖ တွင် တာဝန်ရှိကြောင်း ငြိမ်းချမ်းရေး နိုဗယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်က တောင်းဆိုလိုက်သည်ဟု သိရသည်။

ယခုလို တောင်းဆိုခြင်းသည် အခြားရည်ရွယ်ချက်ကြောင့် မဟုတ်ဘဲ ယခုလို အဖြစ်မျိုး နောင်တွင် မဖြစ်ပွားနိုင်ရန် ကာကွယ်လိုသည့် တာဝန်ခံမှုနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက်သာဖြစ်ကြောင်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင်က ကုလသမဂ္ဂ လူ့အခွင့်အရေး စုံစမ်းစစ်ဆေးသူ မစ္စတာ ပေါ်လိုဆာဂျီယို ပင်ဟေးရိုးနှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။

ထိုသို့မတွေ့ဆုံမီ မစ္စတာ ပင်ဟေးရိုးသည် နအဖ ထိပ်တန်းခေါင်းဆောင်များနှင့်လည်း တွေ့ဆုံခဲ့ရာ နအဖ ဗိုလ်ချုပ်ကြီးများက မိမိတို့အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်ကို ဘယ်လိုပုဒ်မမျိုးနှင့်မှ ထိန်းသိမ်းထားခြင်း မရှိကြောင်း ပြောဆိုခဲ့သော်လည်း မြန်မာ့ဒီမိုကရေစီခေါင်းဆောင်က လွန်ခဲ့သည့် (၅)လက ဒီပဲယင်းအရေးအခင်းတွင် ဖမ်းဆီးထားသူ (၃၅)ဦးနှင့် အဖွဲ့ချုပ်ခေါင်းဆောင် (၈)ဦးကို ပြန်မလွှတ်မပေးမချင်း မိမိအနေဖြင့် ဘယ်လိုအခွင့်အရေးမျိုးမှ လက်ခံလိမ့်မည် မဟုတ်ဟု ပယ်ချခဲ့သည်။ ဆက်လက်၍ အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များအားလုံးကို လွှတ်ပေးပြီး နောက်ဆုံးမှ သူ့ကို လွှတ်ပေးရန် ဒေါ်အောင်ဆန်းစုကြည်က တောင်းဆိုခဲ့ကြောင်း မစ္စတာပင်ဟေးရိုးက ပြောပြသွားခဲ့သည်။

ထိုတောင်းဆိုမှုသည် လက်ရှိ မြန်မာ့နိုင်ငံရေးအခြေအနေအရ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ကိုင်ဆောင်ရွက်နေချိန်တွင် အထောက်အကူဖြစ်စေသည့် သဘောထားကို ဒေါ်အောင်ဆန်းစုကြည်က ဖော်ပြခြင်းဖြစ်ကြောင်း နိုင်ငံရေး လေ့လာအကဲခတ်သူများက ဝေဖန်သုံးသပ်နေကြသော်လည်း နအဖဘက်ကမူ ဒီပဲယင်း အရေးအခင်း စုံစမ်းဖော်ထုတ်ရန် ကော်မရှင်ဖွဲ့စစ်ဆေးရေး တောင်းဆိုမှုကို ငြင်းဆန်ခဲ့ကြောင်း ပင်ဟေးရိုးအဆိုအရ သိရသည်။ ❖

## လမ်းပြမြေပုံကိုစွမဆွေးနွေးမီ

## ဒီပဲယင်းအရေးအခင်းအား လွတ်လပ်စွာ စုံစမ်းပေးရန်

## အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်ပြောဆို

**နိုဝင်ဘာ၊ (၂၂)ရက်။**

နအဖ၏ အချက်(၇)ချက်ပါ နိုင်ငံရေး လမ်းပြမြေပုံကို မဆွေးနွေးမီ ဒီပဲယင်း အရေးအခင်းအဖြစ်အပျက်ကို အမှန်အတိုင်း ဖော်ထုတ်နိုင်ရန် လွတ်လပ်သည့် စုံစမ်းစစ်ဆေးမှုမျိုး ပြုလုပ်ပေးရန် ဦးစွာ လိုအပ်ကြောင်း အကျယ်ချုပ်ခံနေရဆဲဖြစ်သည့် အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်က ပြောကြားလိုက်ကြောင်း သိရသည်။



အဖွဲ့ချုပ် ပြောခွင့်ရ ဦးလွင်

ယမန်နေ့က ဗဟန်းမြို့နယ် ပဏ္ဍိတာရာမကျောင်းတိုက်အနီးရှိ ဦးလွင်၏ နေအိမ်သို့ အဖွဲ့ချုပ်ဝင်အချို့ သွားရောက်တွေ့ဆုံခွင့်ရခဲ့စဉ် အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်က လက်ရှိ နိုင်ငံရေးအခြေအနေအပေါ် ၎င်း၏သဘောထားကို ယခုလို ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဦးလွင်က မကြာမီက နအဖမှ တင်ပြလာသည့် အချက်(၇)ချက်ပါ နိုင်ငံရေးလမ်းပြမြေပုံကို စတင်ဆွေးနွေးခြင်းမပြုမီ ဒီပဲယင်းကိစ္စကို အဖြစ်မှန်အတိုင်း ဖော်ထုတ်နိုင်ရန် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်၍ ဦးစွာ ဖြေရှင်းပေးမှသာ အခြားနိုင်ငံရေးအစီအစဉ်များ ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ပြောကြားခဲ့သည်ဟု တွေ့ခွင့်ရခဲ့သူ အဖွဲ့ချုပ်ဝင်များ အဆိုအရ သိရသည်။

မကြာမီက ကွယ်လွန်ခဲ့သူ ဦးလွင်၏ သား နာရေးကိစ္စအတွက် ဦးလွင်နှင့် အဖွဲ့ချုပ်ဝင်များ ယခုလို တွေ့ဆုံခွင့် ရရှိခြင်း ဖြစ်ပြီး နေအိမ်အကျယ်ချုပ်ချထားခြင်း ခံနေရဆဲဖြစ်သည့် အခြားခေါင်းဆောင်များနှင့် တွေ့ဆုံခွင့်ကို အာဏာပိုင်များက ယခုထိ ပိတ်ပင်ထားမြဲဖြစ်ကြောင်း သိရသည်။

မေ(၃၀) ဒီပဲယင်းအရေးအခင်းကာလ မတိုင်မီက အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒရေးရာများနှင့်ပတ်သက်၍ ပြည်တွင်းပြည်ပ သတင်းမီဒီယာများနှင့် ပုံမှန်ဆက်သွယ်ခွင့် ရရှိခဲ့သော်လည်း နေအိမ်အကျယ်ချုပ်ချထားခြင်း ခံရချိန်မှစ၍ (၆)လတာကာလအတွင်း ယခုအကြိမ်သည် ပထမဆုံးအဖြစ် ပြင်ပနှင့် ဆက်သွယ်ခွင့် ရရှိခဲ့ခြင်းဖြစ်သည်။ ❖

## ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီ သဘာပတိအဖွဲ့ နှင့် အတွင်းရေးမှူးအဖွဲ့ ၆/၂၀၀၃ အစည်းအဝေး ကျင်းပ

သက္ကရာဇ် ၂၀၀၃၊ နိုဝင်ဘာလ (၁၇-၁၈)ရက်များ၌ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီ(NCUB)၏ သဘာပတိအဖွဲ့နှင့် အတွင်းရေးမှူးအဖွဲ့ ပူးတွဲအစည်းအဝေး ၆/၂၀၀၃ ကို လွတ်မြောက်နယ်မြေ တနေရာ၌ ကျင်းပရာ NCUB သဘာပတိအဖွဲ့ဝင် ကေအဲန်ယူဥက္ကဋ္ဌကြီး ဖဒို စောဘသင်မှ သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

ယင်းအစည်းအဝေးတွင် NCUB အထွေထွေအတွင်းရေးမှူး ဦးအောင်မိုးဇော်မှ အတွင်းရေးမှူးအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာကို တင်သွင်းရာ အစည်းအဝေးမှ လက်ခံအတည်ပြုခဲ့သည်။ NCGUB နှင့် ပူးပေါင်းလုပ်ဆောင်ရေးဆိုင်ရာ အစီအစဉ်များကို အစည်းအဝေးမှ သဘောတူညီကြပြီး ၂၀၀၄ ခုနှစ်ဆိုင်ရာ NCUB ၏ လုပ်ငန်းစီမံချက်ကိုလည်း ချမှတ်ခဲ့သည်ဟု သိရသည်။

NCUB ကို ၁၉၉၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အင်အားကြီးမားသော တပ်ပေါင်းစုတရပ်အနေဖြင့် ရပ်တည်လျက် ရှိသည်။ ❖



အစည်းအဝေးအတွင်း အထွေထွေအတွင်းရေးမှူးမှ လုပ်ငန်းအစီရင်ခံစာ တင်သွင်းနေစဉ်

မင်းဆိုးကို "မိုးကြိုး" ပစ်ပြီ

## အယ်ဒီတာ့အာဘော်

# ကိုယ့်ကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်

ဤကမ္ဘာလောကထက်၌ လူသားသည်သာ တန်ဖိုးအရှိဆုံးအရာဖြစ်သည်။ 'ကြိုးစား ဘုရားဖြစ်' ဟူသောစကားရပ်က လူသည် မည်သည့်အရာကိုမဆို စွမ်းဆောင်နိုင်စွမ်းရှိသည်ဟု အဓိပ္ပာယ်ရသည်။ လူသားတဦးအဖြစ် ဖြစ်ထွန်းခွင့်ရသည့် အကျိုးကျေးဇူးကား အလွန်ကြီးမားပေသည်ဟု ပညာရှိအဆက်ဆက် အသိအမှတ်ပြုခဲ့ကြသည်၊ ပြုဆဲဖြစ်သည်၊ ပြုကြဦးမည်လည်းဖြစ်သည်။

သို့သော် လူ့တန်ဖိုးကို နှိမ့်ချရန် ကြိုးပမ်းနေသူများရှိသည်။ လူသားများ၏ တရားမျှတမှု၊ ငြိမ်းချမ်းမှု၊ လွတ်လပ်မှု စသည့် လောကပါလတရားများကို ဖျက်ဆီးလျက် ကိုယ်ကျိုးအတွက်သက်သက်သာ ဆောင်ရွက်နေသူများရှိသည်။ လူသားများအား သဘာဝက အပ်နှင်းထားသော ရပိုင်ခွင့်များ၊ ဂုဏ်သိက္ခာများ၊ တူညီလွတ်လပ်သည့် အခွင့်အရေးများကို ထိပါးနှောင့်ယှက်ဖျက်သိမ်းလျက် လူတဦး (ဝါ) လူတစုကောင်းစားရေးအတွက် ကြိုးပမ်းကြသူများဖြစ်သည်။ ထိုသူများကား အဓမ္မဝါဒီများဖြစ်သည်။ အလဇ္ဇီဟု သတ်မှတ်ရပေမည်။

လူ့တန်ဖိုးကို ကာကွယ်ထိန်းသိမ်းရန်နှင့် ပိုမိုမြင့်မားစေရန် ကြိုးပမ်းအားထုတ်နေသူများလည်း ရှိပါသည်။ လူဟူသည် အခွင့်အရေးအားလုံး၊ လွတ်လပ်ခွင့်အားလုံးတို့ကို ပိုင်ဆိုင်ခံစားခွင့်ရှိသည်ဟု ယုံကြည်ကြသူများဖြစ်သည်။ လူမျိုးနွယ်အားဖြင့်ဖြစ်စေ၊ အသားအရောင်အားဖြင့်ဖြစ်စေ၊ ကျား–မ သဘာဝအားဖြင့်ဖြစ်စေ၊ ဘာသာစကားဖြင့်ဖြစ်စေ၊ ကိုးကွယ်သည့် ဘာသာဖြင့်ဖြစ်စေ ... အဆင့်အတန်းခွဲခြားမှုကို လက်ခံနိုင်သူများမဟုတ်။ လူတိုင်းသည် တူညီလွတ်လပ်သော ဂုဏ်သိက္ခာဖြင့်လည်းကောင်း၊ အခွင့်အရေးများဖြင့်လည်းကောင်း မွေးဖွားလာသူများဖြစ်သည်။ လူတို့၌ ပိုင်းခြားဝေဖန်တတ်သော ဉာဏ်နှင့် ကျင့်ဝတ်သိတတ်သောစိတ်တို့ရှိကြ၍ အချင်းချင်း မေတ္တာဖြင့် ဆက်ဆံကျင့်သုံးအပ်သည်ဟု အလေးအနက်ယုံကြည်သူများဖြစ်သည်။ ထိုသူများကား ဓမ္မဝါဒီများဖြစ်ကြသည်။ လဇ္ဇီဟု သတ်မှတ်ရပေမည်။

"ဓမ္မနှင့် အဓမ္မတို့သည် လောက၌ ထာဝစဉ် ဆန့်ကျင်ကြ၏။ အချင်းချင်း ဆန့်ကျင်နေသောကြောင့်ပင် လောကသည် ဖြစ်ပေါ်နေခြင်းဖြစ်သည်။ သို့ဖြစ်လေရာ လောကဟူသည် ဓမ္မနှင့် အဓမ္မတို့ စစ်ခင်းရာ စစ်မြေပြင်ဖြစ်၏"ဟု အထကထာဆရာ ဦးရွှေအောင်က ဆိုသည်။ မှန်ပေသည်။ လူ့သမိုင်းသည် ဓမ္မဝါဒီနှင့် အဓမ္မဝါဒီတို့၏ တိုက်ပွဲကို မှတ်တမ်းတင်ခြင်းသာဖြစ်သည်။

မြန်မာလူ့အဖွဲ့အစည်းသည် ရာစုနှစ်ထက်ဝက်ခန့် အဓမ္မဝါဒီတို့က လွှမ်းမိုးလျက်ရှိသည်။ ဓမ္မဝါဒီတို့၏ ကိုယ်ကျိုးစွန့်အနစ်နာခံ၍ အများအတွက် တိုက်ပွဲဝင်မှုတို့သည်ကား ဂုဏ်ရောင်ပြောင်လှသော သမိုင်းမှတ်တိုင်များဖြစ်သည်။ မြန်မာပြည်၏ အဓိကပဋိပက္ခဖြစ်သော စစ်အာဏာရှင်လူတစုနှင့် အဖိနှိပ်ခံ ပြည်သူတရပ်လုံး၏ ပဋိပက္ခသည် လမ်းချိုးတရပ်သို့ရောက်ရှိလျက်ရှိပြီး စစ်အာဏာရှင်အဓမ္မဝါဒီများကလည်း ပြည်သူတို့ကို ပိုမိုရက်စက်စွာ ဖိနှိပ်သတ်ဖြတ်လျက် အဓမ္မအောင်ပွဲခံရေးကို ကျားကုတ်ကျားခဲလုံးပမ်းနေသည်ကို တွေ့မြင်ရသည်။ 'ဓမ္မဝါဒီ'ဖြစ်သော ပြည်သူလူထုကလည်း အစွမ်းကုန် အနစ်နာခံဆောင်ရွက်လျက် တိုင်းပြည်အကျိုး၊ လူသားအကျိုး သယ်ပိုးရန်မှတပါး အခြားမရှိပြီ။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းနိဒါန်းပိုင်း၌ "လူခပ်သိမ်းတို့သည် တရားလက်လွတ် နှိပ်စက်ကလူပြုမှု၊ အုပ်စိုးမှုနှင့် ဖိစီးညှင်းပမ်းမှုတို့ကို နောက်ဆုံးမလွှဲသာ မရှောင်သာ လက်နက်စွဲကိုင်ကာ တော်လှန်ခြင်း၊ ပုန်ကန်ခြင်း မပြုစေရန် လူ့အခွင့်အရေးများကို ဥပဒေဖြင့် ထိန်းသိမ်းကာကွယ်ပေးရမည်"ဟူ၍ ဖော်ပြထားသည်။ ဖြန့်ကြက်အဓိပ္ပာယ်မှာ လူ့အခွင့်အရေးများကို ဥပဒေဖြင့် ထိန်းသိမ်းကာကွယ်မှု မရှိပါက လူသားများတွင် လက်နက်စွဲကိုင်၍ အုပ်စိုးသူတို့ကို တော်လှန်ကာကွယ်ပိုင်ခွင့်ရှိသည်ဟု မှတ်ယူရမည်ဖြစ်သည်။ ဤသည်ကား လူသားတို့၏ ကိုယ့်ကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်ကို အသိအမှတ်ပြုခြင်းဖြစ်သည်။

မြန်မာပြည် ရာဇသတ်ကြီးဥပဒေ (ပြစ်မှုဆိုင်ရာ ဥပဒေ– Panel Code)တွင်လည်း ခုခံပိုင်ခွင့်ကို ဥပဒေကြောင်းအရ ပုဒ်မ(၉၉)မှ ပုဒ်မ (၁၀၆)အထိ ပြဋ္ဌာန်းထားသည်ကို တွေ့ရသည်။ ဥပဒေပြဋ္ဌာန်းရခြင်း၏ အနှစ်သာရမှာ လူသားတို့၏ ကိုယ့်ကိုယ်ကို ခုခံကာကွယ်ပိုင်ခွင့်ဟူသော သဘာဝနိယာမကို နိုင်ငံသားတို့အား အပ်နှင်းခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ရသည်။

သက္ကရာဇ် ၂၀၀၃ ခုနှစ် မေလနောက်ဆုံးပတ်များသည် စစ်အာဏာရှင် အဓမ္မဝါဒီများနှင့် ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်သော ဓမ္မဝါဒီများ၏ တိုက်ပွဲ အပြင်းထန်ဆုံးကာလများဖြစ်သည်ဟု ဆိုနိုင်သည်။ ထိုကာလများအတွင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နောက်ဆုံးထုတ်ပြန်ခဲ့သည့် ကြေညာချက် အမှတ် ၆(၅/၀၃)၌ "မိမိတို့မှာ မိမိကိုယ်မိမိ ကာကွယ်နိုင်သည့် ဥပဒေပြဋ္ဌာန်းချက်အရ လိုက်နာရန်သာ ရှိပေတော့သည်"ဟု ပါရှိသည်။ ဤသည်ကား တိုက်ပွဲအခြေအနေ၊ ရန်သူအခြေအနေ၊ မိမိအခြေအနေနှင့် အနာဂတ်အလားအလာတို့ကို ချင့်ချိန်တွက်ချက်ပြီးသော ဓမ္မဝါဒီတို့၏ ခေါင်းဆောင်မှုက တတိုင်းပြည်လုံးအား တပ်လှန့်အချက်ပေးသံဟု မှတ်ယူအပ်၏။ လုပ်ငန်းလမ်းညွှန်ချက်ဟုလည်း အခိုင်အမာ ယူဆအပ်ပေသည်။ ယင်းလမ်းညွှန်ချက်သည် စစ်အာဏာရှင်ဖျက်သိမ်းရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲကြီးတွင် ဓမ္မဝါဒီတို့ ကျင့်သုံးအပ်သည့် တိုက်ပွဲနည်းနာဖြစ်ပါကြောင်းလည်း တင်ပြအပ်ပေသည်။

# တွေ့ဆုံဆွေးနွေး အဖြေရှာရေးလမ်းကြောင်းမှတပါး အခြားမရှိဟု ဝါရင့်နိုင်ငံရေးသမားကြီးများ ထုတ်ပြန်ကြေညာ

တန်ဆောင်မုန်းလဆုတ် (၁၁)ရက်နေ့တွင် ကျရောက်သည့် (၈၃)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားတရပ်ကို ရန်ကုန်မြို့တွင် ဝါရင့်နိုင်ငံရေးသမားကြီးများအဖွဲ့က ကျင်းပခဲ့ရာ ထိုအခမ်းအနားတွင် နိုင်ငံရေးပါတီများ လှုပ်ရှားခွင့်ပေးရေးနှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရေးတို့ကို တိုက်တွန်းထားသည့် အချက်(၁၀)ချက်ပါ ကြေညာချက်တစောင် ထုတ်ပြန်ခဲ့သည်။

ထိုကြေညာချက်တွင် ယနေ့ တိုင်းပြည်အခြေအနေသည် လွတ်လပ်ရေး ရရှိပြီးသည့်တိုင်အောင် ရှေးက ခေါင်းဆောင်များ မျှော်မှန်းခဲ့ကြသည့် ဒီမိုကရေစီနိုင်ငံ၊ ငြိမ်းချမ်းသောနိုင်ငံ၊ စည်ပင်ဝပြောသောနိုင်ငံ၊ တမျိုးသားလုံး သွေးစည်းညီညွတ်သောနိုင်ငံကို မထူထောင်နိုင်သေးကြောင်း၊ နိုင်ငံတော်သစ်ကြီး ထူထောင်နိုင်ရန်အတွက် လက်ရှိနိုင်ငံရေးခေါင်းဆောင်များက ကြိုးပမ်းဆောင်ရွက်နေကြသော်လည်း ဂိုဏ်းဂဏစိတ်၊ သံသယစိတ်၊ မယုံသင်္ကာမှု စိတ်အခြေခံတို့ဖြင့် တိုင်းပြည်နှင့် လူထုအကျိုးထက် မိမိကိုယ်ကျိုးကို အလေးထား၍ ကျဉ်းမြောင်းသော လူမျိုးရေးဝါဒအတွေးများကို မစွန့်ခွာနိုင်ကြသဖြင့် လွယ်ကူလျှင်မြန်စွာ ဖြစ်မြောက်နိုင်သော အရေးအရာများကို မဖြစ်မြောက်နိုင်အောင် အလှမ်းကွာဝေးလျက် ရှိနေသေးကြောင်း ထည့်သွင်းဖော်ပြထားသည်။

ထို့ပြင် နိုင်ငံရေးလမ်းမှားသို့ ရောက်ရှိနေသည်နှင့်ပတ်သက်၍ မဖြစ်နိုင် မလုပ်နိုင်စရာမရှိသည့် တွေ့ဆုံဆွေးနွေး အဖြေရှာရေးလမ်းကြောင်းကို မရွေးချယ်ဘဲ တခြားနည်းလမ်းများဖြင့် အကောင်အထည်ဖော်နိုင်မည်ဟု မျှော်လင့်နေခြင်းသည် လမ်းဖြောင့်လမ်းမှန်ကို မလိုက်ဘဲ လမ်းမှားကို မျက်စိမှိတ်၍ လိုက်နေခြင်းဖြစ်နေကြောင်း၊ နအဖ၏လမ်းပြမြေပုံနှင့် နအဖက ပြန်လည်ကျင်းပရန် စိုင်းပြင်းပြင်ဆင်နေသည့် အမျိုးသားညီလာခံကို ရည်ရွယ်၍ ဝေဖန်ထားသည်။

နောက်ဆုံးအပိုဒ်တွင် ကျွန်ုပ်တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်သည်နှင့်အညီ ကိုယ်ချင်းစာတရားနှင့် မေတ္တာတရားကို ရှေ့ရှု၍ ဖမ်းဆီးအကျဉ်းကျခံနေရသော ဦးအောင်ရွှေ၊ ဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် အစရှိသောခေါင်းဆောင်များ၊ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်များဖြစ်ကြသော နိုင်ငွေသိန်း၊ ဒေါက်တာ မောင်မောင်ကျော်၊ ဦးသာဘန်းတို့အပါအဝင် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်နှင့် ကျောင်းသားနိုင်ငံရေးအကျဉ်းသားများ၊ အခြားနိုင်ငံရေးအကျဉ်းသားများအားလုံးကို ချက်ချင်း အမြန်ဆုံးလွှတ်ပေးပါရန် ယနေ့လို အမျိုးသားအောင်ပွဲနေ့တွင် မေတ္တာရပ်ခံပန်ကြားလိုက်ကြောင်း ဖော်ပြထားသည်။❖

# အမျိုးသားညီလာခံကျင်းပရေး ရှင်းလင်းစွာ ကြေညာခြင်းမရှိသ၍ မွန်ပြည်သစ်ပါတီက ကိုယ်စားလှယ် စေလွှတ်ခြင်းမပြု

နိုဝင်ဘာ၊ (၂၁)ရက်။ [အာရ်အက်ဖ်အေ]

အမျိုးသားညီလာခံခေါ်ယူနိုင်ရေးအတွက် နအဖနှင့် အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားအဖွဲ့များအား တဖွဲ့လျှင် ကိုယ်စားလှယ်(၅)ဦးဆီ အမည်စာရင်းတင်သွင်းရန် နအဖက အကြောင်းကြားခဲ့သော်လည်း လမ်းပြမြေပုံတွင် ပါဝင်သည့် အမျိုးသားညီလာခံကျင်းပရေးအစီအစဉ်ကို ယခုအချိန်အထိ ရှင်းရှင်းလင်းလင်း ထုတ်ဖော်ကြေညာခဲ့ခြင်း မရှိသေးသဖြင့် မွန်ပြည်သစ်ပါတီက ယနေ့အထိ ကိုယ်စားလှယ် တင်သွင်းခြင်း မရှိသေးကြောင်း သိရသည်။

နအဖက ၎င်းတို့၏ လမ်းပြမြေပုံပါ အချက်(၇)ချက်အရ အမျိုးသားညီလာခံ ကျင်းပနိုင်ရေးအတွက် ယခုလဆန်းပိုင်းတွင် အပစ်အခတ်ရပ်စဲထားသည့် တိုင်းရင်းသားအဖွဲ့များမှ တဖွဲ့လျှင် ကိုယ်စားလှယ်(၅)ဦးပါ အမည်စာရင်း (၃)ရက်အတွင်း တင်သွင်းရန် အကြောင်းကြားခဲ့သော်လည်း ညီလာခံ ကျင်းပရေးအစီအစဉ်ကို ယနေ့အချိန်အထိ ရှင်းရှင်းလင်းလင်း ထုတ်ဖော်ကြေညာခြင်း မရှိသေးအတွက် မွန်ပြည်သစ်ပါတီအနေဖြင့် ကိုယ်စားလှယ် မလွှတ်သေးကြောင်း အဖွဲ့၏ ပြောခွင့်ရပုဂ္ဂိုလ် နိုင်ဗညားမွန်က ပြောကြားခဲ့သည်။

၎င်းက ညီလာခံတက်သည့်ကိစ္စသည် မွန်ပြည်သစ်ပါတီ၏ အရေးကိစ္စတခုသာမဟုတ်ဘဲ မွန်အမျိုးသားအားလုံး၏ အရေးဖြစ်သည့်အတွက် ယခုလို အရေးကြီးသည့်ကိစ္စကို နအဖကပြောသလို (၃)ရက်အတွင်း ကိုယ်စားလှယ်ရွေးပေးရန်မှာ လက်တွေ့တွင် မလွယ်ကူကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ယခုလိုကိစ္စမျိုးအတွက် ပါတီဗဟိုကော်မတီ အစည်းအဝေးတရပ် ကျင်းပ၍ ဆုံးဖြတ်ချက်ရယူရန် လိုမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

မွန်ပြည်သစ်ပါတီသည် ပြီးခဲ့သည့် အောက်တိုဘာလက နအဖပြုလုပ်ရန် စိုင်းပြင်းနေသည့် အမျိုးသားညီလာခံနှင့် ပတ်သက်၍ တိုင်းရင်းသားများအား ကိုယ်စားပြုသည့် စစ်မှန်သော ကိုယ်စားလှယ်များ ပါဝင်ခွင့်ရရေး၊ ထိုကိုယ်စားလှယ်များအား တိုင်းရင်းသားများကိုယ်တိုင် လွတ်လပ်စွာ ရွေးချယ်ခွင့်ရရေးနှင့် ထိုညီလာခံတွင် ကိုယ်စားလှယ်များအားလုံး လွတ်လပ်စွာ ထုတ်ဖော်ဆွေးနွေးခွင့်ရရှိရေးတို့ လိုအပ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ ထိုသို့ မရရှိသည့် ညီလာခံမျိုးဆိုပါက ၎င်းတို့အနေဖြင့် လက်ခံနိုင်မည် မဟုတ်ကြောင်း ပြတ်ပြတ်သားသား ပြောဆိုထားသည်။

မွန်ပြည်သစ်ပါတီက လက်ရှိနိုင်ငံရေး ပြဿနာများအား သုံးပွင့်ဆိုင် ဆွေးနွေးခြင်းဖြင့်သာ ဖြေရှင်းနိုင်လိမ့်မည်ဟု အခိုင်အမာ ယုံကြည်ထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

မွန်ပြည်သစ်ပါတီသည် နိုင်ငံရေး ပြဿနာများအား နိုင်ငံရေးနည်းနှင့် ဖြေရှင်းနိုင်ရန် ၁၉၉၅ ခုနှစ်တွင် နအဖနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှု ပြုလုပ်ခဲ့သည်။ ❖



# ‘ထောင်ကျမှာ သေမှာကြောက်လို့ ဘယ်တော့မှ နောက်မဆုတ်’ အမှန်တရားအတွက် သေသည်အထိ တိုက်ပွဲဝင်သွားမည်

**နိုဝင်ဘာ၊(၁၃)ရက်။ [ဒီဗွီဘီ]**

“ကိုယ်မှန်တယ်ထင်တဲ့ ကိစ္စကိုတော့ .... ထောင်ကျမှာ ကြောက်လို့၊ သေမှာ ကြောက်လို့ဆိုပြီးတော့၊ ကျမတို့ ဘယ်တော့မှ နောက်မဆုတ်ပါဘူး”ဟု မကြာခင်ကမှ အင်းစိန်ထောင်က ပြန်လွတ်လာသည့် မိုးကုတ်မြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေနှင်းကြည်က ရဲဝံ့ပြတ်သားစွာ ထုတ်ဖော်ပြောဆိုလိုက်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ မိုးကုတ်ခရီးစဉ်အတွက် စစ်ဆေးမေးမြန်းရန် ဒေါ်မေနှင်းကြည်ကို အာဏာပိုင်များက ဇူလိုင်(၁၇)ရက်နေ့က ဖမ်းဆီးခဲ့ခြင်းဖြစ်ပြီး အင်းစိန်ထောင် သီးသန့်ဆောင်တွင် (၄)လနီးပါး ကြာချုပ်ထားခဲ့ကြောင်း ၎င်းကိုယ်တိုင် ထုတ်ဖော်ပြောဆိုခဲ့သည်။

ထိုသို့ဖမ်းဆီးခြင်းခံထားရစဉ် နိုင်ငံရေးအကျဉ်းသားများသည် အကျဉ်းထောင်အတွင်း ရာဇဝတ်သားများရရှိသည့် အခွင့်အရေးမျိုးပင် မရသဖြင့် ဒေါ်မေနှင်းကြည်က စက်တင်ဘာ(၂၃)ရက်မှ (၂၅)ရက်နေ့အထိ တဦးတည်း (၃)ရက်ကြာ အစာငတ်ခံဆန္ဒပြခဲ့ကြောင်း ပြောပြခဲ့သည်။

ဒေါ်မေနှင်းကြည်သည် ယခုအကြိမ်နှင့်ဆိုလျှင် (၃)ကြိမ်မြောက် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပြီး ဆီးချိုရောဂါ ခံစားနေရသူလည်းဖြစ်သည်။ အသက်(၅၆)နှစ်အရွယ်ရှိ ဒေါ်မေနှင်းကြည်သည် နိုဝင်ဘာ(၉)ရက်နေ့ကမှ ပြန်လည်လွတ်မြောက်လာပြီး အိမ်ပြန်ရောက်ရောက်ချင်း အရေးပေါ် ဆေးဝါးကုသမှုခံနေရသည့်ကြားမှ ၎င်း၏ နိုင်ငံရေးယုံကြည်မှုကို ယခုလို ရဲရဲဝံ့ဝံ့ ထုတ်ဖော်ပြောဆိုလိုက်ခြင်း ဖြစ်သည်။ ၎င်းက အမှန်တရားအပေါ်တွင် သေသည့်တိုင် ဆက်လက်တိုက်ပွဲဝင်သွားမည် ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ဒေါ်မေနှင်းကြည် ဖမ်းဆီးခံနေရစဉ် ကုလလူ့အခွင့်အရေးကိုယ်စားလှယ် မစ္စတာပေါ်လိုဆာဂျီယိုပင်ဟေးရိုး၏ လက်ထောက်အရာရှိနှင့် တွေ့ခွင့်ရခဲ့ရာ ၎င်းက ဒီပဲယင်းအရေးအခင်းအတွင်း ဖမ်းဆီးခံထားရသူများအပြင် ယခင်ကတည်းက ဖမ်းဆီးခြင်းခံထားရသည့် နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။

၎င်းနှင့်အတူ ကော့သောင်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးလှမင်းလည်း ပြန်လည်လွတ်မြောက်လာကြောင်း သိရသည်။ ❖

# ဒီပဲယင်းကိစ္စ စုံစမ်းဖော်ထုတ်ရန် ကုလသမဂ္ဂ၌ မဲခွဲဆုံးဖြတ်မည်

**နိုဝင်ဘာ၊ (၂၄)ရက်။**

ဒီပဲယင်းကိစ္စအား အသေးစိတ် စုံစမ်းဖော်ထုတ်ပေးရေးအတွက် ကုလသမဂ္ဂအထွေထွေညီလာခံက နအဖကို ဖိအားပေးတောင်းဆိုမည့် မူကြမ်းတရပ် ပြင်ဆင်နေကြောင်း သိရသည်။

ယနေ့ပြန်လည်ကျင်းပမည့် ကုလသမဂ္ဂ အထွေထွေညီလာခံ တတိယကော်မတီတွင် အဆိုပါကိစ္စအပေါ် ဆွေးနွေးကြမည်ဖြစ်ပြီး ဆုံးဖြတ်ချက်မူကြမ်းကို အလှည့်ကျ ဥရောပသမဂ္ဂ(အီးယူ) ဥက္ကဋ္ဌဖြစ်သော စပိန်နိုင်ငံမှ တင်သွင်းမည်ဖြစ်သည်။ ကုလသမဂ္ဂ သတင်းရပ်ကွက်အရ အဆိုပါမူကြမ်းထဲတွင် ဒီပဲယင်းဖြစ်ရပ်ကို လွတ်လပ်စွာ ဖော်ထုတ်ပေးရန် စစ်အုပ်စုကို တိုက်တွန်းထားပြီး မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေသည် ယခင်ကထက် ပိုမိုဆိုးဝါးလာကြောင်း ဖော်ပြထားသည်။ ထို့ပြင် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေကို ဒီထက်မကအနီးကပ် စောင့်ကြည့်ရန် လိုအပ်သည်ဟု ဖော်ပြထားပြီး ဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂညီလာခံတွင် မကြာမီ မဲခွဲ ဆုံးဖြတ်တော့မည်ဖြစ်ကြောင်း သိရသည်။ ❖

# ဒီပဲယင်းအရေးအခင်းလက်သည်တရားခံမှာ အာဏာပိုင်များသာဖြစ် ကုလသမဂ္ဂက ကော်မရှင်ဖွဲ့ စစ်ဆေးမှသာ ဆွေးနွေးပွဲများပြန်လည်ဖြစ်မြောက်မည်



မစ္စတာပင်ဟေးရိုး

**နိုဝင်ဘာ၊ (၁၃)ရက်။**

မေ(၃၀) ဒီပဲယင်းအရေးအခင်းသည် နအဖ အာဏာပိုင်များ မပါဝင်ဘဲ ဘယ်လိုမှ မဖြစ်နိုင်ကြောင်း၊ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး စုံစမ်းစစ်ဆေးရေးမှူးက ကုလသမဂ္ဂအထွေထွေညီလာခံတွင် နိုင်ငံတကာကိုယ်စားလှယ်များ ရှေ့မှောက်၌ ထုတ်ဖော်ပြောဆိုလိုက်ပြီး တွေ့ဆုံဆွေးနွေးမှုများ ပြန်လည်စတင်နိုင်ရေးအတွက် ဒီပဲယင်းကိစ္စကို ကုလသမဂ္ဂက စုံစမ်းရေးကော်မရှင်ဖွဲ့၍ ဖော်ထုတ်ပေးရန် လိုအပ်သည်ဟု ပြောဆိုလိုက်သည်။

မကြာမီရက်ပိုင်းအတွင်းက မြန်မာနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် လူ့အခွင့်အရေးကိုယ်စားလှယ်က မြန်မာနိုင်ငံတွင် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်ခေါင်းဆောင်များအား ဖမ်းဆီးထားပြီး နိုင်ငံရေးအကျဉ်းသား (၁၃၀၀)ခန့်ရှိနေကြောင်း၊ ထို့ပြင် လွတ်လပ်စွာ ထုတ်ဖော်ရေးသားခွင့်၊ စည်းရုံးလှုပ်ရှားခွင့် စသည့် အခြေခံလူ့အရေးများပင် မရှိသည့်အတွက် နအဖက ရေးဆွဲထားသည့် အချက်(၇)ချက်ပါ နိုင်ငံရေးလမ်းပြမြေပုံသည် အချည်းအနှီးသာဖြစ်နိုင်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ထို့ပြင် လူ့အခွင့်အရေးစုံစမ်းရေးမှူးက အခြေခံလူ့အခွင့်အရေးများမရှိဘဲ ကမ္ဘာ့နိုင်ငံရေး ပြောင်းလဲဖြစ်ပေါ်တာမျိုး မရှိသေးကြောင်း ပြောကြားခဲ့ပြီး၊ ယခင်က မြန်မာ့နိုင်ငံရေးအပေါ် အလားအလာကောင်းများ တွေ့နေရကြောင်း ပြောခဲ့သော်လည်း ယခု သတိရှိရှိနှင့် သံသယစိတ်ဖြင့်သာ ဆက်လက်စောင့်ကြည့်နေရသည်ဟု ပြောကြားသွားခဲ့သည်။

မစ္စတာပင်ဟေးရိုးသည် (၆)ကြိမ်မြောက် မြန်မာနိုင်ငံ ခရီးစဉ်အပြီးတွင် ကုလသမဂ္ဂအထွေထွေညီလာခံသို့ မြန်မာနိုင်ငံရေး နောက်ဆုံးအခြေအနေကို တင်ပြခဲ့ခြင်း ဖြစ်ပြီး မြန်မာပြည်လူ့အခွင့်အရေး ပိုမိုတိုးတက်လာရေးနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးတို့အတွက် နအဖအပေါ် အဓိက ဖိအားပေးနိုင်သည့်နိုင်ငံများမှာ အာရှနိုင်ငံများသာ ဖြစ်ကြောင်း ကောက်ချက်ချခဲ့သည်။ ❖

# နအဖ၏ လမ်းပြမြေပုံ ကုလသမဂ္ဂ အယုံအကြည်မရှိ အတိုက်အခံများအားလုံး ပါဝင်နိုင်မှ ဒီမိုကရေစီစနစ် ဖော်ဆောင်နိုင်မည်



မစ္စတာ ကိုဖီအာနန်

**နိုဝင်ဘာ၊ (၁၁)ရက်။**

မြန်မာနိုင်ငံကို ဒီမိုကရေစီဖော်ဆောင်နိုင်မည့် တခုတည်းသော နည်းလမ်းသည် နအဖ၏ နိုင်ငံရေးလမ်းပြမြေပုံတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးပါတီမှ ခေါင်းဆောင်များ တိုင်းရင်းသားခေါင်းဆောင်များကို ပါဝင်ခွင့်ပေးရန် ဖြစ်ကြောင်း ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ပြောဆိုလိုက်ပြီး ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းပြန်လွှတ်၍ အဓိပ္ပာယ်ရှိသည့် တွေ့ဆုံဆွေးနွေးပွဲများ အမြန်ဆုံးစတင်ရန် နအဖကို တိုက်တွန်းလိုက်သည်။

နအဖ၏ အချက်(၇)ချက်ပါ နိုင်ငံရေးလမ်းပြမြေပုံသည် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစုများအား ပါဝင်ခွင့်ပြုရန် ဖော်ပြထားခြင်းမရှိသည့်အပြင် ၎င်းတို့နှင့် တိုင်ပင်ညှိနှိုင်းခြင်းမရှိဘဲ နအဖက တဖက်သတ်ရေးဆွဲထားခြင်းဖြစ်သည့်အတွက် ထိုအစီအစဉ်ဖြင့် မြန်မာနိုင်ငံကို ဒီမိုကရေစီစနစ် ဖော်ဆောင်နိုင်လိမ့်မည် မဟုတ်ကြောင်း ၎င်းက ထုတ်ဖော်ပြောဆိုလိုက်သည်။ ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး ချက်ချင်း ပြန်လွှတ်ပေးရေးကိုလည်း ကုလသမဂ္ဂညီလာခံသို့ တင်သွင်းသည့် အစီရင်ခံစာတွင် ထည့်သွင်းတောင်းဆိုလိုက်သည်။

ကိုဖီအာနန်က ဩဂုတ်လက ကြေညာခဲ့သည့် နအဖ၏ နိုင်ငံရေးလမ်းပြမြေပုံတွင် နိုင်ငံရေးအနှစ်သာရများ ပါဝင်ခြင်း မရှိသလို ဒီမိုကရေစီစနစ် ပြောင်းလဲကျင့်သုံးရန်အတွက် အချိန်အတိအကျ သတ်မှတ်ထားခြင်းလည်း မရှိကြောင်း၊ ဒီမိုကရေစီစနစ် ဖော်ဆောင်နိုင်ရေးအတွက် တခုတည်းသော နည်းလမ်းမှာ ထိုအစီအစဉ်သည် အမှန်တကယ် အကျိုးဖြစ်ထွန်းလာလိမ့်မည်ဟု ယုံကြည်လောက်စရာဖြစ်ရန် လိုအပ်သည်ဟု ထည့်သွင်းဖော်ပြထားသည်။ ❖

# ဒီပဲယင်းအရေးအခင်းအား တရားမျှတသော စုံစမ်းရေးကော်မရှင် ဖွဲ့စည်း၍ သတင်းထုတ်ပြန်ပေးရန် မကွေးတိုင်းလူငယ်များ တောင်းဆို

**နိုဝင်ဘာ၊ (၂၂)ရက်။**

ဒီပဲယင်းလုပ်ကြံမှုနှင့်ပတ်သက်၍ တရားမျှတသော စုံစမ်းစစ်ဆေးရေး ကော်မရှင်တရပ် ဖွဲ့စည်းပေးရန်အပါအဝင် အချက်(၃)ချက်ပါ တောင်းဆိုစာတစောင်ကို မကွေးတိုင်းအတွင်းရှိ မင်းဘူး၊ သရက်၊ ပခုက္ကူ၊ မကွေးစသည့် ခရိုင်(၄)ခုမှ အဖွဲ့ချုပ်လူငယ်များ စုပေါင်းလက်မှတ်ရေးထိုးပြီး နိုဝင်ဘာ(၁၇)ရက်နေ့က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံ တိုက်ရိုက်ပေးပို့ခဲ့ကြောင်း သိရသည်။

အဆိုပါစာကို ကုလသမဂ္ဂရုံးသို့ တိုက်ရိုက်ပေးပို့ခဲ့ခြင်းဖြစ်ပြီး အတွင်းရေးမှူးချုပ် ကိုဖီအာနန်မှတဆင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ ပေးပို့ခြင်းဖြစ်သည်။ စာပါအဓိက တောင်းဆိုချက်(၃)ချက်မှာ (၁) ဒီပဲယင်းအကြမ်းဖက် လုပ်ကြံမှုနှင့်ပတ်သက်၍ တရားမျှတသော စုံစမ်းစစ်ဆေးရေး ကော်မရှင်တခု ဖွဲ့စည်းပြီး တိကျခိုင်လုံသော သတင်း ထုတ်ပြန်ပေးရန်၊ (၂) နေအိမ်အကျယ်ချုပ်ကျခံနေရသော အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များနှင့်တကွ မြန်မာပြည်အကျဉ်းထောင်အသီးသီးရှိ နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ပေးရန်နှင့်၊ (၃) ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို အမြန်ဆုံး အကောင်အထည်ဖော်ပေးရန်တို့ဖြစ်သည်။

ယခုလို မြန်မာပြည်ကြီး ဘက်ပေါင်းစုံ အကြပ်အတည်းဖြင့် ကြုံတွေ့နေရချိန်တွင် ကုလသမဂ္ဂမှ ဝင်ရောက်ဖြေရှင်းပေးနိုင်လိမ့်မည်ဟူသော ရည်ရွယ်ချက်ဖြင့် အဖွဲ့ချုပ်လူငယ်တို့မှ စာရေးတောင်းဆိုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါတောင်းဆိုစာနှင့်ပတ်သက်၍ ရေနံချောင်းမြို့နယ် အဖွဲ့ချုပ်လူငယ်တဦးဖြစ်သူ ကိုအောင်စိုးညွန့်က နအဖစစ်အုပ်က ၎င်း၏ နိုင်ငံရေးလမ်းစဉ်(၇)ချက်ကို မရရအောင် အသက်သွင်းနေချိန်တွင် မိမိတို့ဘက်ကလည်း ပြည်သူတရပ်လုံး၏ အသက်သွေးချွေးတို့ဖြင့် စတေးခဲ့ရသော ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို ဆုပ်ကိုင်ကာ အရှိန်အဟုန်မြှင့် ဆက်လက်ချီတက်သွားမည်ဖြစ်ကြောင်း ပြောဆိုသွားသည်။ ❖

# တောင်ငူလွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမြင့်၏ အယူခံလွှာပယ်ချခံရ

**နိုဝင်ဘာ၊ (၁၁)ရက်။**

ပဲခူးတိုင်း တောင်ငူမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမြင့်၏ အယူခံလွှာကို ခရိုင်တရားရုံးအပြင် တိုင်းတရားရုံးကလည်း နေ့မဆိုင်းဘဲ ထပ်မံပယ်ချလိုက်သည့်အတွက် ဗဟိုတရားရုံးသို့ ဆက်လက်အယူခံဝင်ရန် စီစဉ်နေကြောင်း သိရသည်။

ဦးအောင်စိုးမြင့်ကို ပြီးခဲ့သည့် ဩဂုတ်(၂၉)ရက်နေ့က အာဏာပိုင်များက လိုင်စင်မဲ့ယာဉ် လက်ဝယ်တွေ့ရှိမှု ပုဒ်မ ၅(၁)ဖြင့် အမှုဆင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ အခြားလိုင်စင်မဲ့ ဆိုင်ကယ်စီးသူများအား ဒဏ်ငွေရိုက်ခြင်းသာ ပြုလုပ်လေ့ရှိသော်လည်း အဖွဲ့ချုပ်ခေါင်းဆောင်တဦးဖြစ်သူ ဦးအောင်စိုးမြင့်ကိုမူ ထောင်ဒဏ်(၇)နှစ် ချမှတ်ခဲ့ပြီး အယူခံလွှာများကိုလည်း အာဏာပိုင်များက ဆက်တိုက်ပယ်ချနေသည်။

ဦးအောင်စိုးမြင့်အတွက် တင်သွင်းသည့် အယူခံလွှာကို ယခုလ(၁)ရက်နေ့က ခရိုင်တရားရုံးက ပယ်ချခဲ့ပြီးနောက် (၇)ရက်နေ့တွင် တိုင်းတရားရုံးသို့ ထပ်မံတင်သွင်းခဲ့ရာ အယူခံတင်သည့်နေ့မှာပင် တိုင်းတရားရုံးက လက်မခံဘဲ ပယ်ချခဲ့ခြင်းဖြစ်ကြောင်း ၎င်း၏ မိသားစုဝင်များက ပြောပြခဲ့သည်။

သို့ရာတွင် နောက်ဆုံးအဆင့်အနေဖြင့် ဗဟိုတရားရုံးချုပ်ထံ အယူခံလွှာ ဆက်လက်တင်သွင်းရန် စီစဉ်နေကြောင်း ပဲခူးတိုင်း အဖွဲ့ချုပ်ရှေ့နေအဖွဲ့ခေါင်းဆောင်လည်းဖြစ်၊ ပဲခူးမြို့နယ် လွှတ်တော်ကိုယ်စားလှယ်လည်း ဖြစ်သည့် ဦးမြတ်လှက ဆိုသည်။ ❖

# မကဒတ ကျောင်းသားတပ်မတော် ၁၅ နှစ်မြောက် နှစ်ပတ်လည်နေ့



မကဒတ ဒုဥက္ကဋ္ဌ ရဲဘော်မျိုးဝင်းမှ အခမ်းအနား၌ မိန့်ခွန်းပြောကြားနေစဉ်

၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက်နေ့တွင် ကျရောက်သော မကဒတ (၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားများကို ဗဟိုဌာနချုပ်(ဒေါင်းဂွင်)နှင့် တပ်ရင်းတပ်ဖွဲ့အသီးသီးတို့တွင် ကျင်းပရာ ဒေသခံပြည်သူများ၊ မဟာမိတ်တပ်ဖွဲ့ဝင်များနှင့် ကျောင်းသားတပ်မတော်ရဲဘော်များ တက်ရောက်ပြီး သဝဏ်လွှာများ ဖတ်ကြားခဲ့ကြသည်။

(၁၅)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ထုတ်ပြန်သော မကဒတ၏ သဘောထား ထုတ်ပြန်ကြေညာချက်တွင် လက်ရှိအခြေအနေနှင့် ပတ်သက်ပြီး –

“နိုင်ငံရေးတွေ့ဆုံပွဲများ ပြုလုပ်ရေး၊ ပြည်သူ့လွှတ်တော် ပေါ်ပေါက်ရေး၊ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရေးကို ပြည်တွင်းပြည်ပမှ မည်သို့ပင် တောင်းဆိုနေစေကာမူ နအဖသည် ယင်းတို့၏ အခြေအနေကို ကိုင်လှုပ်နိုင်သော အနေအထား မရှိပါက မည်သည့်ပြုပြင်ပြောင်းလဲမှုကိုမျှ လုပ်ဆောင်မည် မဟုတ်။ သို့အတွက် ထိရောက်သည့် နိုင်ငံရေး၊ စစ်ရေး၊ လူထုတိုက်ပွဲများ ဘက်ပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်ရန် အခြေအနေက တောင်းဆိုနေသည်”ဟု ရှုမြင်ခဲ့ပြီး ထို့အတွက် –

၁။ စစ်အာဏာရှင်စနစ် တရားဝင်သက်ဆိုးရှည်ရေး လုပ်ငန်းစဉ်ဖြစ်သည့် နအဖ လမ်းပြမြေပုံ(၇)ချက်အား အကောင်အထည်ဖော်သည့်လုပ်ရပ်များကို ပြည်တွင်းပြည်ပမှ ဘက်ပေါင်းစုံတိုက်ဖျက်သွားရေး၊

၂။ အထွေထွေအကြပ်အတည်းများကြားမှ လူထုတိုက်ပွဲများ၊ လူထုအုံကြွမှုများ ဖြစ်ပေါ်လာပါက နိုင်ငံရေး၊ စစ်ရေး နည်းလမ်းပေါင်းစုံဖြင့် ဝိုင်းရံထောက်ခံ အားပေးသွားရေး၊

၃။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ၊ အဲန်အယ်လ်ဒီ၊ ယူအဲန်အေ တိုင်းရင်းသားနိုင်ငံရေးပါတီများ၏ နိုင်ငံရေးလှုပ်ရှားမှုများနှင့် ပြည်တွင်းနိုင်ငံရေးအဖွဲ့အစည်းများ၏ နိုင်ငံရေးလှုပ်ရှားမှုများကို အပြည့်အဝ ဝိုင်းရံထောက်ခံပေးရေး၊

၄။ ၁၉၉၀ ပြည့် မေလရွေးကောက်ပွဲရလဒ်ကို အခိုင်အမာ ဆက်လက်စွဲကိုင်ထားရေး၊

၅။ တပ်ပေါင်းစု အဖွဲ့အစည်းများ၏ နိုင်ငံရေး၊ စစ်ရေး၊ သံတမန်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် လုပ်ဆောင်သွားရေး၊

၆။ ကုလသမဂ္ဂမှ ပိုမိုထိရောက်သည့် မြန်မာ့နိုင်ငံရေး ဆုံးဖြတ်ချက်များ ချမှတ်အကောင်အထည်ဖော်နိုင်ရေး၊ ကြားဝင်ဖြေရှင်းမှုများ ပြုလုပ်ရေးနှင့် အာဆီယံနိုင်ငံအပါအဝင် နိုင်ငံတကာအစိုးရများ၏ နအဖအပေါ် ဖိအားပေးမှုများ ဆက်လက်တိုးမြှင့်သွားရေး၊

– စသည့်လုပ်ငန်းစဉ်များ ပြုလုပ်သွားကြရန် တိုက်တွန်းတင်ပြထားပြီး မကဒတသတ္တမအကြိမ်မြောက်ညီလာခံမှ ချမှတ်ထားသော ‘လက်နက်ကိုင်တိုက်ပွဲ’နှင့် ‘လူထုတိုက်ပွဲ’ ပေါင်းစပ်ရေးလုပ်ငန်းစဉ်ကို ကြိုးစားဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားကြောင်း ဖော်ပြထားသည်။

❖

# ‘သွေးနဲ့ရေး သည့် လမ်းညွှန်မြေပုံ’ အတိုင်း မလျှော့စတမ်း ရင်ဆိုင် တိုက်ပွဲဝင်သွားမည် ခန္ဓာကိုယ်အစိတ်အပိုင်း ပေးလှူခဲ့သော ရဲဘော်များအား ဂုဏ်ပြုလွှာပေးအပ်

မကဒတ ကျောင်းသားတပ်မတော် (၁၅)နှစ်မြောက်အထိမ်းအမှတ်အဖြစ် စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနှင့် ဒီမိုကရေစီရေးအတွက် တပ်ဦးနှင့် တပ်မတော်မှ ပေးအပ်သော တော်လှန်ရေးတာဝန်များကို ဦးလည်မသုန် ထမ်းဆောင်ရင်း ခန္ဓာကိုယ်အစိတ်အပိုင်း ပေးလှူခဲ့သော ထိခိုက်ဒဏ်ရာရရဲဘော်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားများကို ဌာနချုပ် (ဒေါင်းဂွင်)၊ တပ်ရင်းတပ်ဖွဲ့များနှင့် နိုင်ငံတကာရောက် ရဲဘော်ဟောင်းများ ရှိရာဒေသများတွင် ကျင်းပခဲ့သည်။

ဗဟိုဌာနချုပ်(ဒေါင်းဂွင်)တွင် ကျင်းပသောအခမ်းအနားတွင် ဒဏ်ရာရရဲဘော်တဦးဖြစ်သော ရဲဘော်နွေအောင်မှ –

“ကျနော်တို့ဟာ တော်လှန်ရေးသစ္စာကိုခံပြီး ဖြတ်သန်းခဲ့ကြတဲ့ (၁၅)နှစ်တာခရီးမှာ ဦးတည်ချက်(၄)ရပ်အတွက် တိုက်ပွဲဝင်ခဲ့ကြပါတယ်။ ဒီတိုက်ပွဲတွေအတွင်း ရရှိခဲ့တဲ့ ဒဏ်ရာတွေအတွက် ကျနော်တို့တတွေ ကမ္ဘာမကြေသီချင်းကို သီဆိုရင်းနဲ့ ရင်ဆိုင်ခဲ့ကြတယ်။ တော်လှန်ရေးသမားတွေအတွက် ဒဏ်ရာတချက်ဟာ သတ္တိအထောင်အသောင်းကို မွေးဖွားစေပါတယ်။ ကျနော် သစ္စာပြုချင်တာက ရန်သူစစ်အုပ်စုကို တိုက်ပွဲဝင်ရင်း ဒီမိုကရေစီတော်လှန်ရေးကို ယုံကြည်ကျိုးနွံစွာ ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားတဲ့ ညီနောင်ရဲဘော်တွေရဲ့ ‘သွေးနဲ့ရေးသည့် လမ်းညွှန်မြေပုံ’အတိုင်း မတွန့်စတမ်း၊ မလျှော့စတမ်း၊ မဆုတ်စတမ်း ရင်ဆိုင်တိုက်ပွဲဝင်သွားပါမယ်လို့ တိုင်တည်သစ္စာဆိုပါတယ်”ဟု ပြောကြားခဲ့သည်။ ❖

## ○ နောက်ကျောဖုံးမှ

များအတွင်း ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့်သာ ဤမျှ လက်နက်အင်အားလူအင်အား သာလွန်သောရန်သူကို အကြီးအကျယ် အထိနာစေခဲ့ခြင်းဖြစ်ကြောင်း ကျောင်းသားတပ်မတော်မှ ပြောရေးဆိုခွင့်ရှိသူတဦး၏ အဆိုအရ သိရသည်။

အဆိုပါတိုက်ပွဲကာလအတွင်း NCUB ဒုဥက္ကဋ္ဌနှင့် NLD-LA ဥက္ကဋ္ဌကြီး ဦးတင်အောင်တို့မှလည်း ရှေ့တန်းရှိ KNLA နှင့် ABSDF တပ်မတော်သားများထံသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကာ အားပေးဂုဏ်ပြုခဲ့ကြောင်း သတင်းများအရ သိရှိရသည်။

ရန်သူနအဖတို့၏ ယခုအကြိမ် ထိုးစစ်သည် ၁၉၉၅ မာနယ်ပလောစစ်ပွဲကြီးအပြီး အပြင်းထန်ဆုံးသောစစ်ပွဲဖြစ်ကြောင်း စစ်ရေးသုတေသီတို့က ဆိုသည်။ ဤစစ်ပွဲတွင် နအဖစစ်တပ်မှ အကြီးအကျယ်အထိနာရခြင်း၏ အဓိကအကြောင်းရင်းမှာ KNLA နှင့် ABSDF တို့ ကျင့်သုံးသော ပြောက်ကျားသေနင်္ဂဗျူဟာ မှန်ကန်မှုကြောင့်ဖြစ်ကြောင်း စစ်ရေးလေ့လာသူများက သုံးသပ်ထားသည်ဟု သတင်းများအရ သိရှိရသည်။ ❖

# မီးစတဖက် ရေမှုတ်တဖက် ပေါ်လစီ နအဖကျင့်သုံး ကရင်ပြည်နယ်အတွင်း ထိုးစစ်များပြင်းထန်နေစဉ် ကရင်ခေါင်းဆောင်များထံ ဗိုလ်စန်းပွင့် လာတွေ့



ဗိုလ်စန်းပွင့်

**နိုဝင်ဘာ၊ (၂၆)ရက်။**

နအဖ ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်စန်းပွင့်သည် ကရင်အမျိုးသားအစည်းအရုံး ခေါင်းဆောင်များဖြစ်သည့် ဗိုလ်ချုပ်ကြီးတာမလာဘော၊ စောဒေးဗစ်တာကပေါတို့နှင့် နိုဝင်ဘာလ(၂၂–၂၃)ရက်နေ့များတွင် ထိုင်းနိုင်ငံ မဲဆောက်မြို့၌ လာရောက်တွေ့ဆုံခဲ့သည်ကြောင်း သတင်းရရှိသည်။

ကရင်ခေါင်းဆောင်များနှင့် တွေ့ဆုံစဉ် ဗိုလ်စန်းပွင့်က နအဖလမ်းပြမြေပုံနှင့် အမျိုးသားညီလာခံကိစ္စ ရှင်းပြရန် လာရောက်ခြင်းဖြစ်ပြီး အကယ်၍ ကေအဲန်ယူနှင့် နအဖ တွေ့ဆုံဆွေးနွေးပွဲများ ပြန်လည်စတင်ပါက နအဖက ကြိုတင်စည်းကမ်းသတ်မှတ်ချက်များ ထားရှိမည် မဟုတ်ကြောင်း ကတိပေးခဲ့သည်ဟု သိရသည်။

ကရင်ခေါင်းဆောင်များကမူ ဗိုလ်စန်းပွင့် လာရောက်ရှင်းပြသည်ကို နားထောင်ခြင်းသာဖြစ်ကြောင်း၊ ဘာမျှ ပြန်လည်ပြောကြားခြင်း မရှိသေးကြောင်း၊ ကျန်ကိစ္စကို ကေအဲန်ယူခေါင်းဆောင်များအတွင်း အကြေအလည် ညှိနှိုင်းဆွေးနွေးရဦးမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ယခုတွေ့ဆုံမှုသည် နအဖနှင့် ကေအဲန်ယူကြား အနေအထားပြောင်းလဲမှုတရပ်အဖြစ် သတ်မှတ်နိုင်သည်ဟု ကေအဲန်ယူ ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

နိုဝင်ဘာ(၂၅)ရက်နေ့တွင် ကရင်ပြည်နယ် ကျောက်လှပ်ဒေသရှိ ကေအဲန်ယူတပ်များသို့ နအဖမှ စစ်ကြောင်း(၂)ကြောင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ တချိန်တည်းတွင် တပ်မဟာ(၇)နယ်မြေ ကဆော၀ါး၊ ကီးလားဟေးနှင့် ကေအဲန်အယ်လ်အေ တပ်ရင်း(၂၀၂)သို့ နအဖစစ်တပ်နှင့် ဗိုလ်ချစ်သူ ခေါင်းဆောင်သော ဒီကေဘီအေ (၉၉၉) တပ်ရင်းတို့မှ ထိုးစစ်ဆင်တိုက်ခိုက်လာသည်ဟု ခိုင်လုံသောသတင်းများအရ သိရှိရသည်။

နအဖက မီးစတဖက် ရေမှုတ်တဖက် ပေါ်လစီကို ကျင့်သုံးကာ ကရင်များအား အိမ်ကြက်ချင်း အိုးမဲသုတ်၍ ခွပ်ခိုင်းနေသည်ဟု အမည်မဖော်လိုသော ကေအဲန်အယ်လ်အေ တပ်မှူးတဦးက မိုးကြိုးသို့ ထုတ်ဖော်ပြောကြားခဲ့သည်။ နအဖက (Divide and Rule) သွေးခွဲအုပ်ချုပ်သောနည်းလမ်းဖြင့် ကေအဲန်ယူအား ဖြိုခွဲရန် လုပ်ဆောင်နေသည်ဟု မိမိတို့ သံသယရှိကြောင်းကိုလည်း ကေအဲန်ယူအရာရှိတဦးက ပြောကြားခဲ့သည်။ ❖

# မကဒတ ကျောင်းသားတပ်မတော် စစ်ရေး၊ နိုင်ငံရေးမွမ်းမံသင်တန်းကျင်းပ

မကဒတ ကျောင်းသားတပ်မတော်၏ နိုင်ငံရေး၊ စစ်ရေးမွမ်းမံသင်တန်း ၁/၂၀၀၃ အား ဗဟိုဌာနချုပ်(ဒေါင်းဂွင်)တွင် ၂၀၀၃ ခုနှစ် အောက်တိုဘာလ(၆)ရက်နေ့မှ နိုဝင်ဘာလ (၁)ရက်နေ့အထိ ကျင်းပခဲ့ပြီး သင်တန်းတွင် သဘောတရားရေးဘာသာ၊ စစ်ရေးပြဘာသာ၊ စစ်ဘက်ခေါင်းဆောင်မှုပညာ၊ စစ်ဗျူဟာဘာသာ၊ အခြေခံဆက်သွယ်ရေးဘာသာ၊ အခြေခံဆေးပညာဘာသာ၊ အခြေခံမိုင်းဘာသာ၊ အခြေခံမြေပုံဖတ်ဘာသာများအား မကဒတတပ်ဖွဲ့ဝင် တာဝန်ရှိသူများမှ ပို့ချပေးခဲ့ကြသည်။

သင်တန်းဆင်းပွဲတွင် မကဒတ စစ်ကော်မရှင်အတွင်းရေးမှူး ရဲဘော်ဆန်နီမှ “ကျွန်တော်တို့ မကဒတ ကျောင်းသားတပ်မတော်ဟာ ပြီးခဲ့တဲ့ ညီလာခံမှ လက်နက်ကိုင်တိုက်ပွဲနှင့် လူထုတိုက်ပွဲ ပေါင်းစပ်အောင်ပွဲခံရေး လတ်တလော လုပ်ငန်းစဉ်တရပ် ချမှတ်ပြီးတဲ့နောက် လုပ်ငန်းများ အကောင်အထည်ပေါ်ရေးအတွက် အထူးတိုးမြှင့်ဆောင်ရွက်လျက် ရှိနေကြောင်း” ပြောကြားသွားခဲ့သည်။ ❖



မကဒတ ရဲဘော် သင်တန်းသားများ



နိုင်ငံခြားသား လေးယောက်စလုံး တညီတညွတ်တည်း မေးကြတဲ့မေးခွန်းကတော့ ဒီစာရေးဆရာမကြီးကို ဘာ့ကြောင့် လူတွေ ဒါလောက် ချစ်ခင်လေးစားနေကြတာလဲ ဆိုတာဖြစ်တယ်။ နိုင်ငံခြားသားတွေသာ မဟုတ်ပါဘူး။ တချို့ မြန်မာလူမျိုးတွေလည်း ဒီအချက်ကို နားမလည်နိုင်အောင် ဖြစ်ကြပါတယ်။ ဝါဒအစွဲအခံရှိတာကြောင့် ဝါဒတူတွေ အချင်းချင်းက ဝိုင်းမြှောက်နေကြတာလား၊ ဒါ မဟုတ်ပါဘူး။ ဆရာမကြီးရဲ့ မွေးနေ့အခမ်းအနားကို နှစ်စဉ် မပျက်မကွက် တက်ရောက်လာကြသူတွေဟာ အယူဝါဒမျိုးစုံ နောက်ခံရှိသူတွေပါ။

# အမေရိကန်မလေး လက်အုပ်ချီတတ်သွားပြီ

နိုဝင်ဘာ(၂၉)ရက်နေ့တွင် ကျရောက်သည့် သတင်းစာဆရာ၊ စာရေးဆရာမကြီး အမေလူထုဒေါ်အမာ၏ (၈၈)နှစ်မြောက် မွေးနေ့အထိမ်းအမှတ် ဂါဝရပြုဆောင်းပါးဖြစ်ပါသည်။ ဆောင်းပါးရှင်အမည်ကို ဖော်ပြနိုင်ခြင်းမရှိသည့်အတွက် မိုးကြိုး သတင်းစဉ် ပရိသတ်များ နားလည်ခွင့်လွှတ်နိုင်လိမ့်မည်ဟု မျှော်လင့်မိပါသည်။

အယ်ဒီတာအဖွဲ့

**နိုဝင်ဘာ ၂၈ ရက် ညနေခင်း။**
**မန္တလေးမြို့ ....**

အပြင်ထွက်ရာက ဒေါ်ဒေါ် လူထုဒေါ်အမာ ခေတ္တနေထိုင်ရာ ၃၂ လမ်း၊ သမီးကြီး ဒေါက်တာဒေါ်သန်းရင်မာရဲ့ အိမ်ရှေ့ ကားထိုးရပ်လိုက်တော့ အိမ်ပေါက်ဝမှာ အထုတ်အပိုးကိုယ်စီနဲ့ လူဆယ့်လေးငါးယောက် အစုအဝေးကို တွေ့လိုက်ရတယ်။ အမှတ်တမဲ့ဆိုတော့ ဘာတွေပါလိမ့်လို့ တအံ့တဩ ဖြစ်သွားတယ်။ သူတို့ အထဲဝင်သွားပြီးမှ နောက်ကလိုက်ဝင်သွားတော့ ပိုပြီး အံ့ဩစရာမြင်ကွင်းကို တွေ့ရတယ်။

အိမ်ထဲဝင်သွားသူတွေအားလုံး သမံတလင်းပေါ် ဆောင့်ကြောင့်ကလေးတွေထိုင်ပြီး ဒေါ်ဒေါ်ကို ကန်တော့နေကြတာ တွေ့လိုက်ရတယ်။ ဒီတော့မှ အဝေးကလာတဲ့ စာသမားတွေပါလားလို့ သိလိုက်ရတယ်။ အတူလိုက်ပါလာတဲ့ နိုင်ငံခြားသူနှစ်ဦးက ဘာလုပ်နေတာလဲလို့ မေးချင်ဟန် မျက်လုံးလေးတွေအဝိုင်းသားနဲ့ စိုက်ကြည့်နေကြတယ်။ နယ်က အခုပဲရောက်လို့ အဝေးပြေးကားပေါ်က ဆင်းဆင်းချင်း လာပြီး နှုတ်ဆက်ကြတာလို့ ပြောပြရတယ်။ ကလေးမ နှစ်ယောက်က ဒေါ်ဒေါ်အကြောင်းတွေ ကြားဖူးပြီးသားမို့ ချက်ချင်းသဘောပေါက် နားလည်သွားကြတယ်။

သူတို့ နားမလည်နိုင်လောက်အောင် တအံ့တဩဖြစ်သွားရတာက နောက်တနေ့ နိုဝင်ဘာ ၂၉ ရက်နေ့ပါ။ တောင်တမန်အင်းစောင်းက တောင်လေးလုံးကျောင်းတိုက်ထဲမှာ ၁၀၀၀ ထက်မနည်း ရှိတဲ့လူတွေ ရုံးစုရုံးစုနဲ့ ဖြစ်နေကြတာ တွေ့လိုက်ရတော့ ဘယ်လိုမှ မယုံနိုင်လောက်အောင် အံ့အားသင့်သွားကြတယ်။ ဒီကလေးမ နှစ်ယောက်အပြင် ဒီမွေးနေ့ပွဲတက်ဖို့ ဘယ်လ်ဂျီယန်နိုင်ငံက ရောက်လာကြတဲ့ နိုင်ငံခြားသား မောင်နှမနှစ်ယောက်လည်း ပါသေးတယ်။ သူတို့လေးယောက်စလုံး အံ့ဩကြလွန်းလို့ အံ့ရော အံ့ရောလို့ နှုတ်က တဖွဖွ ရွတ်နေကြတယ်လေ။ စင်္ကာပူမှာ မဟာဝိဇ္ဇာတန်းတက်ရင်း ရန်ကုန်ရောက်လာတဲ့ ကိုရီးယားမလေးကလွဲရင် ကျန်သုံးယောက်မှာ တယောက်က ဘယ်လ်ဂျီယန်နိုင်ငံမှာနေပြီး ကျန်နှစ်ယောက်က အမေရိကန်မှာနေကြတဲ့ အနောက်နိုင်ငံသားတွေလေ။

မန္တလေးက စာရေးဆရာမကြီး၊ သတင်းစာဆရာမကြီး လူထုဒေါ်အမာဆိုတဲ့ အမည်ကို နိုင်ငံခြားမှာကတည်းက သူတို့ ကြားဖူးနေကြပါတယ်။ ဒါပေမယ့် မြန်မာပြည်တန်တလျားက လူကြီးလူငယ် ယောကျ်ားမိန်းမတွေ ခုလောက် အများကြီး စုဝေးရောက်ရှိလာကြလိမ့်မယ်လို့ သူတို့ တွေးထင်မထားမိကြဘူး။ လူတွေကို ဓာတ်ပုံလိုက်ရိုက်ကြ၊ စကားလိုက်ပြောကြနဲ့ သူတို့လည်း ပျော်နေကြလေရဲ့။ အမေရိကန်မလေးနဲ့ ကိုရီးယားမလေးဆို ဦးပိန်တံတားကြီးပေါ် သွားပြီး လမ်းလျှောက်ပါလားလို့ အဖော်နဲ့ လွှတ်လိုက်တာတောင် တံတားထိပ်က ရပ်ကြည့်ရုံ ကြည့်ပြီး ချက်ချင်းပြန်လှည့်လာကြတယ်။ မွေးနေ့ပွဲလာတဲ့ လူတွေက တံတားကြီးထက် ပိုပြီး စိတ်ဝင်စားဖို့ ကောင်းတယ်တဲ့။ စာရေးဆရာ၊ စာရေးဆရာမလေးတွေနဲ့ မိတ်ဆက်စကားတွေပြောကြ၊ ဓာတ်ပုံ တွဲရိုက်ကြနဲ့ ဖျာခင်းပြီး စားပွဲဝိုင်းမှာ ကျွေးတဲ့ နာမည်ကျော် တောင်လေးလုံး ထမင်းဟင်းများကိုလည်း မြိန်ရည်ရှက်ရည် စားကြသေးတယ်လေ။

နိုင်ငံခြားသား လေးယောက်စလုံး တညီတညွတ်တည်း မေးကြတဲ့မေးခွန်းကတော့ ဒီစာရေးဆရာမကြီးကို ဘာ့ကြောင့် လူတွေ ဒါလောက် ချစ်ခင်လေးစားနေကြတာလဲဆိုတာ ဖြစ်တယ်။ နိုင်ငံခြားသားတွေသာ မဟုတ်ပါဘူး။ တချို့ မြန်မာလူမျိုးတွေလည်း ဒီအချက်ကို နားမလည်နိုင်အောင် ဖြစ်ကြပါတယ်။ ဝါဒအစွဲအခံရှိတာကြောင့် ဝါဒတူတွေအချင်းချင်းက ဝိုင်းမြှောက်နေကြတာလား၊ ဒါမဟုတ်ပါဘူး။ ဆရာမကြီးရဲ့ မွေးနေ့အခမ်းအနားကို နှစ်စဉ် မပျက်မကွက် တက်ရောက်လာကြသူတွေဟာ အယူဝါဒမျိုးစုံ နောက်ခံရှိသူတွေပါ။ တို့ဗမာအစည်းအရုံးခေတ်က သခင်လက်ဟောင်းကြီးတွေ ပါသလို၊ နယ်ချဲ့နဲ့ ဖက်ဆစ်ဆန့်ကျင်ရေးကာလက မိတ်ဟောင်းဆွေဟောင်းတွေလည်း ပါပါတယ်။ တခေတ်တခါက ကျောင်းသားခေါင်းဆောင် ဖြစ်ခဲ့ဖူးသူတွေ ပါသလို၊ ဖဆပလ တည်မြဲ သန့်ရှင်းဟောင်းတွေလည်း ပါပါတယ်။ မဆလခေတ် လမ်းစဉ်လူငယ်တို့ ဘာတို့မှာ တက်ကြွခဲ့သူတွေလည်း ပါပါတယ်။ ဗုဒ္ဓဘာသာဝင် ရဟန်းသံဃာတွေလည်း တက်ရောက်သလို အင်္ဂလီကန်ဂိုဏ်း သာသနာပိုင်ဆရာတော် အင်ဒရူးမြဟန်လည်း တက်လေ့ရှိပါတယ်။

အရောင်အသွေးကြောင့် မဟုတ်ဘူးဆိုတော့ ငွေကြေးကြောင့်လား၊ ဩဇာအာဏာ နောက်ခံ ကောင်းလို့လား၊ ဒါတွေလည်း မဟုတ်ပါဘူး။ ခုခေတ်မဆိုထားနဲ့ ဟိုဖက်တခေတ်က မန္တလေးမှာတောင် သူဌေး သူကြွယ် စာရင်းဝင် မဖြစ်ခဲ့ဖူးပါဘူး။ အာဏာနောက်ခံဆိုတာလည်း ဘယ်တုန်းကမှ မရှိခဲ့ဖူးရုံမက အင်္ဂလိပ်ခေတ်၊ ဂျပန်ခေတ်၊ ဖဆပလခေတ်၊ မဆလခေတ်စတဲ့ ခေတ်အဆက်ဆက်တွေမှာ အငြိုအငြင်ခံရတဲ့ဖက်ကချည်း ရှိခဲ့တာပါ။

ဒါဖြင့်ရင် ဘာကြောင့်လဲ....။

နှလုံးလှလို့ပါလို့ တိုတိုပြောပါမယ်။ ဒီဆရာမကြီးရဲ့ ဘဝသက်တမ်းတလျှောက်ကို ပြန်သုံးသပ်ကြည့်မယ်ဆိုရင် ဒီအချက်ကို ထင်ထင်ရှားရှား တွေ့မြင်ရမှာ ဖြစ်ပါတယ်။ ဘယ်ခေတ် ဘယ်အခါရောက်ရောက် စာရေးဆရာမကြီးနဲ့ သူ့ကလောင်ဟာ မျက်နှာမွဲများ (Underdogs)ဘက်ကချည်း မားမားမတ်မတ်ရပ်လာခဲ့တာပါ။ ကိုယ့်သတင်းစာနဲ့ ကိုယ့်မိသားစု အကြိမ်ကြိမ်အခါခါ ဘေးရန်တွေ ကပ်ငြိခဲ့လည်း ဒီရပ်တည်ချက်ကို ပြောင်းပစ်ပြီး ခေတ်ရေစီးကြောင်းနဲ့ လိုက်လျောညီထွေ မကျင့်ကြံခဲ့ပါဘူး။ ဒီအတွက် တန်ဖိုးတွေလည်း အများကြီး ပေးခဲ့ရတာပါ။

ဒီဆရာမကြီးကို နာမည်နဲ့လိုက်အောင် စိတ်ဓာတ်မာကျောတယ်လို့ အထင်ရောက်ကြပါတယ်၊ ဒါ မမှန်ပါဘူး။ တကယ်က ဆရာမကြီးရဲ့စိတ်ဟာ အင်မတန် သိမ်မွေ့နူးညံ့ပျော့ပျောင်းပါတယ်။ သူချစ်တဲ့ မြို့မငြိမ်းအကြောင်း၊ ကျားဘငြိမ်းအကြောင်း၊ ပေါ်ဦးသက်အကြောင်း စတဲ့ ရှေးဟောင်းနှောင်းဖြစ်တွေများ ပြောပြီးဆိုရင် မျက်ရည်ကလေးတစမ်းစမ်းနဲ့ပါ။ မြို့မငြိမ်း ကွယ်လွန်ပြီးနောက် ရေးလိုက်တဲ့စာတပုဒ်ဟာ မြန်မာစာပေလောကမှာ ပြောစမှတ်ဖြစ် ကျန်ရစ်ရုံမက ဒေါ်အမာ အလွမ်းစာ သိပ်အရေးကောင်းတယ်လို့တောင် နာမည်တွင်သွားတာပါ။

ကိုယ်တွေ့ဖြစ်ရပ်လေးတခု ဖောက်သည်ချပါရစေ။ ခြောက်ဆယ်ဦးပိုင်းလောက်က အဖြစ်ကလေးပါ။ လူထုသတင်းစာတိုက်မှာ ကိုယ်ပိုင်ဘလောက်လုပ်ငန်းဌာန ရှိပါတယ်။ တခါမှာ ရန်ကုန်က ပို့လိုက်တဲ့ ဘလောက်ဌာနသုံး အက်ဆစ်အိုးကြီးတွေ ရောက်လာပါတယ်။ အဲဒီခေတ်က အက်ဆစ်တွေကို စဉ့်အိုး (တစ်လယ်ဝင်)ထဲ ထည့်၊ ထင်းရှူးပုံးကြီးထဲ ကောက်ရိုးတွေခံပြီး သင်္ဘောတင်ပါတယ်။ အဲဒီအိုးကြီးတွေကို လူလေးယောက် တုတ်နဲ့လျှိုထမ်းရာမှာ မတော်တဆလွတ်ကျပြီး "ဗွမ်း"ခနဲ ကွဲထွက်သွားပါတယ်။ အိုးလွတ်အကျမှာ နောက်က ထမ်းတဲ့ ဘလောက်ဆရာ ကိုသန်းမောင်က ဒူးထိုးပြီးခံလိုက်တာကြောင့် သူ့တကိုယ်လုံး အက်ဆစ်တွေ လောင်ပြီး တွန့်တွန့်လူး ဖြစ်သွားရှာပါတယ်။ ချက်ချင်း အရေပြားတွေ လန်ပြီး ပူရှာလွန်းလို့ စွေ့စွေ့ခုန်ပါတယ်။ ဆေးရုံပို့ဖို့ ကားစောင့်နေတုန်း အသင့်ရှိတဲ့ လိမ်းဆေးတွေနဲ့ ဒေါ်ဒေါ်က ကိုသန်းမောင် ဘေးမှာ ဆောင့်ကြောင့်ကလေးထိုင်ပြီး လိမ်းပေးပါတယ်။ ဆေးရည်တွေ လောင်းချနေရင်းက ဒေါ်ဒေါ် မျက်ရည်တွေ စီးကျလာပါတယ်။ သူ့ခြေရင်းမှာ ဆောင့်ကြောင့်ကလေးထိုင်နေတဲ့ ဒေါ်ဒေါ့်ကို အက်ဆစ်လောင်သူက ပြန်သနား အားနာဖြစ်ပြီး သိပ်ကိစ္စမရှိပါဘူး ဒေါ်ဒေါ်ရဲ့၊ ဘာမှမဖြစ်ပါဘူး ဒေါ်ဒေါ်ရဲ့နဲ့ ပြန်အားပေးစကား ပြောရပါတယ်။ ဒေါ်ဒေါ့်နှလုံးသားက အဲဒီလောက် နူးညံ့တာပါ။

နိုင်ငံခြားသားတွေကတော့ အံ့ရော၊ အံ့ရောနဲ့ ရေရွတ်လို့ မပြီးနိုင်တော့ပါဘူး။ စာရေးဆရာတယောက်ကို ဒါလောက်အထိ ဝိုင်းချစ်၊ ဝိုင်းလေးစားပြီး ရှိခိုးဦးချ လုပ်ကြတာမျိုး သူတို့အနောက်နိုင်ငံတွေမှာ ဘယ်ကြုံဖူးမှာလဲ။ သူတို့ဆီမှာကတော့ ပုဂ္ဂိုလ်တဦးတယောက် ကွယ်လွန်သွားပြီးဆိုရင် အလွန်ဆုံး လုပ်လေ့ရှိတာက အဲဒီ ပုဂ္ဂိုလ်ရဲ့ ရုပ်ထုပြုလုပ်ပြီး ပြထားတာလောက်သာ ရှိတာ မှတ်လား။ ဒါတောင် အဲဒီပုဂ္ဂိုလ်ကို ဂုဏ်ပြုတာထက်၊ ဒီပုဂ္ဂိုလ်မျိုး ဒို့မြို့ ဒို့ရွာ၊ ဒို့နိုင်ငံက ထွက်တာဟေ့လို့ ဝင့်ကြွားချင်တဲ့ စိတ်က ခပ်များများပါ။ တချို့က ဒီပုဂ္ဂိုလ်ကြီးများရဲ့ ပစ္စည်းတွေကို ပြတိုက်လုပ်ပြီး ပြစားကြသေးတယ်လေ။ ကမ္ဘာဟာ ရွာကြီး ဖြစ်နေပြီတို့၊ ဘာတို့ ဘယ်လောက်ပဲ ပြောပြော အရှေ့ဟာ အရှေ့၊ အနောက်က အနောက်ပါပဲ။ သူတော်ကောင်းမကြီး မာသာထရီဇာ အိန္ဒိယမှာ ကွယ်လွန်သွားတော့ အိန္ဒိယတနိုင်ငံလုံး၊ ဟိန္ဒူ၊ မူဆလင် မကွဲမပြား လာရောက်ငိုယိုကြ၊ ဦးခိုက်ကြတာမျိုး အနောက်နိုင်ငံမှာသာ ကွယ်လွန်ခဲ့ရင် ရှိနိုင်ပါ့မလား။

ကွယ်လွန်သူ မာသာထရီဇာကို သူတော်စင် (စိန့်)အဖြစ် ကြေညာပေးဖို့ ပုပ်ရဟန်းမင်းကြီးကို တကမ္ဘာလုံးရှိ ဘရင်ဂျီဘာသာဝင်တွေက ဝိုင်းပြီး တောင်းဆိုကြတာတောင် နှစ်ပေါင်းများစွာကြာတဲ့အထိ ကြေညာမပေးခဲ့ပါဘူး။ စည်းမျဉ်းစည်းကမ်းဆိုတာတွေ ထောက်ပြပြီး အချိန်ဆွဲထားခဲ့ပါတယ်။ ဟိန္ဒူနဲ့ မူဆလင်တွေအနေများတဲ့ အိန္ဒိယနိုင်ငံကသာ ပေးခွင့်ရှိမယ်ဆိုလို့ကတော့ (စိန့်)အဖြစ်တောင်မက နတ်ဘုရားမ (Goddess)အဖြစ်တောင် နေ့ညမဆိုင်း သတ်မှတ် ကြေညာပေးလိမ့်မယ်လို့ ယုံကြည်မိတယ်။

လူ့တန်ဖိုး၊ လူ့တန်ဖိုးနဲ့ ဘယ်လိုပဲ အော်နေ အော်နေ၊ လူကို အမှန်တကယ် တန်ဖိုးထား လေးစားတာမျိုး အခု မြန်မာပြည်ရောက်မှ တွေ့ဖူးပါတယ်ရဲ့ အမေရိကန် သတင်းစာဆရာမလေးက ဆိုပါတယ်။ ဒီအကြောင်းတွေကို အမေရိကန်လူမျိုးတွေ သိအောင် အစွမ်းကုန် ကြိုးစားပါမယ်လို့လည်း ကတိပြုသွားပါတယ်။ ဒီမွေးနေ့ပွဲကို ရောက်အောင် ပို့ပေးတဲ့အတွက် ကျေးဇူးတင်လို့ မဆုံးနိုင်တော့ပါဘူးလို့လည်း ပြန်ခါနီး လက်အုပ်ကလေးချီ နှုတ်ဆက်ရင်း တဖွဖွပြောသွားပါတယ်။

ဘာပဲဖြစ်ဖြစ် အမေရိကန်မလေး တယောက်တော့ဖြင့် လက်အုပ်ချီမိုး ရှိခိုးကန်တော့တတ်သွားပါပြီ။

❖



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# ၂၀၀၇ ခုနှစ် အောက်တိုဘာလအတွင်းဖြစ်ပွားခဲ့သည့် ဘာသာရေးအရေးအခင်းများနှင့် စပ်လျဉ်း၍ ဗုဒ္ဓဘာသာဆရာတော်တပါးနှင့် မွတ်ဆလင်ဘာသာရေးခေါင်းဆောင်တဦးအား မိုးကြိုးမှ တွေ့ဆုံမေးမြန်းခြင်း



ဆရာတော် အရှင်ခေမာစာရ

**မေး။** ။ ပြီးခဲ့တဲ့လက ဖြစ်ပွားခဲ့တဲ့ မွတ်ဆလင်–ဗုဒ္ဓဘာသာကိစ္စတွေအပေါ် အရှင်ဘုရားရဲ့ အမြင်နဲ့ ယူဆချက်ကို ရှင်းပြပေးပါ။

**ဖြေ။** ။ ဦးပဉ္ဇင်းတို့က နှစ်ပိုင်းမြင်တယ်။ တပိုင်းက လူထုအတွင်းမှာရှိနေတဲ့ ဘာသာရေးအရ တင်းမာမှုပါ။ ဒါက ဖြစ်ရိုးဖြစ်စဉ်ပါ။ ဘယ်လူ့အဖွဲ့အစည်းမှာမဆို အနည်းနဲ့အများ ရှိနေတတ်ပါတယ်။ ဒါက အဓိကမဟုတ်ပါ။ အဓိကက ဒုတိယပိုင်းဖြစ်ပါတယ်။ အာဏာရှင်တွေဟာ လက်ရှိနိုင်ငံရေးအကြပ်အတည်းက ထွက်ဖို့ ဒီဘာသာရေး တင်းမာမှုကို အသုံးချခဲ့တယ်။ ဒါကြောင့် အခြေအနေတွေ ပိုဆိုးသွားတယ်လို့ မြင်ပါတယ်။

**မေး။** ။ စစ်အစိုးရက သူ့ထွက်ပေါက်အတွက် ဘာသာရေးကို အသုံးချတာနဲ့ပတ်သက်ပြီး ဦးပဉ္ဇင်းသိထားသမျှ အချက်အလက်တချို့ ရှင်းပြပေးပါ။

**ဖြေ။** ။ အစိုးရမှာ သာသနာထွန်းကားပြန့်ပွားရေး(သထပ)ဆိုပြီး ဖွဲ့ထားတယ်၊ ကမ္ဘာအေးမှာ ရုံးစိုက်ထားတယ်။ ဒီအဖွဲ့ကို ထောက်လှမ်းရေးက ကြိုးကိုင်ထားတာဖြစ်တယ်။ သထပတံဆိပ်တွေ ထုတ်ပေးထားတယ်။ သာသနာ့ဝန်ထမ်းကဒ်ပုံစံမျိုး၊ အဲ့ဒီကဒ်က သာသနာ့ဝန်ထမ်းကဒ်ထက်ကို ပါဝါရှိတယ်။ ပန်းရောင်နဲ့ အဖြူရောင်ကဒ်တွေ ထုတ်ပေးထားတယ်။ အဓိကအားဖြင့် ဒုလ္လဘတွေ၊ ထောက်လှမ်းရေးဌာနက စစ်ထွက်တွေ၊ နာမည်ကြီးနေတဲ့ ကြံ့ဖွံ့တို့ ပြည်စွမ်းအားတို့ကို ဒီကဒ်တွေ ထုတ်ပေးထားတယ်။

**မေး။** ။ ဘာသာရေးပဋိပက္ခနဲ့ပတ်သက်ပြီး ဗုဒ္ဓဝါဒရဲ့သဘောထားကို ရှင်းပြပေးပါ။

**ဖြေ။** ။ ဗုဒ္ဓဘာသာဝင်များကတော့ မိမိဘာသာကို မိမိမြတ်နိုးပြီး၊ သူတပါးရဲ့ဘာသာကိုလည်း လေးစားဖို့ပါပဲ။ မြတ်စွာဘုရား ပွင့်တယ်ဆိုတာဟာ လူတွေရဲ့အကျိုးစီးပွားအတွက် လောကချမ်းသာ၊ လောကီချမ်းသာ၊ လောကုတ္တရာချမ်းသာ၊ ဒီချမ်းသာ(၃)ရပ်ကို တည်ဆောက်ဖို့အတွက် ဘုရားဖြစ်လာတယ်။ ဦးပဉ္ဇင်းတို့ ဗုဒ္ဓဘာသာဝင်တရပ်လုံးကလည်း ဒီရည်မှန်းချက်အရ ဗုဒ္ဓဘာသာကို ကိုးကွယ်တာဖြစ်တယ်။ ဦးပဉ္ဇင်းတို့ကတော့ ဘာသာရေး ပဋိပက္ခကို လုံးလုံး မလိုလားပါဘူး။

**မေး။** ။ လက်ရှိအစိုးရရဲ့ ဒီကိစ္စအပေါ်မှာ အရေးယူဆောင်ရွက်မှုကိုကော အရှင်ဘုရား ဘယ်လိုမြင်ပါသလဲ။

**ဖြေ။** ။ မန္တလေးမှာ (၂၇–၁၀–၂၀၀၃) ညနေမှာ ၃၅ လမ်းနဲ့ ၃၈ လမ်းမှာ ဆန္ဒပြမှုတွေဖြစ်တယ်။ အဲ့ဒီဆန္ဒပြပွဲမှာ အစိုးရက သံဃာတော်တွေကို ပစ်ခတ်တာတွေ ရှိတယ်။ သံဃာတွေက မွတ်ဆလင် ဆန့်ကျင်ရေး လုပ်တာ မဟုတ်ဘူး။ မွတ်ဆလင်ဘာသာဝင်တွေရဲ့ပစ္စည်းကို လုယက်ဖျက်ဆီးတာလဲ မဟုတ်ဘူး။ အစိုးရအဆောက်အဦးတွေ ဖျက်ဆီးတာလဲ မရှိဘူး။ တောင်းဆိုတာက ဖမ်းဆီးခံရတဲ့ သံဃာတွေ လွတ်မြောက်ရေးပဲ။ ပစ်တာခတ်တာလုပ်တော့ ဒဏ်ရာရတဲ့ သံဃာတွေရှိတယ်။ အသက်ဆုံးရှုံးသွားတဲ့ သံဃာတွေ ရှိတယ်။ ဦးပဉ္ဇင်းတို့သံဃာထုထဲမှာ ဒါဟာ အစိုးရက ဖောက်ခွဲလိုက်တာဖြစ်တယ်။ အခြေအနေက ပိုဆိုးလာတယ်။ (၃၀–၁၀–၂၀၀၃)မှာ ခရမ်းမှာ ဖြစ်တယ်။ စမ်းချောင်းမှာ ဆက်ဖြစ်တယ်။ ရွာမ ပရိယတ္တိစာသင်တိုက်မှာ (၂–၁၁–၂၀၀၃)မှာ ဖြစ်တယ်။ တောင်ဥက္ကလာမှာ ဆက်ဖြစ်တယ်။ ကျယ်ကျယ်ပြန့်ပြန့် ဆက်ဖြစ်လာတယ်။ ဒါဟာ အစိုးရက သံဃာတွေအပေါ်မှာ မတရားဖန်တီးပြီး အစီအစဉ်ရှိရှိ နှိမ်နင်းတဲ့အတွက်ကြောင့် ပိုဆိုးလာတယ်လို့ ဦးပဉ္ဇင်း နားလည်တယ်။ သံဃာတွေရဲ့ မြှားဦးက နိုင်ငံရေးဘက်ကို ရောက်သွားတယ်။

**မေး။** ။ နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့ရဲ့ ဆောင်ရွက်မှုကို ဘယ်လိုမြင်ပါသလဲ။

**ဖြေ။** ။ နိုင်ငံတော် သံဃာ့မဟာနာယကအဖွဲ့က ညမထွက်ရအမိန့် (၃)ကြိမ် ထုတ်တယ်။ အဓိကအားဖြင့်တော့ နိုင်ငံရေးကိစ္စဖြစ်တဲ့ ညမထွက်ရအမိန့်ကို ထုတ်ခွင့်မရှိပါဘူး။ မေတ္တာရပ်ခံဖို့ပဲ ရှိတယ်။ သံဃာ့နာယကအဖွဲ့ရဲ့ ဒုတိယထုတ်ပြန်ချက်မှာ သံဃာတွေဟာ ညထမင်းစားတယ်၊ အရက်သောက်တယ်၊ အုပ်စုဖွဲ့ပြီး လူမိုက်လူရမ်းကားတွေလို ရမ်းကားနေတယ်၊ လုယက်တယ်ဆိုပြီး ဖော်ပြတာတွေရှိတယ်။ ဒီလိုရေးတာ သံဃာ့နာယကအဖွဲ့က သိချင်မှ သိမယ်။ သံဃာတွေကို ဖမ်းဆီးတာ ဝိနည်းနဲ့မညီလို့ဆိုပြီး အကြောင်းပြဖို့အတွက် လုပ်တာဖြစ်တယ်။ သံဃာ့နာယကအဖွဲ့ဟာ ဖိအားပေးခံခဲ့ရတယ်လို့ ဦးပဉ္ဇင်းတို့ ယုံကြည်တယ်။

**မေး။** ။ နအဖအစိုးရကို ဦးပဉ္ဇင်း ဘာတွေများ ပြောချင်ပါသလဲ။

**ဖြေ။** ။ နိုင်ငံတော်ကို နအဖအနေနဲ့ တကယ်ချစ်တယ်ဆိုရင် တကယ့်ကို အမျိုးသားစိတ်ဓာတ်ရှိကြတယ်ဆိုရင် နိုင်ငံရေးအရ အမြန်ဆုံးဖြေရှင်းဖို့၊ တွေ့ဆုံဆွေးနွေးအဖြေရှာကြဖို့ ဦပဉ္ဇင်းတို့က မေတ္တာရပ်ခံချင်တယ်။

စာမျက်နှာ(၁၅)ကော်လံ(၁)သို့ ○



ဦးဘော်ဆာ

**မေး။။** မွတ်ဆလင်–ဗုဒ္ဓဘာသာ ဘာသာရေးအချင်းများမှုဆိုတာမျိုး ပြည်သူလူထုအတွင်းမှာ တကယ်ရှိနေတယ်လို့ ယူဆပါသလား။ ရှိရင် ဘာကြောင့်ဖြစ်တယ်၊ မရှိဘူးဆိုရင်ကော – ဒီကိစ္စတွေ ဘာကြောင့်ဖြစ်နေတယ်ဆိုတာ ရှင်းပြပေးပါ။

**ဖြေ။** ။ မွတ်ဆလင်နဲ့ ဗုဒ္ဓဘာသာကြားမှာ ပြဿနာတွေ အကြိမ်ကြိမ်ဖြစ်ခဲ့ပါတယ်။ ဖြစ်ခဲ့တိုင်း ကျနော်တို့ တွေ့ရတာက ရဟန်းသံဃာတွေလည်း ပါလာတယ်။ လူထုတွေလည်း တချို့ပါတယ်။ ဒါပေမယ့် သေချာသုံးသပ်လိုက်ရင် ရဟန်းတွေက ရဟန်းတုတွေဖြစ်တာကို သိရတယ်။ ဒီပြဿနာတွေ အခြားမြို့နယ်တွေကို ပြန့်သွားနိုင်တဲ့ အနေအထားမျိုးတွေအထိတောင် မီးလောင်ရာလေပင့်တဲ့ ပုံစံမျိုးတွေ တွေ့ရတော့ အဲ့ဒီဥစ္စာကို စစ်တပ်က ဒါမှမဟုတ် နအဖက ဖန်တီးတယ်လို့ ကျနော်တို့ ယူဆပါတယ်။ တခါတရံ မွတ်ဆလင်တွေက ရဟန်းအတုတွေ ဖမ်းမိတယ်။ ဖမ်းမိတဲ့အခါကျလို့ရှိရင် သူတို့တွေဟာ ယူနီဖောင်းတွေ အထဲမှာ ရှိနေတယ်။ စကားပြောစက်တွေ ရှိတယ်။ ပစ္စတိုတွေ ရှိတယ်။ တချို့ရဟန်းတွေက ဆံပင်တုံးထားတဲ့အခါ သူတို့ခေါင်းရဲ့အသားရောင်က တမျိုးဖြစ်နေတယ်။ ဒါ့ကြောင့် ဒီဟာတွေဟာ ရဟန်းအစစ်အမှန်တွေ မဟုတ်ဘူးလို့ သိရပါတယ်။

**မေး။** ။ မွတ်ဆလင်တွေက ဘာသာရေးအရ မြန်မာနိုင်ငံမှာ လွှမ်းမိုးချုပ်ကိုင်ဖို့ ကြိုးပမ်းတယ်ဆိုတဲ့ စွပ်စွဲချက်အပေါ် ဘယ်လိုမြင်ပါသလဲ ရှင်းပြပါ။

**ဖြေ။** ။ ဘာသာရေးအရ လွှမ်းမိုးချုပ်ကိုင်ဖို့ဆိုတာကတော့ မဖြစ်နိုင်ပါဘူး။ ကျနော်တို့ မွတ်ဆလင်တွေမှာ ထာဝရဘုရားသခင်ရဲ့ အလိုတော်အရပေါ့နော်၊ ကိုရမ်ကျမ်းမြတ်ကနေ ညွှန်ကြားချက်အပေါ် အခြေခံပြီးတော့ သာသနာပြန့်ပွားရေးမှာ ကျနော်တို့ အားကြိုးမာန်တက် ဆောင်ရွက်ကြတာတော့ ရှိပါတယ်။ ဒါကလည်း ဗုဒ္ဓဘာသာဘုန်းတော်ကြီးတွေ၊ ခရစ်ယာန်သာသနာဘုန်းတော်ကြီးတွေက သူတို့သာသနာအသီးသီး ပြန့်ပွားအောင် ကြိုးပမ်းကြတဲ့ သဘောပါပဲ။ ဒီထက်မပိုပါဘူး။ အတင်းအဓမ္မကြီး ကျနော်တို့ မွတ်ဆလင်တွေက လွှမ်းမိုးဖို့ဆိုတာမျိုးတော့ မရှိပါဘူး။

**မေး။။** မြန်မာမွတ်ဆလင်တွေရဲ့ မြန်မာဗုဒ္ဓဘာသာဝင်တွေနဲ့အတူ အေးအတူပူအမျှ တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့တာတွေ အတိတ်က ရှိပါသလား။ ရှိရင် နည်းနည်းပြောပြပေးပါ၊

**ဖြေ။** ။ အများကြီးရှိပါတယ်။ အကျယ်ပြောရရင် ကျမ်းတစောင် ပေတဖွဲ့ ပြောရမယ် ဖြစ်ပါတယ်။ ပဒေသရာဇ်ခေတ်မှာကတည်းက မြန်မာဘုရင်ထံမှာ သစ္စာခံအမှုထမ်းခဲ့ကြပါတယ်။ ၁၉၃၀ ဆရာစံရဲ့ လယ်သမားလှုပ်ရှားမှုမှာလည်း ဦးယာကွတ်ဆိုသူ မွတ်ဆလင်က ရွှေတိဂုံရင်ပြင်မှာ ကျင်းပတဲ့ ညီလာခံမှာ အတူပါခဲ့ပါတယ်။ နယ်ချဲ့ဆန့်ကျင်ရေးမှာ ထိပ်ဆုံးက ပါခဲ့ကြတဲ့ ဦးရာဇတ်ဟာ မွတ်ဆလင်တဦးပါ။ အင်္ဂလိပ်အစိုးရလက်ထက်မှာ မင်းမှုမထမ်းဘဲ အမျိုးသားကျောင်း ထောင်ခဲ့ပါတယ်။ ပင်လုံစာချုပ် အောင်မြင်စွာချုပ်ဆိုနိုင်အောင် အဓိကအခန်းက လှုံ့ဆော်ပေးခဲ့တဲ့ ဦးဖေခင်ဟာ မွတ်ဆလင်တဦးဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီး တိုင်းပြည်ထူထောင်တဲ့အခါမှာလည်း ဝန်ကြီးတွေ ပါခဲ့ပါတယ်။ နဝတ ကာလမှာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးကျော်ညွန့်နဲ့ ဆရာချယ်တို့ဟာ မြန်မာမွတ်ဆလင်များ ဖြစ်ကြပါတယ်။

**မေး။** ။ လက်ရှိအစိုးရရဲ့ ဘာသာရေးကိစ္စရပ်များအပေါ် ဖြေရှင်းကိုင်တွယ်မှုနဲ့ပတ်သက်ပြီး ဘယ်လိုမြင်ပါသလဲ။

**ဖြေ။** ။ အစိုးရရဲ့ ကိုင်တွယ်ပုံကတော့ မမှန်ကန်ပါဘူး။ ပြဿနာကို တကယ်စေတနာမှန်နဲ့ ဖြေရှင်းမယ်ဆိုရင် ဖြေရှင်းလို့ ရပါတယ်။ တိုင်းရင်းသားအသီးသီး၊ ဘာသာအသီးသီးဟာ မိုက်မိုက်ရိုင်းရိုင်းတွေ မဟုတ်ကြပါဘူး။ ဘာသာရေးကိုင်းရှိုင်းလေလေ ပိုပြီးတော့နူးညံ့သိမ်မွေ့လေပါ၊ နှလုံးသားပျော့ပျောင်းကြပါတယ်။ ခင်ဗျား မေးတာနဲ့ ပတ်သက်ပြီး မလေးရှားမွတ်ဆလင်လူငယ်အဖွဲ့က မြန်မာဗုဒ္ဓဘာသာ–မွတ်ဆလင် တင်းမာမှုတွေကို သုံးသပ်ထားတဲ့ စာတမ်းအကြောင်း ပြောချင်တယ်။ အဲ့ဒီစာတမ်းမှာ ဘယ်လိုသုံးသပ်ထားသလဲဆိုရင် မြန်မာပြည်မှာ အုပ်ချုပ်နေတဲ့ စစ်အစိုးရက တချက်ခုတ် လေးချက်ပြတ် လုပ်ခဲ့တယ်ဆိုတာပဲ။ တစ်အချက်က မုန်းတီးတဲ့ မွတ်ဆလင်တွေကို နှိပ်ကွပ်နိုင်ခဲ့တယ်။ ဒုတိယအချက်က နိုင်ငံတကာကို ဒီလိုနိုင်ငံမျိုးမှာ ဒီလိုအစိုးရပဲ ထိုက်တန်တယ်ဆိုတာပြခဲ့တယ်။ တတိယအချက်အနေနဲ့ ဗုဒ္ဓဘာသာရဟန်းတော်တွေအပေါ် လူထုအကြားမှာ အဆိုးမြင်လာအောင် ဖန်တီးနိုင်ခဲ့တယ်။ စတုတ္ထကတော့ မြန်မာနိုင်ငံဟာ ဒီမိုကရေစီရဖို့ မထိုက်တန်သေးဘူးဆိုတာ ပြချင်တယ်။ သူတို့အာဏာတည်မြဲနေဖို့

စာမျက်နှာ(၁၅)ကော်လံ(၂)သို့ ○

# အာဏာ နဲ့ ဓန

ဗဩ

သူတို့ခေတ်က စစ်အစိုးရခေတ်ဆိုတော့ ခံစားမှုကို ခွဲဝေရာမှာလည်း
စစ်တပ်ဆန်ဆန်ပဲ အဆင့်ကိုလိုက်လို့ စားရသောက်ရတာ တွေ ရှိပါတယ်။ နအဖအဆင့်၊ ဝန်ကြီးအဆင့်ကစလို့
တိုင်းမှူးအဆင့်အလယ်၊ တပ်ရင်းမှူး အဆင့်၊ စစ်ကြောင်းမှူးအဆင့် စသဖြင့် စား ကျက်တွေ ခွဲထားတာ စနစ်တခု၊
စည်းကမ်း တရပ်လိုတောင် တွင်နေပါပြီ။

နိုင်ငံရေးသမားတဦးကို ကဲ့ရဲ့ရာမှာ အာဏာရူးတယ်ဆိုတာဟာ အနာဆုံးလို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် တကယ် အာဏာရူးသူတွေဟာ ဒီလိုပြောနေတာတွေကို မသိကျိုးနွံပြုပြီး မျက်နှာထူထူနဲ့ပဲ လုပ်ချင်တာကို လုပ်လေ့ရှိကြပါတယ်။ ဒီတော့ သူတို့တတွေ အာဏာကို ဘာကြောင့် ဒါလောက်ခုံမင်မက်မောနေကြတာလဲဆိုတာ မေးစရာရှိပါတယ်။

အကြောင်းရင်းက တခုတည်းရှိပါတယ်။ အဲဒါ မိမိစည်းစိမ်အဆောက်အအုံကို မိမိစိတ်ကြိုက် တည်ဆောက်နိုင်လို့ ဖြစ်ပါတယ်။

ဗမာပြည် လွတ်လပ်ရေးရတယ်ဆိုတာနဲ့ အာဏာရ ဖဆပလအစိုးရ ခေါင်းဆောင်တွေရဲ့ပတ်လည်မှာ သူဌေးသစ်တွေ ပေါ်လာခဲ့ပါတယ်။ မူလက ဘာမှ လက်ထဲမရှိသူတယောက်ဟာ ရုံးခန်းတခန်း၊ ဆိုင်းဘုတ်တခု၊ လက်နှိပ်စက်တလုံး ရှာနိုင်တယ်ဆိုရင် လိုင်စင် သူဌေးလုပ်လို့ ရပါပြီ။ ဖဆပလ ခေါင်းဆောင်များ၊ ဝန်ကြီးများနဲ့ ပတ်သက်ဖို့ပဲ လိုပါတော့တယ်။ အဲဒီခေတ်က မူဆာမဒါးလို နိုင်ငံခြားသားကုန်သည်ကြီးတွေပဲ ဖြစ်ဖြစ်၊ လူထုစီးကရက် ဦးချိုလို ဗမာပြည်ပေါက် တရုတ်ပဲဖြစ်ဖြစ်၊ ပွင့်ကောင်းငံပြာရည်ပိုင်ရှင် ဦးပွင့်ကောင်းတို့၊ ဒေါ်ထူးတို့လို နိုင်ငံသား သူဌေးတွေပဲဖြစ်ဖြစ် အာဏာရဝန်ကြီးတွေနဲ့ ဘယ်သူမှ မကင်းပါဘူး။ တနည်းမဟုတ် တနည်း ဆက်နေတာပါ။ အနည်းဆုံး ဖဆပလအဖွဲ့ကိုတော့ တမျိုးမျိုး အထောက်အကူပြုရပါတယ်။ မန္တလေးမြို့က ဆေးလိပ်ခုံပိုင်ရှင် ဒေါ်ဦးတောင်မှ ဆေးလိပ်လုပ်ငန်းနဲ့ မတင်းတိမ်ဘဲ သွင်းကုန်လုပ်ငန်း လုပ်မယ်ဆိုတော့ ထဘီနီဝတ်ပြီး ဗလမစ လို့ခေါ်တဲ့ ဖဆပလ အမျိုးသမီးအဖွဲ့ကို ဝါဒဖြန့်ပေးရပါတယ်။

အဲဒီတုန်းက ဝန်ကြီးတွေနဲ့ တိုက်ရိုက်ပတ်သက်နိုင်သူတွေဟာ အမေရိကန်၊ အင်္ဂလိပ်၊ ဂျာမဏီ၊ ဂျပန်စတဲ့ အနောက်နိုင်ငံတွေက ကုမ္ပဏီတွေအတွက် လိုင်စင်ရကြပါတယ်။ တခါ ကြားနေဝါဒကို ပြောနေတဲ့ကာလဆိုတော့ ဆိုရှယ်လစ်နိုင်ငံတွေက ကုန်တွေလဲ တင်သွင်းရပြန်တယ်။ အဲဒီနိုင်ငံတွေက သွင်းကုန်လိုင်စင်ကိုတော့ စကိုဒါကားတွေ တင်သွင်းခွင့်ရတဲ့ ဟင်္သာတဦးမြတို့လို ပုဂ္ဂိုလ်တွေက ရကြပါတယ်။ ဒါ့အပြင် လက်ဖျားလို့ ခေါ်ရမယ့် အသေးစားလိုင်စင်လေးတွေလဲ ရှိပါသေးတယ်။ ဂုံလိုင်စင်၊ သကြားလိုင်စင်၊ မုန့်ထုပ်ထုပ်တဲ့ စက္ကူလိုင်စင် စတဲ့ အသေးစားလိုင်စင်တွေကိုတော့ ဖဆပလကို အလုပ်အကျွေးပြုတဲ့ အောက်ခြေက လူတွေ ရကြပါတယ်။

ဒီလိုနဲ့ ဖဆပလအဖွဲ့ အာဏာလက်လွတ်ဖြစ်သွားတာနဲ့ သူ့ပတ်ပတ်လည်က သူဌေးသူကြွယ်တွေလဲ ရေပွက်ပမာ တသက်တာတည်း ဖြစ်သွားပါတော့တယ်။ ဖဆပလခေတ်–ပထစခေတ်ဟာ လိုင်စင်သူဌေးခေတ်လို့ ပြောရမှာပါ။

ဒီကြားထဲမှာ ၅၈ ခုနှစ် စစ်အစိုးရလက်ထက်ကိုလည်း ပြောဖို့လိုပါတယ်။ အဲဒီကာလမှာ တွေ့ရတာက စစ်ဗိုလ်ချုပ်တွေလဲ ဘာသားနဲ့မှ ထုတားတာ မဟုတ်ဘူး။ ဒီပုဆိုးဝတ်တော့ ဒီချေးပါတာပါပဲ။ ဗိုလ်အောင်ကြီး အကြောင်းပြုပြီး လိုင်စင်ရသူ၊ ဗိုလ်မောင်မောင် အကြောင်းပြုပြီး လိုင်စင်ရသူတွေ ပေါ်လာပါတယ်။ အဲဒီတုန်းက အာဏာသိမ်းသူတွေထဲမှာ အများစုက ဆိုရှယ်လစ်ပါတီက စစ်ဗိုလ်တွေမို့ နဂိုက ဆိုရှယ်လစ်ပါတီအဆက် လိုင်စင်သူဌေးများနဲ့ သဟဇာတဖြစ်သူ များပါတယ်။ ဖဆဆိုရှယ်လစ် စစ်ဗိုလ်တွေက အာဏာသိမ်းထားတဲ့ခေတ်မို့ ဖဆပလခေတ်ကနဲ့ မကွာလှဘူးလို့ ဆိုနိုင်ပါတယ်။ ပိုထူးတာက သူတို့ဟာ ကွန်မြူနစ်ဆန့်ကျင်ရေးကို ပိုမို ပြင်းပြင်းထန်ထန် ကြွေးကြော်လုပ်သူတွေမို့ အလုပ်သမားတွေကို ပိုဖိနှိပ်ပြီး သူတို့နဲ့ နီးစပ်သူ လုပ်ငန်းရှင်ကြီးတွေကို အကာအကွယ်ပေးတာပါပဲ။

မဆလခေတ် ရောက်တယ်ဆိုတော့ အထက်က လိုင်စင်သူဌေးတွေ ခေတ်ကုန်သွားရုံမက တချို့ ထောင်ထဲတောင် ရောက်သွားကြပါတယ်။ ဗိုလ်နေဝင်းဟာ ဆိုရှယ်လစ်ပါတီနဲ့ ခွဲထွက်ရာမှာ ဆိုရှယ်လစ်ပါတီအပေါ် ထားခဲ့တဲ့ အငြိုးတွေကို သူဌေးကုန်သည်တွေအပေါ်မှာလည်း ပေါက်ကွဲခဲ့တယ်လို့ ဆိုနိုင်ပါတယ်။

မဆလခေတ် ရောက်တယ်ဆိုတာနဲ့ စစ်အုပ်စုထိပ်သီးတွေ ကောင်းစားစ ပြုကြပါပြီ။ ဒါပေမယ့် ဆိုရှယ်လစ်စကားပြောနေတဲ့ခေတ်ဖြစ်တဲ့အတွက် သူတို့တတွေ ပုဂ္ဂလိကလုပ်ငန်းရှင်တွေအဖြစ်နဲ့ ချမ်းသာလို့မဖြစ်ပါ။ သိုသိုသိပ်သိပ် လူမသိသူမသိ ချမ်းသာဖို့ လိုပါတယ်။ နို့ပေမယ့် ပူစရာမလိုပါ။ အာဏာအကူအညီရရင် ဘာမဆို လုပ်လို့ရပါတယ်။ ဒီလိုနဲ့ ဝယ်ရောင်းသူဌေးတွေ ပေါ်လာခဲ့တာပါပဲ။ မှတ်မိကြမယ် ထင်ပါတယ်။ တရုတ်အစိုးရက သံလျင်တံတားကြီး ဆောက်ပေးမယ်ဆိုတဲ့ကတိစကားကို ဗိုလ်ချုပ်ကြီးစန်းယုက တရုတ်ပြည်ခရီးမှာ ရခဲ့ပါတယ်။ ဒီအခါမှာ နဂိုက စိန်ကျောက် အရောင်းအဝယ်လုပ်ပြီး စီးပွားရေးအကွက် မြင်တတ်နေတဲ့ ဗိုလ်ချုပ်ကြီးကတော်ဟာ ဒီသတင်းကို တခြားသူတွေမသိမီ ဦးစွာသိရှိလိုက်ပါတယ်။ ဒီအခါမှာ သူက သံလျင်တံတားပတ်ဝန်းကျင်က လယ်ကွက်တွေကို လိုက်ဝယ်ပါတယ်။ ကာလပေါက်ဈေးနဲ့ပဲ ဖြစ်မယ်လို့ ထင်ရပါတယ်။ ဒီလိုနဲ့ တံတားဆောက်မယ့် သတင်းကို တရားဝင်လဲ ထုတ်ပြန်လိုက်ရော အဲဒီပတ်လည်က လယ်ကွက်တွေဟာ အိမ်မြေတွေအဖြစ် တန်ဖိုးတွေ ထိုးတက်သွားပါတော့တယ်။ အလားတူပဲ ရန်ကုန်က ငါးမိုင်၊ ရှစ်မိုင်လိုနေရာတွေမှာ စစ်ဗိုလ်တွေ မြေကွက်တွေ ဝယ်ကြ၊ အိမ်ဆောက်ပြီး သံရုံးတွေကို ငှားစားကြ၊ ရောင်းစားကြ၊ ဒါဟာ မဆလခေတ်က ချမ်းသာတဲ့နည်းပါပဲ။ ဒါကြောင့် ဒီခေတ်ကို ဝယ်ရောင်းသူဌေးခေတ်လို့ ခေါ်ကြပါတယ်။

မဆလခေတ်ကုန်လို့ နဝတ–နအဖခေတ် ရောက်လာတော့ ဆိုရှယ်လစ်မျက်နှာဖုံးကို ချွတ်၊ ဈေးကွက်စီးပွားရေး ဆိုင်းဘုတ်ကို တင်တဲ့ကာလ ရောက်လာပါတယ်။ ကိုယ့်အာဏာသက်ဟာ ကြာကောင်းမှ ကြာလိမ့်မယ်လို့ တွက်ထားကြတဲ့ စစ်အုပ်စု တတိယမျိုးဆက်ဟာ တဖက်မှာ အာဏာကို အသေအလဲ ထိန်းသိမ်းကာကွယ်ရင်း တဖက်မှာတော့ ရတုန်းရသခိုက် ရှာမှ၊ စုမှ ဆိုပြီး ကိုယ့်ကောင်းစားရေးကို မဟာဒယား လုပ်ကြတော့တာပါပဲ။

ဒီခေတ်မှာ ချမ်းသာကြပုံက သွင်းကုန်လုပ်ငန်းလိုင်စင်နဲ့ ကံထရိုက်အမျိုးမျိုးရယူတဲ့နည်းဖြစ်ပါတယ်။ ပိုတွင်ကျယ်တာက ကံထရိုက်ပေးတဲ့စနစ်ပါ။ သူတို့လက်ထက်မှာ အကောင်းဆုံးဆိုတဲ့ လိုင်စင်တွေ ကံထရိုက်တွေ၊ အထူးသဖြင့် နိုင်ငံခြားနဲ့ ဆက်နေတဲ့ဟာတွေကို သူတို့သားသမီးတွေနဲ့ နီးစပ်ရာတွေ ရကြပါတယ်။ အဲဒီနောက် ဒုတိယအဆင့်လုပ်ငန်းတွေနဲ့ နယ်စပ်ဒေသလုပ်ငန်းတွေက ကံထရိုက်တွေကို ဘိန်းရာဇာတွေနဲ့ 'ငြိမ်း'ဆိုတဲ့ အဖွဲ့ခေါင်းဆောင်တွေ ရကြပါတယ်။ ကံထရိုက်ခေတ်လို့ ပြောရမယ့်ခေတ်ပါ။ ဦးအိုက်ထွန်း၊ ဆရာကျောင်း၊ မေဖလားဝါး ဦးကျော်ဝင်း၊ ဦးသိန်းထွန်း စသူတို့ဟာ ဒီအမျိုးအစားထဲမှာ ပါပါတယ်။

သူတို့ခေတ်က စစ်အစိုးရခေတ်ဆိုတော့ ခံစားမှုကို ခွဲဝေရာမှာလည်း စစ်တပ်ဆန်ဆန်ပဲ အဆင့်ကိုလိုက်လို့ စားရသောက်ရတာတွေ ရှိပါတယ်။ နအဖအဆင့်၊ ဝန်ကြီးအဆင့်ကစလို့ တိုင်းမှူးအဆင့်အလယ်၊ တပ်ရင်းမှူး အဆင့်၊ စစ်ကြောင်းမှူးအဆင့် စသဖြင့် စားကျက်တွေ ခွဲထားတာ စနစ်တခု၊ စည်းကမ်း တရပ်လိုတောင် တွင်နေပါပြီ။

အဲဒီလို အဆင့်ဆင့် ဝေစားမျှစား လုပ်ကြရာမှာ ရအဖတို့၊ ကြံ့ဖွံ့တို့လိုဟာတွေကိုလည်း ပေးကမ်းကျွေးမွေးထားရပါတယ်။ ဒါပေမယ့် အထက်အဆင့်များနဲ့စာရင် သူတို့စားရတာဟာ အရိုးအရင်းရယ်ပါ။

နဝတ–နအဖတို့ခမျာ နိုင်ငံတကာ စီးပွားရေးဝင်ကတော့ ကျဉ်းရှာတယ်လို့ ပြောရမှာပါ။ အေစီယံထဲမှာ ငါးခုံးမ ဖြစ်နေတဲ့ စစ်အစိုးရဟာ နေရာတကာမှာ အကျဉ်ခံနေရပါတယ်။ ဒီကြားထဲ စီးပွားရေးပိတ်ဆို့မှုကိုလည်း ခံနေရတော့ လုပ်ကွက်၊ တနည်းစားကွက်ဟာ သိပ်ကျဉ်းနေပါတယ်။ အမည်းက အဖြူပြောင်းထားတဲ့ ငွေသားတွေနဲ့ စစ်အာဏာအကြောင်းပြုပြီး စုဆောင်းမိထားတဲ့ ငွေလုံးငွေရင်းတွေအတွက်ဆိုရင် ဒီလောက်ဝင်ဟာ ဝါးလုံးခေါင်းထဲ ဆင်တိုးဝင်ရသလို ဖြစ်နေပါတယ်။ ဒါကြောင့် အာဏာကိုပဲ အကြောင်းပြုပြီး ရင်းနှီးလုပ်ကိုင်စရာတွေ ဖန်တီးပါတော့တယ်။ အဲဒါကတော့ ကံထရိုက်လုပ်ငန်းအမျိုးမျိုးပါ။

ဆောက်လိုက်တဲ့ တံတားတွေ၊ လမ်းတွေ၊ တည်လိုက်တဲ့ဘုရားတွေ၊ နန်းတော်တွေ အားလုံး ပွပေါက်ချည့်ပါပဲ။ ဈေးဖျက်မလား– ကံထရိုက်နဲ့၊ ဈေးဆောက်မလား– ကံထရိုက်နဲ့၊ သူတို့အဖို့တော့ ဖျက်လည်းပွ၊ ဆောက်လည်းပွ၊ ဒို့ခေတ်ကို ရောက်နေကြတာ အထင်အရှားပါ။ အိမ်ယာလုပ်ငန်းတွေ အကြီးအကျယ်လုပ်နေသူအားလုံးဟာ စစ်အုပ်စုထိပ်သီးတွေရဲ့ ပတ်ဝန်းကျင်က လူတွေပဲ မဟုတ်ပါလား။ ဒါဟာလဲ တိုက်ဆိုင်မှု မဟုတ်ပါဘူး။

ဒါဟာ ဗမာပြည်ရဲ့ နိုင်ငံရေးနဲ့ စီးပွားရေးအဆောက်အအုံမှာ အထက်ဆုံးက တည်ရှိနေသူတွေရဲ့ တည်ဆောက်ပုံကို အကြမ်းပြင်း ရေးလိုက်တာပါ။

သူတို့ဖက်က ကြည့်ရင်တော့ အာဏာကို ရူးထိုက်လို့ ရူးတာပါ။ ❖

## အုတ်တချပ်သဲတပွင့်

တင်မိုး



ပြက္ခဒိန်ကွက်ကတော့
ရက်အချိန်မပျက်လှည့်လျက်ပင်။

ဖြစ်ပျက်ဖြစ်ပျက်ဆိုတဲ့
ဘဝစက်အစဉ်ကလည်း
ခဏပျက် ခဏဖြစ် ရေအလျင်။

ဖြစ်ပျက်ကိုရှုပြီး
နှစ်သက်မှု မနှစ်သက်မှုများ မဆုံးဖြတ်ချင်
ဉာဏ်သွားသလောက်
အမှန်နားရောက်အောင် သွားလိုက်ချင်။

ပါရမီ ဉာဏ်မရင့်ပေမယ့်
အတန်အသင့်သုတလေးနဲ့
လူ့ဘဝအရေးမှာ
အုတ်တချပ်သဲတပွင့်
အမြဲသဖြင့် ဖြစ်ခွင့်ရရင်
ဘဝမှာ အရတော်ပြီလို့
မျှော်လင့်ချက်နဲ့ပဲ အသက်ရှင်
ဘဝသက်တမ်း လည်စမ်းပါစေတော့။

**ပြည်ပရောက် ပြည်သူ့ကဗျာစာဆို၊ ဒီမိုကရေစီအရေးတော်ပုံတွင်**
**ယဉ်ကျေးမှုစစ်မျက်နှာ၌ ကလောင်ကိုင်စွဲ ၍ အစဉ်မပြတ်တိုက်ပွဲဝင်ခဲ့သူ**
**ကဗျာဆရာကြီးတင်မိုးသည် ယခုနှစ် နိုဝင်ဘာ(၁၉)ရက်နေ့တွင်**
**အသက် (၇၀)မြောက်ဖြစ်ခဲ့ပြီ ဖြစ်သည်။**
**အသက်(၇၀)ပြည့်မွေးနေ့အထိမ်းအမှတ်အဖြစ်**
**ဆရာစပ်ဆိုခဲ့သည့် ကဗျာကို ဖော်ပြခြင်းဖြစ်ပါသည်။**


မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# ဒီပဲယင်းလုပ်ကြံမှုတွင်ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးတာဝန်ဖြင့်ပါဝင်ခဲ့သူတဦး ပြည်ပသို့ထပ်မံရောက်ရှိလာ

မေ(၃၀) ဒီပဲယင်း လုပ်ကြံတိုက်ခိုက်ခံရမှုကြီးအတွင်း ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးအဖြစ် တာဝန်ယူခဲ့သူ အဖွဲ့ချုပ်ဗဟိုလူငယ်အဖွဲ့ဝင် ကိုခင်ဦးသည် ထိုင်း–မြန်မာနယ်စပ်သို့ ရောက်ရှိလာပြီး နိုဝင်ဘာ(၁၆)ရက်နေ့တွင် နယ်စပ်တနေရာတွင် သတင်းစာရှင်းလင်းပွဲတရပ် ပြုလုပ်ခဲ့သည်။

ကိုခင်ဦးက သတင်းစာရှင်းပွဲတွင် မေလ(၂၉)ရက်နှင့် (၃၀)ရက် ဒီပဲယင်း လုပ်ကြံမှုအတွင်း ၎င်းတွေ့ကြုံခံစားခဲ့ရသည်များအား ရှင်းလင်းပြောဆိုသွားခဲ့သည်။

ခရီးစဉ်တလျှောက် နှောင့်ယှက်ခံရမှုများကို ကိုခင်ဦးက ပြောပြခဲ့ရာတွင် စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ် ရေပိုးစားကျေးရွာအနီးတွင် ကြံ့ဖွံ့အင်အား(၄၀၀)ခန့်ကို ဦးဆောင်လာသည့် ကျေးရွာ ကြံ့ဖွံ့အတွင်းရေးမှူး ဦးဆောင်သည့်အဖွဲ့နှင့် ထိပ်တိုက်တွေ့ခဲ့ကြကြောင်း၊ ရေပိုးစားတွင် တမံများ၊ ချောင်းများတလျှောက် ခြုံပုတ်များတွင် ရဲကားများ၊ မော်တော်ပီကယ်ကားများ၊ လုံထိန်းကားများ၊ တပ်ထိန်းကားများနှင့် ကြံ့ဖွံ့များကို သယ်လာသည့် ချောကားများကို တွေ့ခဲ့ရကြောင်း၊ မေလ(၃၀)ရက်ညနေတွင် ကျီရွာလူထုအား မည်သည့်နေရာက ရောက်လာမှန်း မသိသည့် လူအုပ်ကြီးက တုတ်များ၊ ဝါးချွန်များ၊ ခဲများနှင့် ရိုက်နှက်ခဲ့ကြကြောင်း၊ ထိုသို့ ရိုက်နှက်နေစဉ် ကြံ့ဖွံ့များကို သယ်လာသည့် ဒိုင်နာနှစ်စီးက မီးထိုးပြခဲ့ကြောင်း၊ ထောက်လှမ်းရေး ကားတစီးကိုလည်း မီးထိုးပြထားတာ တွေ့ရကြောင်း၊ ထိုထောက်လှမ်းရေးသည် ဒေါ်အောင်ဆန်းစုကြည်တို့အဖွဲ့ စစ်ကိုင်းတိုင်းသို့ ဝင်ရောက်လာကတည်းက နောက်မှ အချိန်ပြည့် ကပ်လိုက်လာခြင်းဖြစ်ကြောင်း အသေးစိတ်ပြောကြားသွားသည်။

ယခုလို ဒေါ်အောင်ဆန်းစုကြည်၏ လုံခြုံရေးတာဝန်ကိုယူခဲ့သူ ကိုခင်ဦး ပြည်ပသို့ ရောက်ရှိလာခြင်းအတွက် ဒီပဲယင်းလုပ်ကြံမှုကြီးအား ဖော်ထုတ်နိုင်ရန် ကြိုးပမ်းနေသည့် အဖွဲ့အစည်းများအား အထောက်အပံ့များ ရစေနိုင်မည်ဖြစ်ကြောင်း သုံးသပ်ခဲ့ကြသည်။

မြန်မာနိုင်ငံသို့ သွားရောက်ရှိခဲ့သည့် ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးစုံစမ်းစစ်ဆေးသူ မစ္စတာပင်ဟေးရိုးကလည်း ဒီပဲယင်းလုပ်ကြံမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံသို့ ရောက်ရှိစဉ် စုံစမ်းမှုများ ပြုလုပ်ခဲ့ပြီး ကုလသမဂ္ဂညီလာခံတွင် ဒီပဲယင်းနှင့်ပတ်သက်၍ လွတ်လပ်သည့် စုံစမ်းမှုများ ပြုလုပ်နိုင်ရန် ကော်မရှင်တရပ် ဖွဲ့စည်း၍ စစ်ဆေးမှုများ ပြုလုပ်သင့်ကြောင်း တင်ပြသွားခဲ့သည်။

အလားတူ မြန်မာ့ဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကလည်း ဒီပဲယင်းလုပ်ကြံမှုကြီးအား တရားဝင် စုံစမ်းစစ်ဆေးပေးရန် တောင်းဆိုထားသည်။ ❖




ကိုခင်ဦး(အလယ်)မှ ဒီပဲယင်းအတွေ့အကြုံ ရှင်းလင်းနေစဉ်

# ဒီပဲယင်းကိစ္စ ကော်မရှင်ဖွဲ့၍ ဖော်ထုတ်ပေးရန် အဖွဲ့ချုပ်ဝင်များ တောင်းဆို

**နိုဝင်ဘာ၊ (၁၀)ရက်။**

ဒီပဲယင်းလုပ်ကြံမှုကြီးအား စုံစမ်းစစ်ဆေးပေးရေးအပါအဝင် မြန်မာ့နိုင်ငံရေးအခြေအနေအရပ်ရပ်ကို ကုလသမဂ္ဂက အမြန်ဆုံးကြားဝင်ဖြေရှင်းပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များက ကုလသမဂ္ဂ လုံခြုံရေးကောင်စီထံသို့ စာရေးတောင်းဆိုလိုက်သည်။

အဆိုပါစာတွင် ....

– မေ(၃၀) အရေးအခင်းကြီးအား လူ့အခွင့်အရေးကော်မရှင်မှ စုံစမ်းရေးကော်မရှင်တရပ်ဖွဲ့၍ စစ်ဆေးဖော်ထုတ်ပေးကာ တရားဥပဒေနှင့်အညီ ဆုံးဖြတ်ပိုင်ခွင့်ရရှိရန်၊

– ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအား အမြန်ဆုံး လွှတ်ပေးရန်၊

– ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်ဖော်ပေးရန်၊

– အဖွဲ့ဝင်ပေါင်း (၁၉၁)နိုင်ငံမှ ကိုယ်စားလှယ်များမှနေ၍ လုံခြုံရေးကောင်စီအထိ ထည့်သွင်းဆွေးနွေးပေးရန်နှင့်

– ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းသည့် တပ်များ မြန်မာနိုင်ငံတွင်းသို့ စေလွှတ်ရန်တို့ ဖြစ်သည်။

ထိုတောင်းဆိုစာကို ရန်ကုန်တိုင်း အဖွဲ့ချုပ်ခေါင်းဆောင်များ၊ အဖွဲ့ချုပ် ဗဟိုအမျိုးသမီးအဖွဲ့၊ အဖွဲ့ချုပ်လူငယ်နှင့် အဖွဲ့ချုပ်စည်းရုံးရေးကော်မတီဝင်များက မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးအခြေအနေများ စုံစမ်းစစ်ဆေးရန် ရောက်ရှိနေသည့် မစ္စတာ ပင်ဟေးရိုးနှင့်အတူ ကုလသမဂ္ဂရုံးချုပ်ထံ ယခုလို စာရေးပေးပို့လိုက်ခြင်း ဖြစ်သည်။

❖

# အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနား အဖွဲ့ချုပ်ဝင်များ ကျင်းပ

**နိုဝင်ဘာ၊ (၁၈)ရက်။ [ပီဒီစီ]**

ယခုနှစ်တွင် ကျရောက်သည့် (၈၃)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့တွင် ရန်ကုန်တိုင်း အဖွဲ့ချုပ်ဝင်များနှင့် ပြည်နယ်–တိုင်းများမှ တက်ရောက်လာကြသော အင်အား(၃၀၀)ခန့်ရှိ အဖွဲ့ချုပ်ဝင်များသည် ရန်ကုန်မြို့ ခြောက်ထပ်ကြီးဘုရားရှိ သာသနာ့ဂုဏ်ရည်ကျောင်းတိုက်တွင် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပခဲ့ကြသည်။



(၇၅)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပခဲ့စဉ်က

အလားတူ ထိုနေ့နံနက် (၁၀း၀၀)နာရီတိတိအချိန်တွင် ပြည်နယ်နှင့်တိုင်းများမှ အဖွဲ့ချုပ် လူငယ်အင်အား(၂၀၀)ခန့်ကလည်း အင်္ကျီဖြူ၊ ကော်လာကတုံး၊ ပင်နီတိုက်ပုံနှင့် ကချင်ပုဆိုးများ ဝတ်ဆင်ကာ ရွှေတိဂုံဘုရား အင်္ဂါထောင့်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေး အကျဉ်းသားများအားလုံး လွတ်မြောက်ရေးအတွက် ဆီးမီးရေချမ်း ပန်းများ ဆက်ကပ်ပူဇော်ပြီး ဆုတောင်းခဲ့ကြသည်။

ထို့နောက် စနေထောင့်ရှိ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ် ကျောက်တိုင်တွင် မြန်မာပြည် ဒီမိုကရေစီ ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားကြရန် ကတိသစ္စာပြုကြကာ ပထမဆုံး ကျောင်းသားသပိတ်ကို ဦးဆောင်ခဲ့သူ ကျောင်းသားကြီး (၁၁)ဦးကိုလည်း အလေးပြုခဲ့ကြသည်။

ထို့နောက် အဖွဲ့ချုပ် လူငယ်အဖွဲ့ဝင်များသည် ခြောက်ထပ်ကြီးဘုရား သာသနာ့ဂုဏ်ရည်ကျောင်းတိုက်တွင် ရန်ကုန်တိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးက ဦးစီးကျင်းပနေသည့် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ နှစ်ဦးတတွဲစီ စည်းကမ်းသေဝပ်စွာ ဆက်လက် ထွက်ခွာလာခဲ့ကြကြောင်း သိရသည်။ ❖

# ရန်ကုန်တိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဝင်များ အစဉ်အလာမပျက် ဘုံကထိန်ပွဲကျင်းပ

**နိုဝင်ဘာ၊ (၂)ရက်။ [ဒီဗွီဘီ]**

ရန်ကုန်တိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က နှစ်စဉ်ကျင်းပမြဲဖြစ်သည့် ဘုံကထိန်ပွဲအခမ်းအနား ယခုနှစ်တွင်လည်း ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ဗိမာန်၌ နှောင့်ယှက်ဟန့်တားမှုမရှိဘဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ရာ အဖွဲ့ချုပ်အင်အား(၄၀၀) ကျော်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကထိန်နေ့မတိုင်မီ တရက်အလိုက အဖွဲ့ချုပ်ဝင်(၁၀၀)ကျော်တို့က တူညီဝတ်စုံများ ဝတ်ဆင်၍ အနယ်နယ်အရပ်ရပ်မှ ရောက်ရှိလာသည့် ငွေပဒေသာပင်များအား ကြည့်မြင်တိုင်မှတဆင့် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းကျောင်းတိုက်သို့ စီတန်းလှည့်လည်ကာ သွားရောက်ပို့ဆောင်ခဲ့ခြင်း ဖြစ်သည်။ ထိုသို့လှည့်လည်စဉ် အာဏာပိုင်များက မှတ်တမ်းတင် ဓာတ်ပုံရိုက်ယူခဲ့ကြသည်ဟု ဆိုသည်။

ကထိန်ပဒေသာပင်များမှာ ကြည့်မြင်တိုင်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပဒေသာပင်၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ လူငယ်များ၏ စုပေါင်းပဒေသာပင်၊ ဗဟိုအမျိုးသမီးလုပ်ငန်းအဖွဲ့မှ ပဒေသာပင်၊ ဘိုကလေးမြို့နယ်လူငယ်နှင့် ပြည်သူများမှ ပဒေသာပင်တို့ ပါဝင်ကြောင်း သိရသည်။

ကထိန်ပွဲအခမ်းအနားတွင် သံဃာတော်များနှင့် ယောဂီသူတော်စင်များအား အာရုံဆွမ်းကပ်လှူခြင်း၊ ကထိန်သင်္ကန်း ကပ်လှူပူဇော်ခြင်းနှင့် ရေစက်ချခြင်းတို့ ပြုလုပ်ခဲ့ကြကြောင်း အဖွဲ့ချုပ် ဗဟိုအမျိုးသမီးအဖွဲ့ခေါင်းဆောင် ဒေါ်လွဲလွဲက ရှင်းလင်းပြောပြခဲ့သည်။



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နှစ်စဉ်နှစ်တိုင်း ကထိန်ပွဲကျင်းပသည့်
ပဏ္ဍိတာရာမရွှေတောင်ကုန်း သာသနာ့ရိပ်သာ

ကထိန်ပွဲတွင် ပဏ္ဍိတာရာမ ကျောင်းတိုက်ဆရာတော် ဦးပဏ္ဍိတာဘိဝံသက....

“အပ်ချည်လေးက တမျှင်ချင်းအနေနဲ့ ကြည့်မယ်ဆိုလို့ရှိရင် အင်မတန် အားနည်းတာပဲ။ အဲဒီကြိုးထဲက အမျှင်လေးတခု ထုတ်ပြီးတော့ ဖြတ်လိုက်လို့ရှိရင် လွယ်လွယ်နဲ့ ပြတ်တယ်မို့လား။ ဒါပေမယ့်လို့ အားမရှိတဲ့ ကြိုးလေးတွေ တခုနဲ့တခု ပူးပြီးတော့ လွန်းပြီးတော့ ကျစ်လိုက်လို့ရှိရင် တခုနဲ့တခု ဘာဖြစ်တုန်း၊ ကပ်သွားတယ်မို့လား။ ကပ်သွားတော့ တအားကနေပြီးတော့ နှစ်မျှင်ဖြစ်လာတဲ့အခါမှာ နှစ်အား၊ နောက် သုံးမျှင်စသည်ပေါ့လေ အားတွေဖြစ်လာတယ်မို့လား။ သို့သော် တခုနဲ့ တခု ကျဲနေရင်တော့ အားမရှိဘူးနော်၊ ဘာလုပ်ရမလဲ။ တခုနဲ့တခု ပူးပေါင်းမှု၊ နီးစပ်မှု၊ ပူးပေါင်းမှု ရှိရမယ်။ ဒါမှ အားဖြစ်တာ။ တိုင်းပြည်အတွက်ကော၊ လူမျိုးအတွက်ကော၊ သာသနာအတွက်ကော၊ ဟုတ်လား၊ မိမိတို့ဟာ အင်မတန် ခိုင်မာတဲ့ နိုင်လွန်ချည်တမျှင် ဖြစ်ရမယ်။ တိုင်းပြည်အတွက်၊ လူမျိုးအတွက်၊ သာသနာအတွက် ကြိုးလာပြီဟေ့ဆိုလို့ရှိရင်တော့ အဲဒီ နိုင်လွန်ချည်လေးတွေဟာ တယောက်နဲ့ တယောက် ပူးကပ်လွန်းထားရမယ်။ အဲဒီလိုဆိုလို့ရှိရင် ကိုယ်လိုချင်တဲ့ ပန်းတိုင်ရောက်မှာပဲ”ဟူ၍ စည်းလုံးခြင်း၏အကျိုးကို ဟောကြားဆုံးမတော်မူခဲ့ကြောင်း သိရသည်။ ❖

○ ယခင်လမှအဆက်

# ဖွတ် မထွက်ခင်ကတည်းက တောလို မှန်း သိတယ် [၄]

ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ကို အသက်အန္တရာယ် စိုးရိမ်ရတဲ့အထိ လမ်းပမ်းဆက်သွယ်ရေး ဖြတ်တာ၊ ပတ်ဝန်းကျင်နဲ့ အဆက်ဖြတ်တာ၊ အစားအသောက်ဖြတ်တောက်ထားတာ၊ အစာနဲ့ သောက်ရေပြတ်တဲ့အတွက် ကားထဲမှာ လဲလျောင်းနေတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ထောက်လှမ်းရေး ဗိုလ်မှူးသူရနဲ့အဖွဲ့က ကားထဲ ဝင်ရောက်ပြီး အကြမ်းဖက်တဲ့နည်းနဲ့ အနိုင်အထက်ပြု ချုပ်နှောင်ပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ သဘောဆန္ဒမပါပဲနဲ့ နေအိမ်ကို အတင်းပြန်ပို့တာ၊ ခွင့်ပြုချက်မရဘဲ စစ်အာဏာပိုင်တွေက ကားကို ၄င်းတို့ဘာသာ အဓမ္မမောင်းနှင်ခဲ့တာတွေကို ကျူးလွန်ခဲ့တယ်။

အခုအကြိမ်နဲ့ပါဆိုရင် စစ်အာဏာပိုင်တွေက ဒေါ်အောင်ဆန်းစုကြည်ရဲ့ အသက်အန္တရာယ်ကို ထိခိုက်စေနိုင်တဲ့အထိ အကြမ်းဖက် လုပ်ကိုင်တာဟာ တတိယအကြိမ် ဖြစ်တယ်။ ဒီလို အကြမ်းဖက်နှိမ်နင်းဖို့ ကြိုတင်ကြံရွယ်ပြီး စီမံဆောင်ရွက်တာဖြစ်တယ်။

အဲန်အယ်လ်ဒီအထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ဟာ ၂၄-၇-၉၈ နေ့က ရေဝတီတိုင်း၊ ပုသိမ်မြို့ကို ခရီးထွက်ခဲ့တယ်။ ဒီအခါမှာလည်း ထန်းတပင်မြို့နယ် ပန်တိုင်ရွာအနီးမှာ ထပ်မံ တားဆီးပြီး ချောင်းကူးသစ်သားတံတားလေးပေါ်မှာ မော်တော်ကားကို တင်ထားစေခဲ့တယ်။ ဒီသစ်သားတံတားလေးဟာ လူသွားလူလာအတွက်သာ ဆောက်လုပ်ထားတာဖြစ်ပြီး ယာဉ်ရဲ့ အလေးချိန်ကို ခံနိုင်ဝန်အား ရှိမရှိ မသိနိုင်ပါဘူး။ တကယ်လို့ ယာဉ်ရဲ့အလေးချိန်ကို မခံနိုင်လို့ တံတား ကျိုးပဲ့ပျက်စီးပြုတ်ကျပြီး ယာဉ်နှင့် ဒေါ်အောင်ဆန်းစုကြည်နဲ့ အဖွဲ့ကို တစုံတရာ နစ်နာဆုံးရှုံးထိခိုက်နာကျင်မှုတွေ ဖြစ်ခဲ့ရင် စစ်အာဏာပိုင်တွေရဲ့ တာဝန်သာဖြစ်တယ်။ ဒါဟာလည်း ဒေါ်အောင်ဆန်းစုကြည်ကို အသက်အန္တရာယ် ထိခိုက်စေနိုင်တဲ့အထိ စစ်အာဏာပိုင်တွေရဲ့ လေးကြိမ်မြောက်လုပ်ရပ်ဖြစ်တယ်။

အဲန်အယ်လ်ဒီဟာ လူထုက အပ်နှင်းထားတဲ့တာဝန်တွေကို ဦးထိပ်ထားပြီး ရွေးကောက်ပွဲမှာ ရွေးချယ်တင်မြှောက်ခြင်း ခံရတဲ့ တိုင်းရင်းသားအဖွဲ့အစည်းအချို့နဲ့ ပူးပေါင်းပြီး ၁၉၉၈ ခုနှစ် စက်တင်ဘာ(၁၆)ရက်နေ့မှာ "၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှ တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်ကိုယ်စားပြုသည့်ကော်မတီ (ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ) ဖွဲ့စည်းလိုက်ကြောင်း ကြေညာချက်အမှတ် ၅၈(၉/၉၈) ကို ထုတ်ပြန်ခဲ့တယ်။ ဒီကော်မတီဟာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၈၅ ဦး အနက်က ကွယ်လွန်သွားသူ(၂၆)ဦးကို ချန်လှပ်ပြီး (၄၅၉)ဦးမှ (၂၅၁)ဦးရဲ့ လုပ်ပိုင်ခွင့်ပေးအပ်ချက်အရ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား လုပ်ပိုင်ခွင့်ရှိတဲ့ အဖွဲ့ဖြစ်တယ်။

အဲ့ဒီလို လွှတ်တော်ကိုယ်စားပြု ကော်မတီ ဖွဲ့စည်းပြီးနောက်ပိုင်း အဲန်အယ်လ်ဒီက လွှတ်တော်ကိုယ်စားလှယ်နဲ့ တိုင်းရင်းသားလူမျိုးစုပါတီများက လွှတ်တော်ကိုယ်စားလှယ်၊ ပြည်နယ်/တိုင်း၊ မြို့နယ်နဲ့ ရပ်/ကျေး စည်းရုံးရေးအဖွဲ့ဝင်များ၊ ရိုးရိုးအဖွဲ့ဝင် အများအပြားကို စစ်အာဏာပိုင်တွေက မတရား၊ ဥပဒေမဲ့ အကြောင်းမရှိပဲ ဖမ်းဆီးထိမ်းသိမ်းထားခဲ့တယ်။ ၁၃-၁၀-၉၈ နေ့အထိ စာရင်းအရ လွှတ်တော်ကိုယ်စားလှယ် (၂၀၃)ဦးနဲ့ အဆင့်ဆင့် စည်းရုံးရေးအဖွဲ့ဝင်(၇၇၆)ဦး ပေါင်း(၉၇၉)ဦးဖြစ်တယ်။

တချိန်တည်းမှာပဲ အဖွဲ့ချုပ် အဖွဲ့ဝင်များနဲ့ မသက်ဆိုင်တဲ့မိသားစုများကိုလည်း အကြပ်ကိုင်တာ၊ ခြိမ်းခြောက်တာ၊ ခြောက်လှန့်တာတွေလုပ်ပြီး အဖွဲ့ဝင်များကို အဖွဲ့ဝင်အဖြစ်က နှုတ်ထွက်စေခိုင်းခဲ့တယ်။ မြို့နယ်တော်တော်များများမှာ မြို့နယ် သံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော်တွေကတဆင့် အဖွဲ့ချုပ် အဖွဲ့ဝင်တွေကို "နှုတ်ထွက်ပေးလိုက်ပါ၊ နှုတ်ထွက်ရန် သဘောတူကြောင်း လက်မှတ်ထိုးပေးလိုက်ပါ၊ အဖွဲ့ချုပ် မြို့နယ် စည်းရုံးရေးအဖွဲ့ ရုံးဖွင့်ထားတဲ့ အိမ်နဲ့ ခြံကို အဖွဲ့ချုပ်ကို လှူဒါန်းတာကို ရုပ်သိမ်းပေးပါ၊ ဆိုင်းဘုတ်နဲ့ အလံကို ဖြုတ်ချပေးလိုက်ပါ၊ ဤသို့ဆောင်ရွက်ရန် အချိန်မရှိတော့လို့ အမြန်သဘောတူလိုက်ပါ"စသည်ဖြင့် ကြိမ်ဖန်များစွာ စစ်ထောက်လှမ်းရေးများနဲ့အတူ ဖိအားပေး ဆောင်ရွက်ခဲ့ကြတယ်။

ဒီလိုနဲ့ စစ်အာဏာပိုင်တွေဟာ အဲန်အယ်လ်ဒီကို သက္ကရာဇ် ၂၀၀၀ ခုနှစ်အတွင်း အပြီးသတ် ပွဲသိမ်းနောက်ပိတ် ချေမှုန်းရေးကို စနစ်တကျ လုပ်ကိုင်လာခဲ့တယ်။

ပထမအားဖြင့် ၂၀၀၀ ခုနှစ် ဩဂုတ်လ (၂၄)ရက် ကွမ်းခြံကုန်း သွားရာ ဒလမှာပဲ မတရား ဖမ်းဆီးတားမြစ်ခဲ့တယ်။ နောက်ထပ်တခါ စက်တင်ဘာလ(၂၁)ရက် မန္တလေးကို သွားရာမှာလည်း အလားတူ တားဆီးပိတ်ပင်မှုတွေလုပ်ပြီး နောက်တနေ့မှာ ဒေါ်အောင်ဆန်းစုကြည်ကို ဒုတိယအကြိမ် နေအိမ်အကျယ်ချုပ်ချထားလိုက်တယ်။ တဆက်တည်းမှာ အဖွဲ့ချုပ် အဖွဲ့ဝင် (၉၀)ကျော်ကို ဖမ်းဆီးထိန်းသိမ်းထားပြီး အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အားလုံးကို အကျယ်ချုပ် ဖမ်းဆီးထားလိုက်ခဲ့ပြန်တယ်။

ဒုတိယအားဖြင့် ငှားရမ်းအသုံးပြုထားတဲ့ အဖွဲ့ချုပ်ရုံး အဆောက်အဦးကို ပိုင်ရှင်အား ဖယ်ရှားပေးဖို့ ဖိအားပေးတောင်းဆိုစေခဲ့တယ်။ ဒါပေမယ့် ဒီဖြစ်စဉ်မှာ အဲန်အယ်လ်ဒီအဖွဲ့ဝင်တွေရဲ့ ခံယူချက်၊ ယုံကြည်ချက်၊ စိတ်ဓာတ်နဲ့ သတ္တိကို ပေါ်လွင်ထင်ရှားစေခဲ့တယ်။ ဘယ်တုန်းကမှ အဖမ်းဆီးတားမြစ်ခြင်းခံရပြီး ခေါင်းဆောင်မှုမဲ့နေတဲ့ အချိန်မှာ အသက်အရွယ်ကြီးရင့်ပြီး ကျန်းမာရေး ချို့တဲ့နေလို့ ထိန်းသိမ်းထားတာက ကင်းလွတ်နေတဲ့ လွှတ်တော်ကိုယ်စားလှယ်လူကြီး (၂)ဦးက ဦးဆောင်ပြီး "အဖွဲ့ချုပ်ရုံးကို အာဏာပိုင်များကိုယ်တိုင် လာရောက်ပိတ်ဆို့တားဆီးခြင်းမပြုသေးသ၍ အဖွဲ့ချုပ်ရုံးမှာ လာရောက် စုဝေးနေထိုင်ရေးဟာ တို့တာဝန်ဖြစ်တယ်"ဆိုတဲ့ ခံယူချက်နဲ့ လာပြီး စုဝေးနေထိုင်ကြလို့ အရင်ကထက် အင်အား ပိုမိုတိုးပွားလာခဲ့တယ်။ အိမ်ရှင်ကိုလည်း ပြေလည်အောင် ရှင်းလင်းပြောကြားပြီး ဆက်လက်ရုံးဖွင့်နိုင်ခဲ့တယ်။ နောက်ဆုံးမှာ စစ်အာဏာပိုင်တွေဟာ မှန်းချက်နဲ့ နှမ်းထွက်မကိုက်ပဲ ရက်ပေါင်း (၇၀)အကြာမှာ အတွင်းရေးမှူး ဦးလွင်ခေါင်းဆောင်တဲ့ ဗဟိုအလုပ်အမှုဆောင်(၆)ဦးကို ပြန်လွှတ်ပေးပြီး ဦးအောင်ရွှေ၊ ဦးတင်ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ကို ဆက်လက် ထိန်းသိမ်းထားခဲ့တယ်။





> အဲန်အယ်လ်ဒီခေါင်းဆောင်ပိုင်းကို ဖမ်းထား၊ ရုံးတွေကို ပိတ်၊ ဆိုင်းဘုတ်ဖြုတ်ချ၊ အဖွဲ့ဝင်တွေကို ဖိအားပေးနှုတ်ထွက်ခိုင်းပြီး တစတစ ပြိုကွဲပျက်စီးသွားတာကို သူတို့က အမိန့်ထုတ်လို့ ဖျက်ဆီးခိုင်းတာ မဟုတ်လေသယောင်အပြင် အမွှမ်းနဲ့ တရားစွဲဆိုထားတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်မှာလည်း ရုံးအဖြစ် အသုံးပြုတာ၊ စည်းဝေးဆွေးနွေးပွဲများတောင် မပြုလုပ်နိုင်အောင်၊ တချက်ခုတ် သုံးလေးချက်ပြတ် စနစ်တကျ လုပ်ခဲ့တာပဲဖြစ်တယ်။

တတိယအားဖြင့် ဒေါ်အောင်ဆန်းစုကြည် နေထိုင်လျက်ရှိတဲ့ တက္ကသိုလ်ရိပ်သာလမ်းအိမ်ကို ပြည်ထဲရေးဝန်ကြီးရဲ့ ကြိုတင်ခွင့်ပြုချက်နဲ့ ဦးအောင်ဆန်းဦးက အမွေရလိုမှု တရားစွဲဆိုတဲ့ကိစ္စဖြစ်တယ်။ အဲန်အယ်လ်ဒီခေါင်းဆောင်ပိုင်းကို ဖမ်းထား၊ ရုံးတွေကို ပိတ်၊ ဆိုင်းဘုတ်ဖြုတ်ချ၊ အဖွဲ့ဝင်တွေကို ဖိအားပေးနှုတ်ထွက်ခိုင်းပြီး တစတစ ပြိုကွဲ ပျက်စီးသွားတာကို သူတို့က အမိန့်ထုတ်လို့ ဖျက်ဆီးခိုင်းတာ မဟုတ်လေသယောင်အပြင် အမွေမှုနဲ့ တရားစွဲဆိုထားတဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ နေအိမ်မှာလည်း ရုံးအဖြစ် အသုံးပြုတာ၊ စည်းဝေးဆွေးနွေးပွဲများတောင် မပြုလုပ်နိုင်အောင်၊ တချက်ခုတ် သုံးလေးချက်ပြတ် စနစ်တကျ လုပ်ခဲ့တာပဲဖြစ်တယ်။

အဲန်အယ်လ်ဒီအထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ဟာ ၂၀၀၂ ခု မေလ(၆)ရက်နေ့မှာ ဒုတိယအကြိမ် နေအိမ်အကျယ်ချုပ်က လွတ်မြောက်လာခဲ့တယ်။ လွတ်ပြီး (၁)လလောက်အကြာမှာ ပြည်နယ်/တိုင်းအနှံ့ ၂၀၀၂ ဇွန်လမှာ မန္တလေးတိုင်း၊ ၂၀၀၂ ဇူလိုင်မှာ မွန်ပြည်နယ်၊ ၂၀၀၂ ဩဂုတ်လမှာ ရန်ကုန်တိုင်း ဒလမြို့နယ်၊ ၂၀၀၂ နိုဝင်ဘာမှာ ရှမ်းပြည်နယ်နဲ့ ၂၀၀၂ ဒီဇင်ဘာမှာ ရခိုင်ပြည်နယ်ခရီးစဉ်တွေကို ဆက်တိုက်နီးပါး ထွက်ခဲ့တယ်။ အဲဒီခရီးစဉ် အသီးသီးမှာ နအဖ လက်ကိုင်ဒုတ် ကြံ့ဖွံ့အဖွဲ့က အကြိမ်ကြိမ် ဟန့်တားနှောင့်ယှက်အကြမ်းဖက်မှုတွေ လုပ်လာခဲ့တယ်။

အဲန်အယ်လ်ဒီဟာ ဒေါ်အောင်ဆန်းစုကြည် ဒုတိယအကြိမ် အကျယ်ချုပ်က လွတ်လာပြီးတဲ့နောက်ပိုင်း ၂၀၀၂ ခု မေလ(၂၇)ရက် (၁၂)နှစ်မြောက် ရွေးကောက်ပွဲနေ့၊ စက်တင်ဘာ(၂၇)ရက်နေ့မှာ အဖွဲ့ချုပ်တည်ထောင်ခြင်း (၁၄)နှစ်မြောက်၊ ၂၀၀၂ ခုနှစ် (၅၅)နှစ်မြောက် လွတ်လပ်ရေးနေ့၊ (၆-၅-၀၂)(၈-၉-၀၂)(၁-၁-၀၂)တွေမှာ မူသဘောဆောင်တဲ့ ဆုံးဖြတ်ချက်၊ ကြေညာချက်တွေကို ဆက်တိုက်ထုတ်ပြန်ခဲ့ပါတယ်။

အနှစ်ချုပ်အားဖြင့်ကတော့-

အဲန်အယ်လ်ဒီနဲ့ နအဖတို့ဟာ အပေးအယူနဲ့ နိုင်ငံရေး အဓိပ္ပာယ်ပြည့်ဝတဲ့ ဆွေးနွေးပွဲတွေ မစမီ-

(၁) နိုင်ငံရေးအကျဉ်းသားအားလုံး ခြွင်းချက်မရှိ အမြန်ဆုံး လွှတ်ပေးဖို့၊

(၂) ၉၀ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည် မဖော်မပေးမချင်း နောက်ထပ်ရွေးကောက်ပွဲသစ် ကျင်းပတာကို လက်မခံ၊

(၃) နအဖဦးဆောင်လုပ်နေတဲ့ အမျိုးသားညီလာခံရဲ့လက်ရှိပုံစံကို မပြောင်းသရွေ့ အဖွဲ့ချုပ်က တက်ရောက်မှာ မဟုတ်၊

(၄) အခြေခံဥပဒေမှာ ပါဝင်ထည့်သွင်းရမယ့် ပြဋ္ဌာန်းချက်တွေကို လက်ရှိ အမျိုးသားညီလာခံက ချမှတ်ထားတာကို အဖွဲ့ချုပ်က လက်မခံ၊

(၅) နိုင်ငံတကာ ထောက်ပံ့ကူညီမှု ပေးရင်၊ လူသားချင်း စာနာထောက်ထားမှု (ဥပမာ-AIDS အတွက် ကူညီမှု)မှာ ပွင့်လင်း ရိုးသားမှု၊ တာဝန်ယူနိုင်မှု၊ လွတ်လပ်တဲ့ စောင့်ကြပ်ကြည့်ရှုမှု ရှိရမယ်။

❖

# စစ်အုပ်စုဖြုတ်ချရေး နောက်ဆုံးတိုက်ပွဲအတွက် ဗကပက ညှိနှိုင်းလိုကြောင်း တိုင်းပြည်သို့ ကြေညာ

“စစ်အုပ်စုကတဖက် ပြည်သူကတဖက် နှစ် ၄၀ ကျော် အားစမ်းခဲ့သည့်ပွဲ၊ ဒီတချီတွင် အရှုံးအနိုင်ပေါ်တော့မည်။ ဟိုကဝင်ကူနိုးနိုး ဒီကဝင်ပြီး ဖြေရှင်းနိုးနိုး စိတ်ကူးယဉ်နေရမည့်အချိန် မဟုတ်ပါ။ ကိုယ့်အားကိုယ်ကိုး တိုက်ပွဲဝင်ဖို့ ပြင်ကြရမည်”ဟု ပြောဆိုလိုက်ပြီး နှစ်ပေါင်း(၄၀)ကျော်ကြာ အမြစ်တွယ်လာခဲ့သည့် ဘုံရန်သူစစ်အုပ်စုအား ဖြုတ်ချနိုင်ရေး ‘နောက်ဆုံးတိုက်ပွဲ’အတွက် သေနင်္ဂဗျူဟာနှင့် နည်းပရိယာယ်ခြေလှမ်းများကို ပြည်တွင်းပြည်ပဒီမိုကရေစီအင်အားစုအားလုံးနှင့် ညှိနှိုင်းလိုကြောင်း ဗမာပြည်ကွန်မြူနစ်ပါတီ ဗဟိုစည်းရုံးရေးကော်မတီ ပြောရေးဆိုခွင့်ရှိသူက နိုဝင်ဘာလ(၁၄)ရက်နေ့ နေ့စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါထုတ်ပြန်ကြေညာချက်တွင် နအဖ၏ လမ်းပြမြေပုံကို ပြည်တွင်းရှိ အဓိကအင်အားစုအားလုံးက လက်မခံကြောင်း၊ စစ်အုပ်စုသည် ‘လမ်းပြမြေပုံမှတပါး ထွက်လမ်းမရှိ ဖြစ်နေသဖြင့်’ မျက်စိမှိတ်ကာ ဇွတ်တိုးလိုက်ခြင်းဖြစ်ကြောင်း ပြောဆိုလိုက်သည်။ နောက်ဆုံးတိုက်ပွဲ တိုက်မည်ဆိုလျှင် နောက်ဆုံး (၅)မိနစ် တောင့်ခံနိုင်သူ၊ တပ်ကူများ ပေးနိုင်သူက နိုင်မည်ဖြစ်ကြောင်း၊ ယခုအခြေအနေတွင် စစ်အုပ်စုအဖို့ တပ်ကူရရန် မည်သို့မျှ မစွမ်းဆောင်နိုင်ကြောင်း၊ အမျိုးသားညီလာခံ ခေါ်ရေးတွင်ပင် အိုးနင်းခွက်နင်းဖြစ်နေကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

ဆက်လက်၍ “ပြည်သူ့ဘက် တပ်ကူများများရရေးကို စဉ်းစားကြတော့မည်ဆိုလျှင် ဘောင်ကျယ်ကျယ်ခတ်ထားမှဖြစ်မည်။ အမျိုးသားညီလာခံ သပိတ်မှောက်ရေးချည်း လုပ်၍ မဖြစ်ပါ။ တချို့က သပိတ်မှောက်၊ တချို့က အမျိုးသားညီလာခံ ကျင်းပပုံကျင်းပနည်းကို ပြုပြင်ရေးတိုက်ပွဲဝင်၊ တချို့က (မတက်မဖြစ် တက်ရသူများက) အမျိုးသာညီလာခံတွင်း ဝင်၍ ပူးသတ်ကြရမည်” ဟု ကြေညာချက်တွင် ထပ်လောင်းဖော်ပြထားသည်။

ဗမာပြည်ကွန်မြူနစ်ပါတီသည် ၁၉၃၉ ခုနှစ် ဩဂုတ်လ(၁၅)ရက်နေ့၌ ထူထောင်ခဲ့သည့် ဗမာပြည်နိုင်ငံရေးလောကတွင် သက်တမ်းအရှည်ကြာဆုံး ဝါရင့်နိုင်ငံရေးပါတီကြီးတခုဖြစ်ပြီး ပထမဆုံး အတွင်းရေးမှူးမှာ သခင်အောင်ဆန်း ဖြစ်သည်။ ယခုအခါ မြေအောက်ပါတီတရပ်အဖြစ် ရပ်တည်ကာ ဒီမိုကရေစီရေးတိုက်ပွဲတွင် ပြည်ချစ်ဝါဒလမ်းစဉ် ကိုင်စွဲ၍ စစ်အာဏာရှင်စနစ်ချုပ်ငြိမ်းပြီး ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ် ပေါ်ထွန်းလာစေရေးအား ဦးတည်တိုက်ပွဲဝင်နေသည့် ပါတီကြီးတရပ်ဖြစ်သည်။ ❖

# နအဖ၏ပြောင်လိမ်ပြောင်စားညာဉ် ပင်ဟေးရိုး စိတ်ပျက်လက်ပျက်ဖြစ်

**နိုဝင်ဘာ၊ (၁၀)ရက်။**

နအဖစစ်ခေါင်းဆောင်များက မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား မည်သို့သောပုဒ်မနှင့်မှ ဖမ်းဆီးထားခြင်းမဟုတ်ဟု ပြောခဲ့သော်လည်း အဖြစ်မှန်နှင့် ကိုက်ညီခြင်းမရှိကြောင်း ကုလသမဂ္ဂ လူ့အခွင့်အရေးစုံစမ်းသူ မစ္စတာ ပင်ဟေးရိုးက ထုတ်ဖော်ပြောဆိုလိုက်သည်။

နိုဝင်ဘာ (၈)ရက်နေ့က ရန်ကုန်မြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ၎င်းက ဒေါ်အောင်ဆန်းစုကြည်သည် နအဖ၏ လုံခြုံရေးအစီအစဉ်နှင့်သာ နေနေရပြီး လွတ်လပ်စွာ လှုပ်ရှားခွင့်မရှိသလို ဧည့်သည်များနှင့်လည်း လွတ်လပ်စွာ တွေ့ဆုံခွင့်မရကြောင်း၊ ထို့ပြင် ပြင်ပကမ္ဘာနှင့် ဆက်သွယ်ခွင့်မရအောင် တယ်လီဖုန်းလိုင်းများလည်း ဖြတ်တောက်ထားကြောင်း ပြောကြားခဲ့ပြီး လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသည့် အဖွဲ့ချုပ်ခေါင်းဆောင်အားလုံးလည်း နေအိမ်အကျယ်ချုပ်နှင့် ထိန်းသိမ်းခံနေကြရကြောင်း၊ ပါတီဒုဥက္ကဋ္ဌ ဦးတင်ဦးကမူ ထောင်တွင်း အကျဉ်းကျခံနေရကြောင်း ပြောကြားခဲ့သည်။ ❖

# လူ့အခွင့်အရေးကိုယ်စားလှယ်အား နအဖတပတ်ရိုက်

**နိုဝင်ဘာ၊(၁၈)ရက်။**

အသက်အရွယ်ကြီးရင့်သူ နိုင်ငံရေးအကျဉ်းသားများအား ပြန်လွှတ်ပေးရန် ကုလသမဂ္ဂ လူ့အခွင့်အရေးကိုယ်စားလှယ်၏ တောင်းဆိုမှုကို တပတ်ရိုက်သည့်အနေဖြင့် နိုဝင်ဘာ(၁၈)ရက်က အသက်(၆၅)နှစ်အထက် နိုင်ငံရေးအကျဉ်းသား (၉)ဦးအပါအဝင် အကျဉ်းသား(၅၈)ဦးကို ပြန်လွှတ်ပေးလိုက်ကြောင်း နအဖက သတင်းထုတ်ပြန်ခဲ့သည်။

လူ့အခွင့်အရေး စုံစမ်းစစ်ဆေးသူ မစ္စတာပင်ဟေးရိုးက သတင်းစာဆရာကြီး ဦးဝင်းတင်အပါအဝင် အသက်အရွယ်ကြီးသူများနှင့် ကျန်းမာရေးချို့တဲ့နေသည့် နိုင်ငံရေးအကျဉ်းသားများအား ပြန်လွှတ်ပေးရန် တောင်းဆိုခဲ့သည်။

သို့ရာတွင် ယခု လွတ်မြောက်လာသူများထဲတွင် မစ္စတာပင်ဟေးရိုးက အဓိကတောင်းဆိုခဲ့သူ ဦးဝင်းတင် (၇၃ နှစ်)နှင့် အခြား နိုင်ငံရေးအကျဉ်းသားကြီးများ ဖြစ်ကြသော ဒေါက်တာမောင်မောင်ကျော်(၈၀)နှစ်၊ နိုင်ငွေသိန်း (၈၀ နှစ်ကျော်)၊ အသက်(၇၀)ကျော်နေကြပြီဖြစ်သည့် ဒီမိုကရေစီပါတီမှ ဦးသုဝေနှင့် ဦးထွေးမြင့်တို့အနက် တဦးမျှ ပါမလာခဲ့သေးကြောင်း သိရသည်။

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ပြန်လွှတ်ပေးသင့်သည့်လူများထဲတွင် အသက်(၂၇)နှစ်အရွယ်တည်းက ယုံကြည်ချက်ကြောင့် ထောင်ဒဏ်နှစ်ရှည် ကျခံနေရသည့် ကျောင်းသားခေါင်းဆောင် မင်းကိုနိုင်လည်း ပါဝင်သင့်ကြောင်း ပြောဆိုခဲ့သည်။

❖

# ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းမှ နိုင်ငံတကာရောက် လူမျိုးစုံ မျိုးချစ်မြန်မာတိုင်းရင်းသားများနှင့် မြန်မာ့ဒီမိုကရေစီအင်အားစုများအားလုံးသို့ တိုက်တွန်းနှိုးဆော်ချက်



နိုင်ငံတကာမှာ အကြောင်းအမျိုးမျိုးနဲ့ ရောက်ရှိနေကြတဲ့ တိုင်းချစ်ပြည်ချစ် လူမျိုးစုံမြန်မာနိုင်ငံသူနိုင်ငံသားအပေါင်းတို့ ခင်ဗျား ....

ယနေ့ မြန်မာနိုင်ငံအတွင်းမှာ စစ်အာဏာရှင်စနစ်ဆိုးရဲ့ နည်းမျိုးစုံနဲ့ ဖိနှိပ်အုပ်ချုပ်ခံနေကြရတဲ့ တိုင်းရင်းသားလူမျိုးစုံပြည်သူတရပ်လုံးရဲ့ အလွန်ဆိုးဝါးလှတဲ့ အဖိနှိပ်ခံဘဝမှ လွတ်မြောက်အောင် ကယ်တင်နိုင်ဖို့နဲ့ စစ်မှန်တဲ့ ဒီမိုကရေစီနဲ့ အခြေခံလူ့အခွင့်အရေးများကို အပြည့်အဝအာမခံနိုင်တဲ့ အနာဂတ် ပြည်နယ်ပေါင်းစုပြည်ထောင်စုကြီးတရပ်ကို အမြန်ဆုံး ပြန်လည်တည်ဆောက်နိုင်ရေးအတွက် ကျနော်တို့ တိုင်းချစ်ပြည်ချစ် တိုင်းရင်းသားအင်အားစုတွေအားလုံး တက်ညီလက်ညီနဲ့ စုပေါင်းဆောင်ရွက်ရမယ့်အချိန်ကို ရောက်နေပါပြီ။

ကျနော်တို့တတွေရဲ့ မိမိကိုယ်မိမိ အားကိုးယုံကြည်မှုနဲ့ စုစည်းညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်ကြမှသာ ကျနော်တို့တိုင်းပြည်ရဲ့ ကံကြမ္မာကို ပြောင်းလဲပစ်နိုင်မှာဖြစ်တယ်။ ဒီနေရာမှာ နိုင်ငံတကာရောက် တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်တွေနဲ့ ဒီမိုကရေစီအင်အားစုတွေရဲ့ အခန်းကဏ္ဍဟာ အလွန်အရေးကြီးတယ်လို့ အပြည့်အဝ ယုံကြည်မှုနဲ့ ဒီတိုက်တွန်းနှိုးဆော်ချက်ကို ပေးပို့လိုက်တာဖြစ်ပါတယ်။ သက္ကရာဇ် ၂၀၀၃ ခုနှစ် အောက်တိုဘာလ (၁၁–၁၂)ရက်နေ့များမှာ ပြည်ထောင်စု မြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရနဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီက ဖိတ်ကြားထားတဲ့ ခေါင်းဆောင်များ၊ နိုင်ငံတကာရောက် မြန်မာဒီမိုကရေစီအင်အားစုများ စုပေါင်းပြီး အမေရိကန်ပြည်ထောင်စု အင်ဒီယာနားပြည်နယ်၊ ဖို့ဝိန်းမြို့မှာ စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေးနဲ့ ဒီမိုကရေစီ အမြန်ဆုံး ပေါ်ထွန်းနိုင်ရေးအတွက် ညီလာခံတရပ်ကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။

ဒီညီလာခံကြီးက ပေါ်ထွက်လာတဲ့ အဓိကလမ်းညွှန်မှုကတော့ နိုင်ငံတကာမှာ ရောက်ရှိနေကြတဲ့ မြန်မာပြည်ဖွား တိုင်းရင်းသားအင်အားစုအားလုံး ပူးပေါင်းဆောင်ရွက်မှု ရရှိဖို့၊ အဲဒီပူးပေါင်းဆောင်ရွက်မှုနဲ့ ပြည်တွင်းဒီမိုကရေစီရေး လှုပ်ရှားမှုကြီးကို အခိုင်အမာအထောက်အကူပြုပြီး စစ်အာဏာရှင်စနစ် ချုပ်ငြိမ်းရေး၊ ဒီမိုကရေစီ ပြန်လည်ထူထောင်ရေး၊ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး တိုက်ပွဲကြီးကို အရှိန်အဟုန်မြှင့် ဖော်ဆောင်သွားဖို့ ဖြစ်ပါတယ်။

ဒါ့ကြောင့် နိုင်ငံတကာမှာ ရောက်ရှိနေကြတဲ့ မြန်မာပြည်ဖွား တိုင်းရင်းသားပြည်သူများအနေနဲ့ မိခင်တိုင်းပြည်မှာ ဒီမိုကရေစီစနစ် တည်ဆောက်နိုင်ရေးအတွက် မိမိတို့ရဲ့ အမျိုးသားရေးတာဝန်တရပ်အဖြစ် ဘက်ပေါင်းစုံက ကူညီပံ့ပိုးသွားကြဖို့နဲ့ ကိုယ်တိုင်ကိုယ်ကျ တတ်နိုင်သမျှ ပါဝင်ဆောင်ရွက်ကြဖို့ ကျနော့်အနေနဲ့ မေတ္တာရပ်ခံ တိုက်တွန်းပါတယ်။

ဒီမိုကရေစီရေးတိုက်ပွဲများအတွင်း ပုံသဏ္ဍာန်မျိုးစုံနဲ့ တိုက်ပွဲဝင်နေကြတဲ့ ရဲဘော်များအားလုံး ဆက်စပ်ဆောင်ရွက်ရေးနဲ့ အခိုင်အမာလက်တွဲပြီး လုပ်ငန်းများကို အကောင်အထည်ဖော်ရေးဟာ ကျနော်တို့ရဲ့ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အလွန်အဓိကကျလှပါတယ်။ ဒါ့ကြောင့် ကျနော်တို့အားလုံး ညီညီညွတ်ညွတ် လက်တွဲဆောင်ရွက်သွားဖို့ အလေးအနက် နှိုးဆော်အပ်ပါတယ်။

မြန်မာပြည်ဖွား တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်များ၊ ဒီမိုကရေစီအင်အားစုများ ခင်ဗျား ....

နိုင်ငံအနှံ့အပြားနဲ့ ဒေသအသီးသီးက ဒီမိုကရေစီကို မြတ်နိုးတဲ့ ဒီမိုကရေစီရရှိရေးတိုက်ပွဲကို အင်တိုက်အားတိုက် ဆင်နွှဲသွားကြမယ့် တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်များရဲ့ စုဖွဲ့မှုများ (Communities) ကျယ်ကျယ်ပြန့်ပြန့် ပေါ်ထွန်းလာဖို့ အလွန်အရေးကြီးပါတယ်။ ဒီအင်အားစုများ ဆက်စပ်ပြီး ကမ္ဘာနဲ့အဝှမ်းမှာ ကျနော်တို့ မြန်မာပြည်သူတွေရဲ့ စစ်အာဏာရှင်ဖျက်သိမ်းရေးလှုပ်ရှားမှုတွေကို အင်နဲ့အားနဲ့ ဟန်ချက်ညီ စုပေါင်းဆောင်ရွက်ကြဖို့လည်း အလေးအနက် တိုက်တွန်းအပ်ပါတယ်။

ဖို့ဝိန်းညီလာခံကြီးက ချမှတ်ထားတဲ့ မြန်မာပြည် ဒီမိုကရေစီထွန်းကားရေး ကိုယ်ထူကိုယ်ထ ရန်ပုံငွေတရပ် ထူထောင်ထားရှိရေး လုပ်ငန်းစဉ်မှာလည်း တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ကြဖို့ လိုအပ်ပါလိမ့်မယ်။

ညီလာခံကို အကြောင်းအမျိုးမျိုးကြောင့် တက်ရောက်မလာနိုင်ကြတဲ့ ကျနော်တို့ရဲ့ မိတ်ဆွေတွေ၊ ရဲဘော်ရဲဘက်တွေနဲ့ ဒီမိုကရေစီရေးအင်အားစုများအနေနဲ့လည်း ညီလာခံကြီးက ပေါ်ထွက်လာတဲ့ ကောင်းမွန်တဲ့ သဘောတူညီမှုတွေအပေါ်မှာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ ကျနော့်အနေနဲ့ မေတ္တာရပ်ခံ တိုက်တွန်းလိုပါတယ်။

လေးစားအပ်သော တိုင်းချစ်ပြည်ချစ်ပုဂ္ဂိုလ်များ၊ ဒီမိုကရေစီရေးအင်အားစုများ ခင်ဗျား ....

ကျနော်တို့တိုင်းပြည်ရဲ့ ကံကြမ္မာကို ကျနော်တို့ တိုင်းသူပြည်သားများကသာ ဖန်တီးကြရမှာဖြစ်တယ်။ ဒါ့ကြောင့် ကျနော်တို့ တဦးချင်းစီရဲ့ အမျိုးသားရေးတာဝန် ကျေပွန်မှုကို ယနေ့ ကျနော်တို့ ထင်ထင်ရှားရှား ပြသရမယ့်အချိန် ရောက်ပါပြီ။ ကျနော်တို့ရဲ့ အခိုင်အမာ လက်တွဲဆောင်ရွက်မှုနဲ့ ကျနော်တို့ တိုင်းပြည်ရဲ့ကံကြမ္မာကို အကောင်းဆုံးဖြစ်အောင် ဖန်တီးကြပါစို့။

အတိတ်မှာရှိခဲ့တဲ့ အမှားတွေကို၊ အားနည်းချက်တွေကို သင်ခန်းစာယူပြီး ပြင်ဆင်ကြပါစို့။

အားသာချက်တွေကို စုစည်းပြီး ဒီမိုကရေစီရေးတိုက်ပွဲကြီးရဲ့ အရှိန်အဟုန်ကို အစွမ်းကုန်မြှင့်တင်ကြပါစို့။

ဒီမိုကရေစီတော်လှန်ရေး မုချအောင်မြင်ရမည် .... ။

စိန်ဝင်း
ဝန်ကြီးချုပ်
ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားညွန့်ပေါင်းအစိုးရ

၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ (၂၆)ရက်။

**၁ ယခင်လမှအဆက်**

အဲဒီလို လေးဗစ်ရိုက်ချိန်ကမှ ရှေ့ကို ဖင်တရွတ် တွန်းတိုးပေးရင်း ဒူးကို မောင်မင်းကြီးသားအလိုကျ ကွေးပေးရ၊ ရှေ့တိုး နောက်ငင် လုပ်ပေးရတယ်။ အဲဒီလို လေးဗစ် မရိုက်ခင်ကြား သံချောင်းရှည်ကြီးနဲ့ တဆက်တည်း သံကွင်းဆက်ကိုလဲ အသင့်ထည့်ပေးလိုက်တဲ့အတွက် လေးဗစ်ရိုက်ပြီးချိန်မှာ ခြေတဖက်စာ ခြေကျင်းခတ်ခြင်းကိစ္စ အောင်မြင်စွာ ပြီးဆုံးခြင်းကို ရောက်ပါတယ်။ နောက်တဖက်ကျတော့လဲ ထိုနည်းငှင်းပေါ့။

သူ ခြေကျင်းရိုက်နေတုန်း ဝါဒါ ရေသွားသောက်လို့ ဘေးဘေးဘီဘီ လူမရှိတုန်း သူက ကျနော့်မျက်နှာကို အကဲခတ်သလို ကြည့်ရင်း ''ဘာမှုတုန်း''လို့ မေးတယ်။ ကျနော်က ''နိုင်ငံရေး''လို့ ဖြေလိုက်တော့ သူက ခေါင်းကို ခပ်လေးလေးကြီး ရမ်းရှာတယ်။ ကျနော့်အပေါ် ကရုဏာသက်လို့လား၊ စိတ်မကောင်းဖြစ်သွားလို့လား၊ တစုံတရာ လေးစားသွားလို့လား၊ ဒါမှမဟုတ် ဆေးလိပ်လေး သုံးလေးငါးလိပ်မှ လိုင်းဖန်လို့ မရနိုင်တော့တဲ့ အမျိုးအစားမှန်း သိသွားပြီး ဒီနေ့တော့ လာဘ်ပိတ်သွားတာပဲလို့များ ယူဆသွားလို့လားတော့ မသိပါ။ သူက ခေါင်းကိုသာ ဖြေးဖြေးချင်း ရမ်းရင်း ပင့်သက်ချပါတယ်။

''ဒီအစွန်းတွေကို သေအောင်မရိုက်ရင် သွားရင်းလာရင်း ခြေထောက်နဲ့ရှမိပြီး ဒဏ်ရာ ဗလပွဖြစ်တတ်တယ်။ ဒို့ပြင်အမှုသည်တွေ၊ ခြေကျင်းဝါရင့်တွေဆိုရင် ကောင်းကောင်း ရိုက်ပေးအောင် လိုင်းပေးတယ်။ တောင်းဖို့တောင် မလိုဘူး။ ဘာပဲဖြစ်ဖြစ် ခုလဲ ကောင်းကောင်းရိုက်ပေးလိုက်ပါတယ်'' တဲ့။

အဲဒါကတော့ ပထမဆုံးသော ခြေကျင်းနဲ့ ဖူးစာဆုံရခြင်းရဲ့ နိဒါန်းအစပါပဲ။ ခြေထောက်နှစ်ဖက်စလုံး ခြေကျင်းခတ်ပြီးချိန်မှာ အပေါ်ဆုံးကွင်းနှစ်ကွင်းကို ပူးကိုင်ပြီး ခြေကျင်းသံတချွင်ချွင်နဲ့ တိုက်ထဲ ပြန်ဝင်လာတော့ အနီးအနားက ရဲဘော်တွေ၊ မိတ်ဆွေတွေက စိတ်မကောင်းစွာနဲ့ လှမ်းကြည့်ကြတယ်။

''ကဗျာဆရာရေ.... အတွေ့အကြုံပေါ့''တဲ့။

ဟုတ်ကဲ့ အတွေ့အကြုံပါပဲ။ ဒါပေမယ့် ဘဝနဲ့ ရင်းထားရတဲ့ အတွေ့အကြုံ။

(၂)

ရုံးထွက်ရတော့ တရားရုံးထဲမှာ ခြေကျင်းသံတချွင်ချွင်နဲ့ ဝင်ခဲ့တယ်။ အစကမှ သွားလာလှုပ်ရှားတိုင်း တချွင်ချွင် တချွမ်ချွမ် မြည်တတ်တဲ့ သံခြေကျင်းကြီးကို နှစ်ဆတိုးပြီး အသံမြည်အောင် ခြေကို ခပ်ပြင်းပြင်း ဆောင့်ပြီး ဝင်တယ်။ ကျနော်က အရွဲ့တိုက်ပြီး ဟိုဘက်သွားလိုက် ဒီဘက်သွားလိုက် လုပ်တယ်။

အံမယ်.... အဲဒီတော့လဲ ထောက်လှမ်းရေးဆိုတဲ့ အကောင်တွေက သူတို့ကို တမင် သောက်ရှက်ခွဲပြနေတာလို့များ ခံစားတတ်သွားသလား မသိပါဘူး။ မျက်နှာကြီးတွေ ညိုလို့။

ဘယ်လိုမှ မအောင့်အီးနိုင်တော့တဲ့ အကောင်တကောင်က ''ခင်ဗျားက ငြိမ်ငြိမ်နေမှပေါ့ဗျ။ တရားရုံး တရုံးလုံး ခြေကျင်းသံချည်းပဲ''တဲ့။ အဲ့ဒီတော့ ကျနော်က ''ဒါ.... ခင်ဗျားတို့ နိုင်ငံတော်အစိုးရဆိုတာက ခတ်ပေးထားတာပဲလေ။ ခြေကျင်းဆိုတာ မြည်တဲ့အမျိုးပဲ။ မမြည်စေချင်ရင် မခတ်နဲ့ပေါ့'' လို့ ပြန်ပြီးငေါ့လိုက်တယ်။ ထောက်လှမ်းရေးဆိုတဲ့ အကောင်ဟာ အံကြီးကို ကြိတ်လို့။ သူ့အဖေ မတရားအစိုးရဘက်ကနေ နာတတ်လိုက်တာ။ သခင်အားရကျွန်ပါးဝဆိုတဲ့ အကောင်းမျိုး ပီသလှပါတယ်။

အင်းစိန်ထောင်ဗူးဝ အထူးတရားရုံး ဆိုတဲ့ မတရားရုံးထဲမှာပဲ အလယ်ထိုင် တရားသူကြီးဆိုတဲ့ ''ခင်မောင်မြင့်''ဆိုတဲ့ ပုဂ္ဂိုလ်က ကျနော့်ကို ပြုံးကြည့်တယ်။ အဲဒီပုဂ္ဂိုလ်က သမဝါယမဦးစီးဌာနက အရာရှိကြီး တယောက်ပါ။ မဆလခေတ် ပြည်သူ့တရားသူကြီးဆိုတဲ့ စာရင်းမှာ ပါလာပြီး ခပ်တည်တည် တရားသူကြီးလုပ်ပြီး အမှုကို ကြားနာစစ်ဆေးတဲ့ပုံ အပြည့်အဝသရုပ်ဆောင်နေတာပါ။ တကယ်က တရားသူကြီး လုပ်နေတာ၊ ပုဒ်မတောင် အခု(၂၀)ပြည့်အောင် အလွတ်ရဟန်မတူပါ။ မဆလခေတ် တရားစီရင်ရေးဆိုတာ တရားသူကြီးအဖို့ ဘာဥပဒေ၊ ဘာစီရင်ထုံးမှ တတ်ကျွမ်းနားလည်နေဖို့ မလိုပါ။ တရားရေးအကြံပေးဆိုတာတို့၊ ဥပဒေအကျိုးဆောင်ဆိုတာတို့က အကြံပေးလမ်းကြောင်းပေးတဲ့အတိုင်း လုပ်ချင်လုပ်၊ ဒါမှမဟုတ် ကိုယ်ရမ်းချင်သလို ရမ်းချပြီး ပြည်သူ့တရားစီရင်ရေး ခေါင်းစီးတပ်တတ်ရင် ပြီးသွားတာပါပဲ။ ပြည်သူ့တရားသူကြီးဆိုသူ မဆလတဦးက ဘယ်လိုများ တရားစီရင်ချက် ချဖူးသလဲ ဆိုရင် နှစ်ဖက်သော ရှေ့နေ ရှေ့ရပ်များရဲ့ ဥပဒေပုဒ်မ ဘယ်ရွှေဘယ်မျှနဲ့ ငြိစွန်းတယ်။

တရားလို တရားခံတွေရဲ့ ထွက်ဆိုချက်တွေအရ အမှုကြောင်း အမှုသွား အမှုလာဟာ ဘယ်လိုပေါ်လွင်နေတယ်၊ စီရင်ထုံး ဘယ်လောက်ပြဋ္ဌာန်းချက် ဘယ်ဝါအရ ဘယ်လိုရှိတယ်ဆိုတာတွေကို သေသေချာချာ နားထောင်မှတ်သားယောင်ဆောင်ပြီးတဲ့နောက် တရားသူကြီးလေသံအပြည့်နဲ့ စီရင်ချက်အမိန့်ကို ဖတ်ကြားလိုက်ပုံကတော့ ''ကျွန်ုပ်တို့ တရားသူကြီးအဖွဲ့၏ စဉ်းစားသုံးသပ်မှုအရ အမှုမှာ ထင်ရှားပေါ်လွင်နေသည် ဖြစ်သဖြင့် ဥပဒေက မည်သို့ဆိုစေကာမူ ထောင်ဒဏ်(၁၀)နှစ်''ဟူသတဲ့။ အဲဒီလို တရားစီရင်ရေးခေတ်ကြီးအတွင်းမှာ ကျနော်တို့လို နိုင်ငံရေးမှုမျိုးများကျတော့ ''ခင်မောင်မြင့်'' တို့လို တရားသူကြီးများအဖို့ သရုပ်ဆောင်ကောင်းကောင်းနဲ့ မပျင်းမရိ ထိုင်တတ်ဖို့သာ လိုပါတယ်။ ထောက်လှမ်းရေးက စီစဉ်ညွှန်ကြားတဲ့ ဇာတ်ညွှန်းအတိုင်း ကြိုတင်ချမှတ်ပေးထားတဲ့ ထောင်ဒဏ်နှစ်ကာလကို တရားရေးအကြံပေးဆိုတဲ့လူက ဘောင်ဝင်အောင် ကြံဖန်ရေးပေးထားတဲ့ စီရင်ချက်ထဲ ထည့်သွင်းပြီး တရားသူကြီးလေနဲ့ ဖတ်ကြားပြလိုက်ဖို့ပဲ လိုပါတယ်။

တရားသူကြီး ထိုင်ခုံမြင့်ကြီးပေါ် ထိုင်ရင်း ခြေကျင်းသံ တချွင်ချွင်နဲ့ ဝင်လာတဲ့ ကျနော့်ဆီလှမ်းကြည့်ပြီး ပြုံးလိုက်တဲ့ တရားသူကြီးဆိုသူရဲ့ အပြုံးဟာ မဲ့ပြုံးကြီး ဖြစ်ပါတယ်။ မောင့်ကျက်သရေခေါင်းပေါင်းကို ခပ်တည်တည်ပေါင်းထားရင်း ခေါင်းပေါင်းစတလူလူနဲ့ သူ့မျက်နှာဟာ ဆပ်ကပ်ထဲက လူပြက်မျက်နှာလိုလို၊ ခပ်ညံ့ညံ့ အငြိမ့်စင်တခုပေါ်က အိန္ဒြေနည်းနည်းလေးမှ မရလှတဲ့ လူပြက်လက်သင်တယောက်ရဲ့ မျက်နှာလိုလို ဖြစ်နေတယ်။ တခါတခါကျတော့လဲ လူတောသားပြော ပြောရရင် ဘီလူးမ ချိုချဉ်စုပ်နေတဲ့ မျက်နှာမျိုး မချိုမချဉ်ဖြစ်နေတယ်။

ကျနော်ကလဲ ခြေကျင်းသံကို နှစ်ဆတိုးမြည်အောင် ခြေထောက်ကို ခပ်ဆောင့်ဆောင့်နင်းရင်း တရားခံများနေရာကနေ သူ့မျက်နှာကို ခပ်တည်တည် ကြည့်နေလိုက်တယ်။

အဲဒီလို ရုံးထွက်တိုင်း တပ်ဆင်ရတဲ့ ခြေကျင်းကတော့ ရုံးတခါထုတ် တခါပါ။ တခါတပ် တရက်ပဲ ကြာပါတယ်။ မနက်ရုံးထွက်ရှိရင် ညနေကြိုတပ်ပေး၊ ညမှာ တိုက်ခန်းထဲ ခြေကျင်းနဲ့နေ၊ နောက်နေ့ ရုံးထွက်က ပြန်လာရင် နေ့မကူးခင် ပြန်ဖြုတ်ပေးလေ့ ရှိတယ်။ ဖြုတ်တော့လဲ ထုံးစံအတိုင်း ပေခုံပေါ်မှာ။ အဖြုတ်က အတပ်အခတ်လောက် မကြာ။

ကျနော်တို့ တိုက်ထဲ ထောင်ဝင်ခဲ့ရပြီး ကာလအနည်းငယ်အကြာမှာပဲ ထောက်လှမ်းရေးမှူးချုပ်ကြီး လန်ဘားတင်ဦးနဲ့ သူ့လက်ရင်းပြည်ထဲရေးဝန်ကြီး ဘိုနီတို့လဲ သူတို့ရဲ့ အဖေရင်း ဗိုလ်နေဝင်းက ရာဇမာန်တော် ရှပြီး အသုံးကံကျွေး အရေးအရာ အားလုံး ရုပ်သိမ်းကာနောက်ကျောကနေ ခြေနဲ့ ကန်ချပစ်လိုက်တဲ့အတွက် အင်းစိန်ထောင်ထဲရောက်လာခဲ့ရပါတယ်။ တလျှောက်လုံး သူတပါးပေါ် မတရားသဖြင့် ဖမ်းဆီးရိုက်နှက် ညှဉ်းပန်းလာခဲ့တဲ့အကောင်တွေ၊ သူတပါးကိုသာ နည်းအမျိုးမျိုးနဲ့ အပြစ်ရှာထောက်လှမ်းပြီး ထောင်သွင်းအကျဉ်းချစေလုပ်ခဲ့တဲ့ကောင်တွေ ကာလဝိပေါက် နောက်ပိုးတက်ပြီလေ။

ကျနော်တို့က ဗုဒ္ဓဟူးနေ့ ရုံးချိန်းဆိုရင် တင်ဦးနဲ့ ဘိုနီတို့က ကြာသာပတေးနေ့ ရုံးချိန်း၊ ရုံးထွက်ရရာ တရားရုံးကလဲ အင်းစိန်ဗူးဝ တရားရုံးမှာချည်း။ အကြောင်းကြောင်းကြောင့် ရမန်ကြီး ရွှေ့ဆိုင်းလိုက်ရတဲ့ သီတင်းပတ်တပတ်မှာ ထောင်ဝင်စာတွေ့ခွင့်ပေးတော့ ထောင်ဝင်စာခန်းကနေ ထောင်ဝင်စာထုပ်လေး ဆွဲပြန်အလာမှာ ထောက်လှမ်းရေးမှူးချုပ်ဟောင်း လန်ဘားတင်ဦး ခေါ် မျက်မှန်တင်ဦး ခေါ် အကုသိုလ်တိရိစ္ဆာန်ကြီးတင်ဦးကို အမှတ်မထင် တွေ့လိုက်ရပါတယ်။ သူလဲ ထောင်ဝင်စာခန်းက ပြန်လာပုံရပါတယ်။ သူ့ဘေးမှာ ထောင်မှူးတယောက်က ကြွပ်ကြွပ်အိတ်ကို ဆွဲလို့။

အရပ်ကြီးက ကလန်ကလားနဲ့ အရင်တုန်းကတော့ ထောင်ထောင်မောင်းမောင်း ပြည့်ပြည့်ဖြိုးဖြိုးရှိမယ့် ပုံသွင်ဟာ အခုတော့လဲ လပိုင်းအတွင်းမှာပဲ ကျသွားလိုက်တာ ပြိုလဲကျတော့မယ့် ထန်းပင်အိုကြီးတပင်လိုပါပဲ။ မဖြီးမသင် မရိတ်မညှပ်ထားတဲ့အတွက် ဆံပင်ဂုတ်ထောက်ရှည်ကြီး တလူလူနဲ့ သက်ကြီးလမ်းသူရဲအိုပုံ ပေါက်နေတယ်။ ဆံပင်တွေ တလူလူကလဲ ဖွာဖွေးနေပြီဖြစ်တဲ့အတွက် ကြာဆံထုပ် ခေါင်းပေါ် ရွက်ထားဘိသကဲ့သို့ ဖြစ်နေတယ်။ ပုလင်းဖင်ပိတ်လို မျက်မှန်ထူထူကြီးက ကြာဆံထုပ် ခေါင်းပေးတင်ထားသလိုရှိတဲ့ သူ့ခေါင်းနဲ့ ရက်စက်ယုတ်မာမှုအပြည့်နဲ့ ကလိန်ကကျစ်ကျနိုင်လွန်းလှတဲ့ မျက်နှာကို စည်းတားပေးထားသလို ရှိပါတယ်။ လန်ဘားတင်ဦး–မျက်မှန်တင်ဦး–အမ်အိုင်တင်ဦးဆိုတာ ဒီသတ္တဝါကြီးပါလား။ အရင် သူ မိုးကောင်းစဉ်တုန်းက နိုင်ငံရေးသမားကြီးတဦးကို ကိုယ်တိုင်ဝင်ရောက်ထိုးကြိတ် ကန်ကျောက်ရုံတင်မက နံရိုးတွေပေါ် စစ်ဖိနပ်နဲ့ တက်ခုန်ခဲ့တယ်ဆိုတဲ့ ဘီလူးယုတ်ကြီးပါကလား။ ဘယ်လောက်အထိ တန်ခိုးထွားခဲ့သလဲဆိုရင် နိုင်ငံတကာ စာနယ်ဇင်းတချို့က ဗမာပြည်ရဲ့ ''တစ်ခွဲ''ကြီးလို့တောင် ကင်ပွန်းတပ်ပေးခဲ့ရသူပါလား။ နေဝင်းက တစ်၊ စန်းယုက နှစ်၊ တင်ဦးက သုံး မဟုတ်၊ တစ်နဲ့ နှစ်ကြားက ''တစ်ခွဲ''ဆိုပြီးတောင် အမှတ်သညာပြုခြင်းခံရတဲ့ သတ္တဝါကြီး။ အခုတော့လဲ သူတသက်လုံး သူ့အဖေကြီးရဲ့ ရာဇပလ္လင် တည်မြဲရေးအတွက် ဦးဆွေးဆံမြည့် ယုတ်ယုတ်ကန်းကန်း အမှုတော်ထမ်းခဲ့သမျှ သူ့အဖေကြီးက နောက်ဆုံး ဆုလာဘ်တော်ကို ချလိုက်ပါပြီ။ 'တစ်ခွဲ'လဲ ဒစ်ပြဲပြီး ဝဋ်ငရဲမှာ အရှင်လတ်လတ် ရောက်နေရပါပြီ။ ကြည့်လေ.... အရူးကြီးတယောက်လို၊ မှော်ရူးကြီးတယောက်လို၊ စုန်းတစ္ဆေ ကဝေကားတွေထဲက တာတေကြီးလို ပုံစံမျိုးနဲ့ တွေ့သမျှ အကျဉ်းသားတွေကို ပြုံးပြနေလေရဲ့။ ပါးစပ်ကလဲ ''မပူနဲ့၊ မဟာဝိဇယဘုရားကြီး ထီးတော်တင်ရင် အကုန်လွတ်မှာ''လို့ ပြောနေလေရဲ့။ အကျဉ်းသားတွေရဲ့ သည်းခြေကြိုက် စကားကို ပြောဆိုနေတာ ဖြစ်နိုင်သလို၊ သူ့ဟာသူ ကြံဖန်မျှော်ကိုးပြီး သူ့ကိုယ်သူ အားပေး ဖြေသိမ့်မျှော်လင့်နေပုံမျိုးလဲ ဖြစ်နိုင်ပါတယ်။ ရယ်ချင်စရာလဲ တော်တော်ကောင်းပေါ့။

''တင်ဦးရဲ့ပျားဂေဟာလဲ ကြက်ဂေဟာ ဖြစ်သွားပြီဗျို့'' ''တင်ဦးရဲ့ လက်ရုံး 'ထောက်'တွေလဲ တသီကြီးဒေါက်ဖြုတ်ခံနေရပြီ၊ ပြုတ်တဲ့ကောင် ပြုတ်.... ရွှေ့တန်း အပို့ခံရတဲ့ကောင် ခံရတဲ့ဗျ''စတဲ့စတဲ့သတင်းတွေလဲ ကျနော်တို့ တိုက်တွေထဲအထိ ဝင်လာခဲ့ပါတယ်။ တင်ဦး ဘိုနီတို့အမှုတွဲနဲ့ တဆက်တည်း မဂိုလမ်းက နာမည်ကြီး ရွှေဆိုင်ပိုင်ရှင်တချို့လဲ ထောင်ထဲဝင်လာရတာ ကြားနေရပါတယ်။ တင်ဦး ဘိုနီတို့အပေါ် တပ်ပေးထားတဲ့ ပုဒ်မတွေကလဲ တသီကြီး။

တရက် ရုံးထွက် ခြေကျင်းခတ်ဖို့ သွားရစဉ်မှာတော့ ပြည်ထဲရေးဝန်ကြီးဟောင်း ထောက်လှမ်းရေးမှူးချုပ်ကြီးဟောင်း ဦးဘိုနီ ရွှေမျက်ရည်တော်ကျတဲ့အကြောင်း သတင်း၊ ကိုယ်တွေ့ကြုံရ ကြားရပါတော့တယ်။




(၂)

ဝင်းတင့်ထွန်း

ရုံးထွက်ရတော့ တရားရုံးထဲမှာ ခြေကျင်းသံတချွင်ချွင်နဲ့ ဝင်ခဲ့တယ်။ အစကမှ သွားလာလှုပ်ရှားတိုင်း တချွင်ချွင် တချွမ်ချွမ် မြည်တတ်တဲ့ သံခြေကျင်းကြီးကို နှစ်ဆတိုးပြီး အသံမြည်အောင် ခြေကို ခပ်ပြင်းပြင်း ဆောင့်ပြီး ဝင်တယ်။ ကျနော်က အရွဲ့တိုက်ပြီး ဟိုဘက်သွားလိုက် ဒီဘက်သွားလိုက် လုပ်တယ်။
အံမယ်... အဲဒီတော့လဲ ထောက်လှမ်းရေးဆိုတဲ့ အကောင်တွေက သူတို့ကို
တမင် သောက်ရှက်ခွဲပြနေတာလို့များ ခံစားတတ် သွားသလား မသိပါဘူး၊ မျက်နှာကြီးတွေ ညိုလို့။

**ဆက်လက်ဖော်ပြပါမည်**

# နိုင်ငံတကာ

## ထိုင်ဝမ်အပေါ် တရုတ်ပြည်၏ ပြင်းထန်သည့် သတိပေးချက်

**နိုဝင်ဘာ၊ (၁၉)ရက်။ [ဘီဘီစီ]**

ထိုင်ဝမ်မှ လွတ်လပ်ရေးကြေညာခဲ့လျှင် မလွဲမရှောင်သာ အင်အားအသုံးပြုရလိမ့်မည် ဖြစ်ကြောင်း တရုတ်ပြည်က သတိပေး ပြောကြားလိုက်သည်။

ခွဲထွက်ရေးအင်အားစုများအနေနှင့် တရားဝင်လွတ်လပ်ရေးအား ဆက်လက်တွန်းဆော်လုပ်နေမည်ဆိုပါက တန်ဘိုးကြီးကြီးမားမား ပေးဆပ်ရလိမ့်မည်ဖြစ်ကြောင်း အထက်တန်းအရာရှိများ၏ ပြောဆိုမှုအား တရုတ်သတင်းဌာနက ကိုးကားဖော်ပြခဲ့သည်။ ပီကင်းသည် ထိုင်ဝမ်အပေါ် ခြိမ်းခြောက်အရေးယူမှုကို လုပ်ဆောင်နေသည်မှာ ကြာပြီဖြစ်သည်။ ၎င်းက ထိုင်ဝမ်အား ပြည်မကြီးနှင့် ပြန်လည်ပေါင်းစည်းရေးအား သစ္စာဖောက်သည့်ပြည်နယ်တခုအဖြစ် ရှုမြင်နေသည်။

သို့သော် ဤကဲ့သို့ပြင်းထန်သည့် အသုံးအနှုန်းဖြင့် ခြိမ်းခြောက်မှုမျိုးမှာ ပြောခဲလှကြောင်း သတင်းထောက်များက ဆိုသည်။

**ရွေးကောက်ပွဲကိစ္စ**

ဤလအစောပိုင်းက ထိုင်ဝမ်သမတ ချန်ရွှေဗျန်း (Chen Shui-bian)က ၎င်းအနေဖြင့် ပြန်လည်ရွေးချယ်ခံမည် ဖြစ်ပြီး ရွေးကောက်ပွဲလှုပ်ရှားမှု၏ အဓိကကိစ္စဖြစ်သည့် လွတ်လပ်ရေးကို ထိုင်ဝမ်က ကြေညာမည်လော၊ မကြေညာဘူးလော ဆိုသည်မှာ ရွေးကောက်ပွဲ စည်းရုံးရာတွင် ဆွေးနွေးလိုသည့် အဓိကကိစ္စဖြစ်ကြောင်း ၎င်း၏ ရည်ရွယ်ချက်အား တရားဝင် ထုတ်ဖော် ပြောကြားခဲ့သည်။ ဤသည်မှာ တရုတ်အာဏာပိုင်များအား မုချ ဒေါသထွက်စေလိမ့်မည်သာဖြစ်သည်။ တရုတ်ပြည်မကြီး၏ စိုးရိမ်ပူပန်မှုများထဲမှ တခုမှာ သမတချန်ရွှေဗျန်းသည် မဲဆန္ဒရှင်များအကြား လူကြိုက်များလာနေမှုပင်ဖြစ်သည်ဟု ဘီဘီစီသတင်းထောက် ဖရန်စစ် မားကပ်စ် (Francis Markus)က ဆိုသည်။ တရားဝင်လွတ်လပ်ရေး ကြေညာရေးအား ၎င်း၏ပါတီက ထောက်ခံသည့်အတွက်ကြောင့် ပီကင်းက ၎င်းအား မုန်းတီးနေသည်။ ယခုအခါ ထိုင်ဝမ် အနာဂတ်အရေးအား ဆန္ဒခံယူပွဲကျင်းပရေးနှင့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ရေးဆွဲရေးအပေါ် ၎င်း၏ ရပ်တည်ချက်မှာ ခက်ခဲလာပုံ ပေါ်သည်ဟု ဖရန်စစ်ကမားကပ်စ်က ထပ်လောင်း ပြောဆိုခဲ့သည်။

ထိုင်ဝမ်က လွတ်လပ်ရေးအား တရားဝင်ကြေညာလျှင် တရုတ်ပြည်က စစ်ရေးနည်းလမ်းသုံးပြီး ထိုင်ဝမ်ကျွန်းအား ပြန်လည်သိမ်းယူရန် ခြိမ်းခြောက်လိုက်သည်။ ၁၉၄၉ ခုနှစ်မှစ၍ သီးခြားအုပ်စိုးခဲ့သော်လည်း ထိုင်ဝမ်သည် တရုတ်ပြည်၏ အစိတ်အပိုင်းအဖြစ် ပီကင်းက သတ်မှတ်ထားသည်။ ထိုင်ဝမ်အား တရားဝင် အသိအမှတ်ပြုသည့် နိုင်ငံများမှာ (၃၀)ထက် မကျော်ချေ။ ၁၉၇၁ ခုနှစ်တွင် ကုလသမဂ္ဂ၌ တရုတ်ပြည်မကြီးက အစားထိုး နေရာဝင်ယူလိုက်သည်။ ❖



ရှေ့ နှစ်ရွေးကောက်ပွဲအတွက် ပြင်ဆင်နေသည့် ထိုင်ဝမ်

## အီရတ်စစ်ပွဲအတွင်း ကျဆုံး၊ ဒဏ်ရာရရှိမှု

၂၀၀၃ ခုနှစ် နိုဝင်ဘာလ (၂၄)ရက်နေ့က ထုတ်ပြန်သော စီအင်န်အင်န်သတင်းဌာန စာရင်းမှတ်တမ်းများအရ အီရတ်စစ်ပွဲအတွင်း ကျဆုံးသွားသော အမေရိကန်နှင့် ညွန့်ပေါင်းတပ်ဖွဲ့မှ အတည်ပြုပြီး စစ်သားဦးရေစုစုပေါင်းမှာ (၅၀၃)ဦး ရှိသွားပြီဖြစ်သည်။ ၎င်းတို့မှာ အမေရိကန်စစ်သား (၄၃၂)ဦး၊ ဗြိတိသျှစစ်သား(၅၃)ဦး၊ အီတလီစစ်သား(၁၇)ဦးနှင့် ပိုလန်စစ်သား(၁)ဦးတို့ ဖြစ်ကြသည်။

၎င်းတို့အနက် ဒုဗိုလ်မှူးကြီး(၂)ဦး၊ ဗိုလ်မှူး(၂)ဦး၊ ဗိုလ်ကြီး(၇)ဦးအပါအဝင် စုစုပေါင်း အရာရှိ(၁၇)ဦးဖြစ်ပြီး အားလုံးမှာ အမေရိကန်များဖြစ်ကြသည်။ ဒဏ်ရာရရှိသူ အမေရိကန်စစ်သားဦးရေမှာ (၂၄၀၁)ဦး ရှိပြီဖြစ်ပြီး နိုဝင်ဘာလအတွင်းမှာပင် (၂၇၃) ဦးရှိသည်။ အတည်မပြုနိုင်သေးသောစာရင်းများအရ နိုဝင်ဘာ(၂၄)ရက်နေ့ထိ ကျဆုံးသော အမေရိကန်နှင့် ညွန့်ပေါင်း စစ်သည်စုစုပေါင်းမှာ (၅၁၁)ဦးရှိကြောင်း ဖော်ပြကြသည်။

❖

## သတင်းတိုထွာ

### အာဖဂန်အရှေ့ပိုင်းမှ ဆုတ်ခွာသည့် ကုလသမဂ္ဂ

ကုလသမဂ္ဂဒုက္ခသည်အေဂျင်စီသည် ၎င်း၏ လုပ်သားများအား အာဖဂန်နစ္စတန်နိုင်ငံ၏ တောင်ပိုင်းနှင့် အရှေ့ပိုင်းမှ ဆုတ်ခွာနေပြီဖြစ်သည်။ ၁၆ ရက်နေ့က အရှေ့ပိုင်း ဂါဇနီမြို့တွင် ပြင်သစ် UNHCR လုပ်သားဘက်တီနာ အသတ်ခံရအပြီး ကြေညာချက် ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။ မစ္စ ဂိုအစ္စလဒ် (Ms Goislard)သည် ၂၀၀၁ ခုနှစ်က တာလီဘန်တို့အား ကဘူးလ်မြို့တော်မှ မောင်းထုတ်ပြီးချိန်မှဆိုလျှင် ပထမဆုံး အသတ်ခံလိုက်ရသည့် ကုလသမဂ္ဂလုပ်သား ဖြစ်သည်။ နောက်ထပ် လုပ်သားများ တိုက်ခိုက်ခံရနိုင်ဖွယ်ရှိသည်ကို စိုးရိမ်ပြီး တိုင်းပြည်၏ တောင်ပိုင်းနှင့် အရှေ့ပိုင်းရှိ ပါကစ္စတန်နှင့် နယ်နိမိတ်ခြင်းဆက်စပ်နေသည့် ပြည်နယ် (၄)ခုမှ အာဖဂန်မဟုတ်သည့် ၎င်းတို့၏ ဝန်ထမ်း(၃၀)အား ပြန်လည်ဆုတ်ခွာရန် အရေးပေါ် ကြေညာလိုက်ခြင်းဖြစ်သည်။ ❖

### အာဖဂန်စစ်ပွဲအတွင်း ကျဆုံး၊ ဒဏ်ရာရရှိမှု

၂၀၀၁ ခုနှစ်၊ အောက်တိုဘာ(၂၁)ရက်နေ့မှစပြီး ဂျီဟာဒ်အန်စပန် ဝန်ထမ်းများနှင့် သုတေသီများသည် အာဖဂန်ကျူးကျော်စစ်ပွဲအတွင်း ကျဆုံးဒဏ်ရာရရှိခဲ့သော အမေရိကန်နှင့် ညွန့်ပေါင်းစစ်သားများစာရင်းအား နိုင်ငံတကာအင်တာနက်နေ့စဉ်စာရင်းများမှ စတင်စာရင်းပြုစုခဲ့ရာ ၂၀၀၂ ခုနှစ်၊ ဇွန်လ(၂၁)ရက်နေ့ထိ အာဖဂန်စစ်ပွဲအတွင်း စုစုပေါင်း သေဆုံးသည့် အမေရိကန်နှင့် ညွန့်ပေါင်းစစ်သားမှာ စုစုပေါင်း (၉၇၂)ဦးနှင့် ဒဏ်ရာရသူ (၆၇၆)ဦးဖြစ်ပြီး ၎င်းတို့အနက် အမေရိကန်စစ်သား သေဆုံးမှုမှာ (၈၆၇)ဦးဖြစ်ပြီး ဒဏ်ရာရရှိသူ(၅၃၇)ဦး ဖြစ်ကြောင်း ဖော်ပြထားသည်။ ❖

### တူရကီဗုံးပေါက်ကွဲမှု

နိုဝင်ဘာ(၂၀)ရက်နေ့ နံနက်က အစ္စတန်ဘူရှိ ဗြိတိသျှကောင်စစ်ဝန်ရုံးနှင့် ဗြိတိသျှဘဏ်တို့တွင် အသေခံ ကားဗုံးဖောက်ခွဲမှုဖြစ်ပွားရာ အနည်းဆုံးလူ(၂၇)ဦး သေဆုံးပြီး (၄၅၀)ဦး ဒဏ်ရာရရှိခဲ့သည်။ ဗြိတိသျှနိုင်ငံခြားရေး ဝန်ကြီး ဂျက်စ်ထရော ဗုံးကွဲသည့်နေရာသို့ သွားရောက်ကြည့်ရှုခဲ့သည်။ ဗြိတိသျှနိုင်ငံသားများ မည်သည့်မြို့ကြီးများကိုမျှ ခရီးမသွားရန်လည်း နိုင်ငံခြားရေးရုံးမှ သတိပေးချက် ထုတ်ပြန်လိုက်သည်။ အလားတူပင် (၁၅)ရက်နေ့က တိုက်ခိုက်မှုတွင် လူ(၂၅)ဦး သေဆုံးခဲ့သည်။ ကောင်စစ်ဝန်ရုံး တိုက်ခိုက်မှုတွင် ကောင်စစ်ဝန်ချုပ် ရော်ဂျာရှော့အပါအဝင် အနည်းဆုံး (၁၆)ဦး သေဆုံးခဲ့သည်။ ဤတိုက်ခိုက်မှုသည် အယ်လ်ကိုင်ဒါအဖွဲ့နှင့် ဆက်သွယ်မှုရှိသည်ဟု ထင်မြင်ယူဆကြသည်။ ❖

## အီရတ်တွင် အမေရိကန်ရဟတ်ယာဉ်များ ပစ်ချခံရမှု တိုးပွားလာနေ

**[ရိုက်တာ]**

နိုဝင်ဘာလ (၁၅)ရက်နေ့က မြောက်ပိုင်းမြို့တော် မိုဆူးလ်တွင် Black Hawk အမျိုးအစား ရဟတ်ယာဉ်(၂)စီး ပစ်ချခံရပြီး ပျက်ကျသွားရာ အနည်းဆုံး လူ(၁၇)ဦး သေဆုံးသွားကြောင်း ရိုက်တာသတင်းဌာနက ထုတ်ပြန်ပြောဆိုခဲ့သည်။

စစ်သား(၅)ဦး ဒဏ်ရာရပြီး (၁)ဦး ပျောက်ဆုံးနေဆဲဖြစ်ပြီး ၎င်းမှာ အမှတ်(၁၀၁) လေကြောင်းတပ်မမှဖြစ်ကြောင်း သိရှိရသည်။ လွန်ခဲ့သည့် သီတင်းသုံးပတ်ခွဲကာလအတွင်း အီရတ်၌ ရဟတ်ယာဉ်(၅)စီး ပျက်ကျခဲ့ပြီး (၃၉)ဦး အသက်ဆုံးရှုံးခဲ့ရသည်။

**ရဟတ်ယာဉ်ပျက်စီးမှုစာရင်း**

**နိုဝင်ဘာ(၁၅)ရက်။** ။ Black Hawk အမျိုးအစား ရဟတ်ယာဉ်(၂)စီး ပျက်ကျပြီး အနည်းဆုံး (၁၇)ဦး သေဆုံးခဲ့သည်။

**နိုဝင်ဘာ(၇)ရက်။** ။ တိကရစ် (Tikrit)အနီး Black Hawk အမျိုးအစား ရဟတ်ယာဉ်(၁)စီး ပစ်ချခံရပြီး (၆)ဦး သေဆုံးခဲ့သည်။

**နိုဝင်ဘာ(၂)ရက်။** ။ ဖာလူဂျာမြို့အနီးတွင် ချီနု(Chinook) အမျိုးအစား ရဟတ်ယာဉ်(၁)စီး ပစ်ချခံရပြီး အမေရိကန် စစ်သား(၁၆)ဦး သေဆုံးခဲ့သည်။

**အောက်တိုဘာ(၂၅)ရက်။** ။ တိကရစ်အနီး Black Hawk ရဟတ်ယာဉ်(၁)စီး ပျက်ကျပြီး (အများအဆိုအရ မြေပြင်မှ ပစ်ခတ်မှုကြောင့် ထိမှန်သွားခြင်းဖြစ်သည်ဟု ဆိုသည်) စစ်သားများ ဒဏ်ရာရရှိခဲ့သည်။

ပေါက်ကွဲသံကြားပြီးနောက်မှာ ရဟတ်ယာဉ်(၂)စီး တိုက်မိတာ မြင်လိုက်ရတာပဲဟု မျက်မြင်သက်သေတဦးက ပြောကြားခဲ့သည်။ "ကျနော် ပြတင်းပေါက်ကနေ ကြည့်လိုက်တော့ ရဟတ်ယာဉ်(၂)စီးကို မြင်ရတယ်၊ တစီးက အနိမ့်မှာပျံနေပြီး မီးလောင်နေတယ်၊ တခြားတစီးက အမြင့်ကို တက်သွားတယ်၊ ပထမတစီးက အမြင့်ကို တက်ပျံလိုက်တော့ အမြင့်မှာရှိနေတဲ့တစီးကို သွားတိုက်မိတော့တာပဲ"ဟု ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။ မိုဆူးလ်မြို့သည် သူပုန်တို့၏ အချက်အချာဒေသဖြစ်သည့် 'ဆွန်နီတြိဂံ'၏ မြောက်ပိုင်းနှင့် လမ်းပမ်းဆက်သွယ်ရေး ကောင်းမွန်သည့်နေရာတွင် တည်ရှိပြီး ညွန့်ပေါင်းတပ်ဖွဲ့များ အဆက်မပြတ် တိုက်ခိုက်ခြင်းခံရသည့်ဒေသ ဖြစ်သည်။

❖



ပျက်ကျသွားသော Black Hawk အမျိုးအစား ရဟတ်ယာဉ်

## အမေရိကန်တပ်မတော်အား ဒေါသထွက်စေသည့် ဆက်ဒမ်၏ နောက်ဆုံး တိပ်ခွေ

**နိုဝင်ဘာ၊ (၁၉)ရက်။ [ဘီဘီစီ]**

အီရတ်ရှိ ကျူးကျော်သိမ်းပိုက်ရေးတပ်ဖွဲ့များသည် လမ်းဆုံးသို့ရောက်ရှိသွားပြီဖြစ်ကြောင်း အသံသွင်းတိပ်ခွေမှ ဆက်ဒမ်ဟူစိန်က ပြောဆိုလိုက်သည်။ အမေရိကန်ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့များအား ခုခံဆန့်ကျင်သည့်တိုက်ပွဲအား တိုးမြှင့်လုပ်ဆောင်ရန် အီရတ်ပြည်သူများအား တောင်းဆိုထားသည့် အသံသွင်းတိပ်ခွေကို ဒူဘိုင်းအခြေစိုက် အယ်လ်အာရေးဗီးယား အသံလွှင့်ရုံက ထုတ်လွှင့်ခဲ့သည်။

"အီရတ်ကို သိမ်းပိုက်ဖို့ဆိုတာ ထိတ်လန့်ချောက်ချားဖွယ်သာ ဖြစ်တယ် ဆိုတာကို အမေရိကန်တွေ သိသွားကြပြီ၊ အခြားသူတွေလည်း သိကုန်ကြပြီ"ဟု အသံရှင်က ပြောကြားခဲ့သည်။ ထို့ပြင် အစ္စလာမ်တို့၏ အထွဋ်အမြတ်လဖြစ်သည့် ရမ်မဒမ် (Ramadan) ဦးပုသ်အခါသမယတွင် အီရတ်ပြည်သူများအား ၎င်းက ချီကျူးစကား ပြောကြားခဲ့သည်။

မိန့်ခွန်းတွင် အမေရိကန်သမတ ဂျော့ဘုရှ်နှင့် ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲတို့အား လူလိမ်လူညာများအဖြစ် ပြောဆိုလိုက်ပြီး အိမ်ဖြူတော်အား အိမ်မဲကြီးဟု ခေါ်ဆိုလိုက်သည်။ "သတ္တိပြောင်မြောက်စွာ ခုခံတိုက်ခိုက်မှုကြောင့် အလ္လာရှင်မြတ်က ဂျီဟာတ်စစ်ပွဲကို ကောင်းချီးသြဘာ ပေးလိုက်ပြီ၊ မြင့်မြတ်တဲ့ အီရတ်မြေက နိုင်ငံခြားစစ်သည် ရာထောင်ပေါင်းများစွာကို ဝါးမျိုပစ်လိမ့်မယ်၊ သူတို့စီမံကိန်းတွေ ဘယ်တော့မှ အောင်မှာ မဟုတ်ဘူး"ဟု အသံရှင်က ပြောဆိုခဲ့သည်။ ယခင် အီရတ်ခေါင်းဆောင်ဟောင်းဖြစ်သူ ဆက်ဒမ်ဟူစိန်သည် ယခုအချိန်ထိ လွတ်မြောက်နေဆဲဖြစ်သည်ဟု ထင်ထားကြပြီး အမေရိကန်တို့အဖို့ အလိုချင်ဆုံးသူတယောက်လည်း ဖြစ်သည်။ ❖

# နိုင်ငံတကာ

## အီရတ်တွင် နိုင်ငံခြားစစ်သည်များ ပါဝင်ပတ်သက်မှု အခြေအနေ

**နိုဝင်ဘာ၊ (၂၀)ရက်။ [ဘီဘီစီ]**

အီရတ်တွင် အမေရိကန်စစ်သည်များ အပြင် ညွန့်ပေါင်းစစ်သည်ပေါင်း (၂၄၀၀၀) ရှိသည်။ အမေရိကန်အဆိုအရ နိုင်ငံပေါင်း (၂၇)နိုင်ငံ ပါဝင်သည်။ စုစုပေါင်း အင်အား (၁၅၆၀၀၀)ခန့်ရှိသည်။ သို့သော် အချို့နိုင်ငံများက အဆက်မပြတ် တိုက်ခိုက်ခံနေရသည့်အတွက် ၎င်းတို့၏ ဆက်လက်တည်ရှိမှု အနေအထားများအား ပြန်လည်စဉ်စားနေကြသည်။

**သူတို့ရပ်တည်ချက်အဖုံဖုံ**

**အမေရိကန်ပြည်ထောင်စု**

အီရတ်တွင် အမေရိကန်စစ်သား (၁၃၂၀၀၀)ဦးရှိပြီး ဘဂ္ဂဒက်အပါအဝင် အဓိကမြို့ကြီးများတွင် အများစုဖြစ်သည်။ စစ်ပွဲဖြစ်ပွားစဉ်ကာလက (၁၅၀၀၀၀) ရှိရာမှ လျှော့သွားခြင်းဖြစ်သည်။ ၂၀၀၄ ခုနှစ် နှစ်လည်တွင် စစ်သည်ဦးရေ (၁၀၅၀၀၀)ထိ လျှော့ချရန် ရှိသည်ဟု ပင်တဂွန်က ပြောကြားသည်။ အမေရိကန်တပ်ဖွဲ့များသည် နေ့စဉ်တိုက်ခိုက်ခံနေရသည်။ ညွန့်ပေါင်းအဖွဲ့အား တိုက်ခိုက်မှုမှာ တနေ့လျှင် အကြိမ် (၃၀)ခန့်ရှိသည်ဟု အမေရိကန်တပ်မှူးတဦးက ပြောဆိုသည်။ အီရတ်ရှိ တပ်ဖွဲ့များအတွက် နောက်ထပ် အမေရိကန်ဒေါ်လာ (၅၁)ဘီလျံသုံးရန် ကွန်ဂရက်က သဘောတူပြီးဖြစ်သည်။ ဤကုန်ကျစရိတ်မှာ တလလျှင် (၄)ဘီလျံနီးပါးရှိသည်။ နိုင်ငံရေးအရ ကြည့်လျှင် အမေရိကန်စစ်သားများ ကျဆုံးမှုနှင့် စစ်ပွဲကုန်ကျစရိတ်များပြားမှုသည် နောက်နှစ် သမတရွေးကောက်ပွဲတွင် သမတဂျော့ဘုရှ်အား အကြီးအကျယ် ထိခိုက်စေလိမ့်မည်ဖြစ်သည်။ ဘုရှ်အနေဖြင့် ပြီးခဲ့သည့် အောက်တိုဘာလက ချမှတ်ခဲ့သည့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်သည် အီရတ်သို့ အခြားနိုင်ငံများမှ စစ်သည်များ စေလွှတ်ရေးကို အားပေးစေလိမ့်မည်ဟု မျှော်လင့်နေသည်။

**ဗြိတိန်**

အီရတ်တွင် ဗြိတိသျှစစ်သား အနည်းဆုံး(၁၀၀၀၀)ရှိသည်။ နောက်ထပ် (၁၂၀၀) စေလွှတ်ဦးမည်။ ဗြိတိန်တပ်ဖွဲ့များနှင့်အတူ အလုပ်လုပ်ကိုင်နေသည့် အခြားနိုင်ငံများမှာ အီတလီ၊ နယ်သာလန်၊ ရိုမေးနီးယား၊ ချက်သမတနိုင်ငံနှင့် နယူဇီလန်နိုင်ငံများဖြစ်သည်။ ၎င်းတို့၏စစ်သည်များအား အီရတ်တွင် ရေရှည်ထားရှိရန် ကတိပေးကြောင်း ဗြိတိန်အရာရှိများက ပြောကြားလိုက်သည်။

**ပိုလန်**

အီရတ်တွင် အင်အား(၉၀၀၀)ရှိသည့် (၂၁)နိုင်ငံ ညွန့်ပေါင်းတပ်ဖွဲ့များအား ကွပ်ကဲနေသည်။ ဤတပ်ဖွဲ့တွင် ပိုလန်စစ်သား (၂၀၀၀)ကျော် ပါဝင်သည်။ ပိုလန်သည် အီရတ်စစ်ပွဲအား အခိုင်အမာ ထောက်ခံသူဖြစ်သည်။ ပင်မဥရောပတိုက်နိုင်ငံများနှင့်အတူ စစ်ပွဲကာလက အီရတ်သို့ အချိုးကျငယ် စေလွှတ်ခဲ့သည်။ ထည့်ဝင်ရသည့်တပ်ဖွဲ့တွင် စစ်သားအနည်း

**စပိန်**

အီရတ်တွင် စပိန်စစ်သား (၁၀၀၀)ခန့် ရှိသည်။ အီရတ်စစ်ပွဲအား အဓိကထောက်ခံသူတဦးဖြစ်သည်။ ကျူးကျော်စစ်တွင် မိမိတို့ စစ်သည်များ မပါဝင်ရေးဆိုပြီး ပြည်တွင်း၌ ပြည်သူလူထု၏ ဆန့်ကျင်ကန့်ကွက်မှုကို အကြီးအကျယ် ရင်ဆိုင်ရသည်။

**ပြင်သစ်**

ပြင်သစ်သည် အီရတ်စစ်ပွဲအား အပြင်းအထန် ဆန့်ကျင်သည်။ နောက်ဆုံးအဆင့်၌မှာပင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့များ စေလွှတ်ရေးကို ထည့်သွင်းမစဉ်းစားချေ။ အီရတ်ပြည်သူများအား အချုပ်အာဏာ အမြန်လွှဲပြောင်းပေးရေးနှင့် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ အားကောင်းရေးကို ပထမဆုံး တွေ့မြင်ချင်သူ ဖြစ်သည်။

**ဂျာမဏီ**

ဂျာမဏီသည် အီရတ်သို့ စစ်သားများ စေလွှတ်ရေးအား မစဉ်းစားချေ။ ကမ္ဘာတဝှမ်းလုံးရှိ ငြိမ်းချမ်းရေးထိန်းသိမ်းမှု စစ်ဆင်ရေးများတွင် စစ်သည်တသိန်း(၁၀၀၀၀၀) အာမခံထားသည်။ အာဖဂန်တွင် ၎င်း၏ စစ်သားဦးရေ(၁၈၀၀)ရှိပြီး နောက်ထပ် တိုးချဲ့ချထားရန်လည်း အာမခံထားသည်။

**ယူကရိန်း**

ယူကရိန်းသည် အီရတ်စစ်ပွဲတွင် စစ်သည်(၁၀၀၀) ထည့်ဝင်သည်။ ပိုလန် ဦးဆောင်မှုအောက်၌ အလုပ်လုပ်နေသည်။

**အီတလီ**

အီရတ်တွင် အီတလီစစ်သား (၂၄၀၀) ခန့် ပါဝင်နေသည်။ နိုဝင်ဘာ(၁၂)ရက်နေ့က နာဆီရီယာရှိ အီတလီ ရဲတပ်ဖွဲ့ ဌာနချုပ်အား အသေခံ ဗုံးဖောက်ခွဲတိုက်ခိုက်မှုတွင် အီတလီစစ်သည်(၁၆)ဦး သေဆုံးခဲ့သည်။ ဤသည်မှာ မတ်လက အီရတ်စစ်ပွဲ စတင်ချိန်မှဆိုလျှင် ညွန့်ပေါင်းတပ်ဖွဲ့များအကြား တပွဲတည်း၌ အကြီးမားဆုံး ဆုံးရှုံးရမှုဖြစ်သည်။

**ပေါ်တူဂီ**

နာဆီရီယာမြို့၊ အီတလီရဲစခန်း၌ ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေ့ တရက်ထဲမှာပင် ပေါ်တူဂီသည် အီရတ်သို့ ရဲအရာရှိ (၁၂၈) ဦး စေလွှတ်ခဲ့သည်။

**ရုရှ**

ရုရှသည် အီရတ်သို့ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ စေလွှတ်ရန် မစဉ်းစားချေ။ ပြင်သစ်ကဲ့သို့ပင် ကုလသမဂ္ဂ၏ အခန်းကဏ္ဍ အားကောင်းရေးအား မြင်တွေ့လိုသူဖြစ်သည်။

**တူရကီ**

အမေရိကန်တပ်ဖွဲ့များ အထိနာသည့် အဓိကတိုက်ခိုက်မှုများ တိုးပွားလာနေသည့် အတွက်ကြောင့် တူရကီက အီရတ်သို့ စစ်သည်(၁၀၀၀၀) ပို့မည်ဆိုသည့် ကမ်းလှမ်းချက်အား ပြန်လည်ရုတ်သိမ်းလိုက်သည်။ ဤကမ်းလှမ်းချက်အား အီရတ်ပြည်သူများနှင့် တူရကီပြည်သူများက လုံးဝမနှစ်မြို့ချေ။

**ဩစတြေးလျ**

အီရတ်စစ်ပွဲတွင် အမေရိကန်နှင့် ဗြိတိသျှစစ်သည်များနှင့်အတူ လက်တွဲ၍ ဩစတြေးလျစစ်သည်(၂၀၀၀)ကျော် ပါဝင်တိုက်ခိုက်ခဲ့သည်။

**ဂျပန်**

အီရတ်ရှိ လုံခြုံရေးအခြေအနေများကြောင့် ၂၀၀၄ ခုနှစ်တိုင်အောင် ၎င်း၏ စစ်သည်များ စေလွှတ်ရေးမှာ ကြန့်ကြာလိမ့်မည်ဖြစ်ကြောင်း ဂျပန်နိုင်ငံက ပြောကြားလိုက်သည်။ ထို့ပြင် ဂျပန်တပ်ဖွဲ့များသည် မိမိကိုယ်ကို ကာကွယ်ရေးမှလွဲ၍ မည်သည့်စစ်ပွဲကိုမျှ မတိုက်ခိုက်ရဟု တားမြစ်ထားသည့် တိုင်းပြည်၏ စစ်ဆန့်ကျင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် ၎င်း၏ စစ်သည်များအား လူသားချင်း စာနာထောက်ထားသည့်လုပ်ငန်းများ ဆောင်ရွက်ရေးတွင်သာ ရည်ရွယ်ထားကြောင်း ပြောဆိုလိုက်သည်။ အီရတ် ပြန်လည်တည်ဆောက်ရေးအား ကူညီရန် စစ်သည်(၁၀၀၀) ပို့လွှတ်ရန် ဇူလိုင်လက ဂျပန်ပါလီမန်တွင် အတည်ပြုထားခဲ့သည်။ ဤသည်မှာ ဒုတိယကမ္ဘာစစ်ပြီးချိန်မှစတင်၍ ဂျပန်စစ်သည်များ နိုင်ငံခြားတွင် အကြီးမားဆုံး တပ်ဖြန့်ချထားမှုဖြစ်သည်။

**တောင်ကိုရီးယား**

အီရတ်သို့ (၃၀၀၀)ထက်မပိုသော စစ်သည်အင်အား ပို့မည်ဖြစ်ကြောင်း တောင်ကိုရီးယားက ပြောဆိုလိုက်သည်။ အမေရိကန်က စစ်သည်(၅၀၀၀)ပို့ရန် တောင်းဆိုခဲ့သည်။

**ဖိလစ်ပိုင်**

ဖိလိပိုင်သည် စစ်သား(၁၇၈)ယောက်၊ ရဲများ၊ လူမှုရေးနှင့် ကျန်းမာရေးလုပ်သားများ အီရတ်သို့ စေလွှတ်လိုက်သည်။ ဖိလိပိုင်သည် အမေရိကန်၏ အဓိက မဟာမိတ်ဖြစ်ပြီး ၂၀၀၄ ခုနှစ် အစောပိုင်းတွင် စစ်သည် (၅၀၀)ထိ တိုးမြှင့်ပို့ဆောင်ရန် စီမံထားသည်ဟု ပြောကြားလိုက်သည်။

**ထိုင်း**

အီရတ်အလယ်ပိုင်း၊ ကာဘာလာမြို့တွင် ထိုင်းစစ်သည် (၄၀၀)ခန့် တပ်စွဲထားသည်။ လူ့အခွင့်အရေးလုပ်ငန်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် လုပ်ကိုင်နေသည်။

**ဘင်္ဂလားဒေ့ရှ်**

ဘင်္ဂလားဒက်ရှ်သည် နောက်ပိုင်းတွင် ငြိမ်းချမ်းရေးထိန်းသိမ်းသည့်တပ်ဖွဲ့အနေနှင့် ပါဝင်ကောင်း ပါဝင်နိုင်သည်။ သို့သော် ကုလသမဂ္ဂအလံအောက်တွင်သာ ဖြစ်လိမ့်မည်။

**ပါကစ္စတန်**

ပါကစ္စတန်သည် ၎င်း၏ စစ်သည်များအား နိုင်ငံစုံ ငြိမ်းချမ်းရေးထိန်းသိမ်းသည့် တပ်ဖွဲ့သို့ စေလွှတ်ရာတွင် ပါဝင်ဖို့ များမည်။ သို့သော် အမေရိကန်ဦးဆောင်မှုထက် ကုလသမဂ္ဂ ဦးဆောင်မှုအောက်တွင်သာလျှင် ဖြစ်လိမ့်မည်။

**အိန္ဒိယ**

ကုလသမဂ္ဂ၏ လုပ်ပိုင်ခွင့် ရှင်းရှင်းလင်းလင်းရှိလျှင် တပ်ဖြန့်ချထားရေးအား စဉ်းစားမည်ဟု အိန္ဒိယက ပြောကြားလိုက်သည်။ အလားတူ အိန္ဒိယက လိုချင်သည်မှာ နိုင်ငံစုံတပ်ဖွဲ့များနှင့် အမေရိကန် ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့များအကြား ခွဲခွဲခြားခြားရှိရေးနှင့် အီရတ်ပြည်သူများက တောင်းဆိုမှသာ နိုင်ငံစုံတပ်ဖွဲ့များအား ဖြန့်ကျက်ချထားရေးတို့ဖြစ်သည်။

❖

## ဂျော်ဂျီယာနိုင်ငံ အရေးပေါ်အခြေအနေရုတ်သိမ်းကြေညာ ရွေးကောက်ပွဲ အမြန်ဆုံး လုပ်ပေးမည်ဖြစ်ကြောင်း ထုတ်ပြန်

**နိုဝင်ဘာ၊ (၂၅)ရက်။ [စီအင်န်အင်န်]**

(၂၂)ရက်နေ့က ပါလီမန်အစည်းအဝေး ကျင်းပနေစဉ်တွင် အတိုက်အခံများက အာဏာသိမ်းကြောင်း ကြေညာလိုက်ပြီးနောက်၌ သမတရှီဗာနာဇာက တိုင်းပြည်အား အရေးပေါ်အခြေအနေ ကြေညာလိုက်ရာ လွှတ်တော်အဆောက်အဦ အပြင်ဖက်တွင် ထောင်ပေါင်းများစွာသော ဂျော်ဂျီယန် ဆန္ဒပြသူများက သမတရှီဗာနာဇာအား နှုတ်ထွက်ပေးရန် တောင်းဆိုဆန္ဒပြကြသည်။ ပါလီမန်ဥက္ကဌဖြစ်သူ အဓိက အတိုက်အခံ ခေါင်းဆောင် နီနိုဘာ့ဒ်ဂျန်နာဇာကလည်း မိမိကိုယ်မိမိ ကြားဖြတ်အစိုးရခေါင်းဆောင်အဖြစ် ကြေညာလိုက်သည်။

(၂၄)ရက်နေ့တွင် သမတ ရှီဗာနာဇာ နုတ်ထွက်ပြီးနောက် ယခင်ပါလီမန်ဥက္ကဌဖြစ်သူ နီနိုဘာ့ဒ်ဂျန်နာဇာအား သမတ ရှီဗာနာဇာက အာဏာလွှဲပေးလိုက်သည်။ သူမက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ (၄၅)ရက်အတွင်း ရွေးကောက်ပွဲ လုပ်ပေးမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ “ဖြစ်နိုင်သမျှမြန်မြန်ရွေးကောက်ပွဲလုပ်ဖို့ လိုအပ်တယ်လို့ထင်ပါတယ်”ဟု ဘာဂျန်နာဇာက ပြောကြားခဲ့သည်။ “အဓိကအကြောင်းရင်းကတော့ သွေးထွက်သံယိုဖြစ်မှုကို ရှောင်ဖို့ပါပဲ၊ ဒီလိုဖြစ်ရင် လူအများကြီးသေလိမ့်မယ်၊ ဒီလိုအဖြစ်မျိုးတွေ ဂျော်ဂျီယာသမိုင်းမှာ ရှိခဲ့တယ်”ဟု ယခင်သမတရှီဗာနာဇာက ပြောကြားခဲ့သည်။

ဤအတောအတွင်း ရုရှနိုင်ငံခြားရေးဝန်ကြီး အီဂါအီဗန်နော့သည် ဂျော်ဂျီယားသို့ ရောက်ရှိလာပြီး ဂျော်ဂျီယာ၏ ပြည်တွင်းရေးအား ဝင်ရောက်စွက်ဖက်ရန် ရည်ရွယ်ချက် မရှိကြောင်း ရိုက်တာသတင်းဌာနသို့ ပြောဆိုခဲ့သည်။ “တချိန်ထဲမှာ ဂျော်ဂျီယာရဲ့ ကံကြမ္မာကို ဥပေက္ခာပြု မထားနိုင်ပါဘူး”ဟု ၎င်းက သတင်းထောက်များအား ပြောဆိုခဲ့သည်။ ရုရှနှင့် အခြားဆိုဗီယက်နိုင်ငံဟောင်း (၁၁)နိုင်ငံက ရှီဗာနာဇာထံမှ အတိုက်အခံများ၏ အာဏာသိမ်းရန် ကြိုးစားမှုအား လက်မခံနိုင်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပြီး ကွဲလွဲချက်များအား ဥပဒေနည်းလမ်းများဖြင့် ဖြေရှင်းရန် ဘက်အသီးသီးအား တောင်းဆိုခဲ့သည်။ ဝါရှင်တန်နိုင်ငံခြားရေးဌာနက အားလုံးလက်ခံနိုင်သည့် စေ့စပ်ဖြေရှင်းမှုမျိုးပြုလုပ်ရန် တောင်းဆိုလိုက်သည်။

ဂျော်ဂျီယာသမတနိုင်ငံသည် လူဦးရေ (၅)သန်းနီးပါးရှိပြီး ယခင် ဆိုဗီယက်နိုင်ငံများထဲတွင် အဆင်းရဲဆုံးဖြစ်သည်။ နေ့စဉ်လုပ်ခမှာ (၁)ဒေါ်လာ ပတ်ဝန်းကျင်သာရှိပြီး ပင်စင်စားများ၏ လစာမှာ တရက်လျှင် ၂၅ ဆင့်ထက် နည်းသည်။ ❖



ဂျော်ဂျီယာပါလီမန်အတွင်း ရုတ်ရုတ်သဲသဲအခြေအနေ



မြန်မာနိုင်ငံ လွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်

# သတင်းတိုထွာ

## နအဖလက်အောက် မိန်းမတို့ဘုန်း ကတုံးဖြစ်

**[ဒီဗွီဘီ]**

မကွေးတိုင်း တောင်တွင်းကြီးမြို့နေ လက်လုပ်လက်စားမိသားစုများမှ အမျိုးသမီးအများစုသည် စီးပွားရေးအဆင်မပြေမှုကြောင့် တမြတ်တနိုးထားသည့် ဆံပင်များအားဖြတ်၍ ရောင်းစားနေကြရရာ ထိုမြို့တွင် အမျိုးသမီးတော်တော်များများ ဘိုဆံတောက်များနှင့် ဖြစ်ကုန်ကြကြောင်း သိရသည်။ ရှေးကဆိုခဲ့သည့် "မိန်းမတို့ဘုန်း ဆံထုံး" ဆိုသည့် ဆိုရိုးလည်း နအဖခေတ်ရောက်မှ "မိန်းမတို့ဘုန်း ကတုံး" ဖြစ်ခဲ့ရကြောင်း ဒေသခံတို့က ပြောစမှတ်ပြုနေကြသည်။ ❖

## ကံကြီးထိုက်သည့်အမှု ဘုံကထိန်နှင့် ဖြေဖျောက်မရ

ပြီးခဲ့သည့် အောက်တိုဘာလက မန္တလေးမြို့မှသံဃာတော်များ ဆန္ဒပြကြစဉ် စစ်တပ်က ပစ်ခတ်ခဲ့သဖြင့် သံဃာတော်တပါး ပျံလွန်တော်မူခဲ့ပြီး (၃)ပါး ပြင်းထန်စွာ ဒဏ်ရာရသွားခဲ့သည့် မစိုးရိမ်တိုက်သစ်တွင် ဝန်ကြီးချုပ်ဗိုလ်ခင်ညွန့်နှင့်အဖွဲ့က ဘုံကထိန်ကျင်းပခဲ့သည်။ ဘုရားသားတော် သံဃာတော်များအား သွေးစိမ်းရှင်ရှင် သတ်ဖြတ်ခဲ့ကြသူ စစ်ဒေဝဒတ်များက ယခုလို ဘုံကထိန်ပွဲ ကျင်းပပြီး ကထိန်သင်္ကန်း ကပ်လှူကြသော်လည်း ပဥ္စနန္တရိယ ကံကြီးထိုက်ထားသည့် မိစ္ဆာဒိဋ္ဌိများအား မြတ်စွာဘုရားကိုယ်တော်တိုင်ပင် အပယ်မှ လွတ်ကင်းရန် ကယ်တင်နိုင်ခြင်းမရှိသည်ကို စစ်ဗိုလ်ကြီးများ သိရှိပုံမရကြောင်း မန္တလေးဒေသခံများက ပြောဆိုနေကြသည်။ ❖

## စစ်သားသစ်စုရေး ခရီးဝေးမသွားရ

**နိုဝင်ဘာ၊ (၁၄)ရက်။ [အဲန်အမ်ဂျီ]**

စစ်ကိုင်း နာဂတောင်တန်း လေရှီးမြို့နယ် ဆွမ္မရာကျေးရွာအုပ်စုတွင် အသက် (၁၈)နှစ်မှ အသက် (၄၀)အတွင်းရှိ အရွယ်ရောက်သူများအားလုံး ခရီးရှည်သွားခြင်း မပြုလုပ်ရန် ခလရ(၈၇)က ရှေ့တန်းစစ်ကြောင်းမှူး ဗိုလ်မှူးညီဇော်မြင့်က အောက်တိုဘာလ(၂၈)ရက်နေ့က အမိန့်ထုတ်ခဲ့သည်။

မည်သည့်အတွက် အမိန့်ထုတ်ကြောင်း မသိရသော်လည်း စစ်သားသစ် ကောက်ယူရန်နှင့် ပြည်သူ့စစ်သင်တန်းများအတွက် ဖြစ်နိုင်ကြောင်း ဒေသခံများက ဆိုသည်။ လေရှီးမြို့နယ်တွင် စစ်သားသစ် စုဆောင်းနေသော်လည်း ဆန္ဒအလျောက်ဝင်သူ (၂)ဦးသာရှိကြောင်း သိရသည်။ ❖

## အဓမ္မခိုင်းစေမှုဖြေရှင်းရန် နအဖနှောင့်နှေး

**နိုဝင်ဘာ၊(၂၀)ရက်။ [ကျူဒိုသတင်း]**

မြန်မာစစ်အုပ်စုအနေဖြင့် အဓမ္မလုပ်အားစေခိုင်းခြင်း ပြဿနာကို ခိုင်မာစွာ အရေးယူဖြေရှင်းရန် အိုင်အယ်လ်အို ခေါ် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်က တောင်းဆိုလိုက်သည်။ ထိုအဖွဲ့က နအဖစစ်တပ် တပ်စွဲထားသည့် နယ်စပ်ဒေသများတွင် အဓမ္မလုပ်အားစေခိုင်းမှုများ ကျန်ရှိနေဆဲဖြစ်ပြီး အပြောင်းအလဲ အနည်းငယ်မျှသာ ရှိကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းတွင် တိုးတက်မှု တစုံတရာရှိခဲ့သော်လည်း နအဖနှင့်လက်တွဲလုပ်ဆောင်နေသည့် အရေးယူဆောင်ရွက်ရေးစီမံကိန်းများသည် ဒေါ်အောင်ဆန်းစုကြည်ကို ထိန်းသိမ်းခဲ့ချိန်ကစ၍ နှောင့်နှေးခဲ့ရကြောင်း ပြောဆိုခဲ့သည်။ ❖

## အာဆီယံသားချင်းတူသော်လည်း

**နိုဝင်ဘာ၊(၆)ရက်။ [အေပီ]**

အာဆီယံအဖွဲ့ဝင်နိုင်ငံများအဖြစ် မကြာမီနှစ်များကမှ စာရင်းဝင်လာသူ ကမ္ဘောဒီးယား၊ လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့မှ နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများသည် စင်္ကာပူနိုင်ငံသို့ ဗီဇာမလိုဘဲ ဝင်ရောက်နိုင်ကြောင်း သိရပြီး ရက်(၃၀)ကြာ နေထိုင်ခွင့်ပေးမည်ဟု စင်္ကာပူလူဝင်မှုကြီးကြပ်ရေးဌာနက ကြေညာသည်။ သို့ရာတွင် ကိုရွှေမြန်မာများကိုမူ ဗီဇာကင်းလွတ်ခွင့်ပြုမည် မဟုတ်ဟု ဆိုသည်။ ❖

# မြန်မာဘဏ်(၂)ခု ငွေကြေးလျှော်ဖွပ်သည့် လုပ်ငန်းများလုပ်ဆောင်နေ

**နိုဝင်ဘာ၊ (၂၀)ရက်။**

အမေရိကန်အစိုးရက မြန်မာနိုင်ငံကို ငွေကြေးလျှော်ဖွပ်သည့် ဌာနတခုအဖြစ် သတ်မှတ်လိုက်ပြီး ငွေကြေးဆက်ဆံရေးလုပ်ငန်းများ ဖြတ်တောက်ပစ်တော့မည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြလိုက်သည်။

ထိုကြေညာချက်တွင် မြန်မာနိုင်ငံမှ မေဖလားဝါးဘဏ်နှင့် အာရှဓနဘဏ်တို့အား ငွေကြေး နာမည်ပျက်စာရင်းဝင်အဖြစ် ဖော်ပြခဲ့ပြီး ၎င်းတို့သည် မူးယစ်ဆေးဝါး ရောင်းဝယ်သူများနှင့် ဆက်စပ်နေကာ ငွေကြေးလျှော်ဖွပ်မှုများ လုပ်ဆောင်နေကြောင်း၊ သို့ရာတွင် ထိုပြဿနာကို နအဖစစ်အုပ်စုက ကိုင်တွယ်ဖြေရှင်းမှု မရှိကြောင်း သတိပေးလိုက်သည်။

အဆိုပါဘဏ်များအား မူးယစ်ဆေးရာဇာများအဖြစ် နာမည်ကြီးနေသူများက ပိုင်ဆိုင်ကြပြီး မေဖလားဝါးဘဏ်တွင် 'ဝ' ပြည် သွေးစည်းညီညွတ်ရေးတပ်မတော်မှ ဥက္ကဋ္ဌဖြစ်သူ ပေါက်ယူချမ်းက ရှယ်ယာ ၄၃ ရာခိုင်နှုန်းနှင့် အာရှဓနဘဏ်ကိုမူ ဦးအိုက်ထွန်းက ပိုင်ဆိုင်ကြောင်း ရှမ်းသတင်း အေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ၏ အဆိုအရ သိရသည်။ ❖



အာရှဓနဘဏ်

# ဒေသတွင်းလုံခြုံရေး မြောက်ကိုးရီးယား-မြန်မာတို့ ခြိမ်းခြောက်နေ

**နိုဝင်ဘာ၊ (၁၄)ရက်။**

နိုဝင်ဘာလထုတ် အရှေ့စီးပွားရေး သတင်းဂျာနယ် အမှတ်စဉ်(၂)တွင် မြောက်ကိုးရီးယားသည် မြန်မာနိုင်ငံနှင့် လက်နက်မှောင်ခိုတင်ပို့ခြင်း ပိုမိုပြုလုပ်နေသည်ဟု ဖော်ပြခဲ့သည်။ ယခုလိုအချိန်အခါ၌ နှစ်နိုင်ငံ စစ်ရေး ပူးပေါင်းဆောင်ရွက်နေမှုများသည် ထိုနှစ်နိုင်ငံအပေါ် အမေရိကန်က နိုင်ငံရေး ဖိအား ပိုမိုတိုးမြှင့်လာခြင်းက အဓိက အကြောင်းရင်းတရပ် ဖြစ်ကြောင်း ဖော်ပြထားသည်။

မြန်မာစစ်အုပ်စုနှင့် မြောက်ကိုးရီးယားတို့ စစ်ရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်လာခြင်းသည် အာရှလုံခြုံရေး အာဏာပိုင်များနှင့် အမေရိကန်တို့၏ လှုံ့ဆော်မှုများကြောင့်ဖြစ်ကြောင်း "အန္တရာယ် ကျဲရိုင်းများ"အမည်ဆောင်းပါးဖြင့် ဘန်ကောက်သတင်းရေးရာ၌ ဖော်ပြထားခြင်းဖြစ်သည်။

အဆိုပါဆောင်းပါးတွင် ပြုံယမ်းသည် မြန်မာနှင့် မူးယစ်ဆေးဝါးကုန်သွယ်ရာတွင် အလဲအလှယ်အဖြစ် လက်နက်အသစ်အဆန်းများ ကူညီထောက်ပံ့ရန် စီစဉ်ထားကြောင်း ဖော်ပြထားသည်။

ရန်ကုန်အနီးရှိ စမ်းသပ်ရေး ရေတပ်အခြေစိုက်စခန်းတွင် မြေပြင်မှ မြေပြင်ပစ် ဒုံးများ တပ်ဆင်ရေးအတွက် ကိုးရီးယားပညာရှင် (၂၀)ခန့် အလုပ်လုပ်နိုင်ရန်နှင့် မြန်မာဘက်မှ စတင်ဆွေးနွေးလျက်ရှိကြောင်း အဆိုပါအပတ်စဉ်သတင်းတွင် ဖော်ပြထားသည်။

ထိုလက်နက်ပညာရှင်များအား ရန်ကုန်မြောက်ပိုင်း ဆင်ခြေဖုံးရှိ မြန်မာ့ကာကွယ်ရေးဝန်ကြီးဌာန ဧည့်ဂေဟာတွင် ထားရှိပြီး မြို့သစ်တွင်လည်း ထောက်လှမ်းရေးလုပ်သားများက ကုန်သေတ္တာကြီးများနှင့် လေးလံသော ဆောက်လုပ်ရေးပစ္စည်းများ ရထားပေါ်မှ တင်ချနေသည်ကို တွေ့ရှိရကြောင်း အဆိုပါသတင်းက ဆိုသည်။

မြန်မာပြည်အလယ်ပိုင်းရှိ လေတပ်စစ်စခန်းများ၌လည်း မြောက်ကိုးရီးယားအမျိုးသားလေကြောင်းပိုင် ကော်ယို(Koryo) လေယာဉ်များ ဆင်းသက်ပျံသန်းလျက် ရှိသည်ကို တွေ့မြင်ရကြောင်း၊ မြန်မာနိုင်ငံသည် အတိုက်အခံများနှင့် စစ်မှန်သော နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် ဖိအားပေးခံနေရစဉ် မြောက်ကိုးရီးယားမှာလည်း ၎င်းတို့၏ နျူးကလီးယားထုတ်လုပ်မှု စီမံကိန်းကို ရပ်တန့်ရန် ဝါရှင်တန်၏ ဖိအားပေးခြင်း ခံနေရသည်။ အမေရိကန်အုပ်ချုပ်ရေးဌာနမှ အဆင့်မြင့်တာဝန်ရှိသူတဦးက ယခုဖြစ်ပေါ်နေသော အခြေအနေများသည် ထိုနှစ်နိုင်ငံအပေါ် အမေရိကန်၏ ဖိအားပေးမှုနှင့် ဆက်စပ်လျက်ရှိသည်ဟုဆိုသည်။

နအဖစစ်အုပ်စုမှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးကြီး လှမင်းက မြောက်ကိုးရီးယား-မြန်မာ အစမ်းသဘော စစ်ရေးဆက်ဆံမှုကို ဆက်လက်တိုးမြှင့်သွားရန် လိုလားနေကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။ ❖

# နအဖက အဓမ္မစပါးဝယ်ယူရေးမကျင့်သုံးဟု ကြေညာခဲ့သော်လည်း လွတ်လပ်စွာရောင်းချခွင့်မရှိ၍ လယ်သမားများနစ်နာနေရ

**နိုဝင်ဘာ၊(၂၁)ရက်။**

အဓမ္မစပါးဝယ်ယူရေးစနစ်ကို မကျင့်သုံးတော့ဟု နအဖက တရားဝင် ပြောကြားခဲ့သော်လည်း လယ်သမားများ၏ လွတ်လပ်စွာ ရောင်းချခွင့်ကို ထိန်းချုပ်မှုများ ပြုလုပ်လျက်ရှိရာ မွန်ပြည်နယ်တွင်းရှိ လယ်သမားများအား အစိုးရကိုယ်စားလှယ် ဆန်ကုန်သည်အသင်းကိုသာ စပါးရောင်းရန် အမိန့်ထုတ်ထားကြောင်း ဒေသခံတို့ အဆိုအရ သိရသည်။

အစိုးရက သတ်မှတ်ထားသည့် ကိုယ်စားလှယ်များအား မရောင်းပါက အခြားကုန်သည်များထံ စပါးရောင်းခွင့်နှင့် တနေရာမှ တနေရာ သယ်ယူခွင့်၊ ဆန်ကြိတ်ခွဲခွင့်များ ပိတ်ပင်မည်ဟု ပြီးခဲ့သည့်လ (၂၀)ရက်နေ့က ပြုလုပ်သည့် အရှေ့တောင်တိုင်း စစ်ဌာနချုပ်အစည်းအဝေးတွင် ဆုံးဖြတ်ခဲ့သည်။ ထိုအစည်းအဝေးတွင် စပါးတင်း (၁၀၀) လျှင် တသိန်းငါးသောင်းနှင့် ဝယ်ပေးရန် ကုန်သည်ကြီးများကို အမိန့်ပေးခဲ့သည်ဟုလည်း ဆိုသည်။

ရေးမြို့နယ် တောင်ပိုင်းဒေသတွင် ကုန်သွယ်လယ်ယာက မဝယ်သော်လည်း စစ်တပ်က တကေလျှင်(၄)တင်းနှုန်း ဝယ်မည်ဟု သတင်းများ ထွက်ပေါ်နေကြောင်း မွန်သတင်းအေဂျင်စီ၏ သတင်းအရ သိရသည်။ မွန်ပြည်နယ်တွင် စပါးတင်း(၁၀၀)လျှင် (၁၅၀,၀၀၀)နှင့် ဆန်ကုန်သည်အသင်းက စတင်ဝယ်ယူနေပြီဟု သိရသည်။ သို့သော် ကုန်သည်ဖက်က အစိုးရကို ပြန်သွင်းလျှင် အရှုံးမပေါ်ရအောင် ပုံမှန်ထက်ကြီးသည့် စပါးတင်းတောင်းကြီးများနှင့် ဝယ်နေသည့်အတွက် လယ်သမားများ နစ်နာနေကြကြောင်း ဒေသခံတို့ ပြောဆိုမှုအရ သိရသည်။ ❖

# ဗိုလ်ခင်ညွန့်သားက မြေဩဇာတုများနှင့် လယ်သမားများအား ဒုက္ခပေးနေ

**နိုဝင်ဘာလ၊ (၅)ရက်။ [ဒီဗွီဘီ]**

မကွေးတိုင်းအတွင်းရှိ တောင်သူလယ်သမားများအား နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ခင်ညွန့်၏သား ရဲနိုင်ဝင်းက ၎င်းပိုင် ရောရွှေမြေကုမ္ပဏီထုတ် ဓာတ်မြေဩဇာတုများကို အဓမ္မရောင်းချနေသောကြောင့် တောင်သူဦးကြီးများ နစ်နာလျက်ရှိကြောင်း သိရသည်။

၎င်းဓာတ်မြေဩဇာတုများကို မကွေးတိုင်းအတွင်း မြို့နယ်အသီးသီးရှိ မြန်မာ့စိုက်ပျိုးရေးအရာရှိများ၊ သက်ဆိုင်ရာ မယက ဥက္ကဋ္ဌများနှင့် ကြံ့ဖွံ့အဖွဲ့ဝင်များက ပြီးခဲ့သည့် စက်တင်ဘာလမှစ၍ နယ်ဆင်းပြီး မဝယ်မနေရ ရောင်းချနေသည်ဟု ဒေသခံများအဆိုအရ သိရသည်။ တကေလျှင် (၃) အိတ်ခွဲတမ်းဖြင့် တအိတ် (၇၀၀)ကျပ်နှုန်း ပေးဝယ်ရသော အဆိုပါ ဓာတ်မြေဩဇာအိတ်များထဲတွင် ဖွဲပြာနှင့် အမှိုက်သရိုက်များ သာပါရှိသဖြင့် တောင်သူဦးကြီးများ ငွေကုန်လူပန်းဖြစ်ရသည့်အတွက် ဒေသခံတို့က ဓာတ်မြေဩဇာတုများကို မဝယ်ယူလိုကြောင်း အာဏာပိုင်များထံ တင်ပြခဲ့သော်လည်း အထက်မှ ရောင်းခိုင်းခြင်းဖြစ်သည့်အတွက် ၎င်းတို့နှင့်မသက်ဆိုင်ကြောင်း၊ မိမိတို့တာဝန်မှာ ကေအလိုက် ခွဲတမ်းကျ ထုတ်ပေးရန်သာဖြစ်သည်ဟု ပြန်လည် ပြောဆိုခဲ့သည်ဟု သိရသည်။ ❖

### ○ ဦးခေမာစာရမှ ...

**မေး။ ။** ပြည်သူလူထုကို အထူးသဖြင့် ဗုဒ္ဓဘာသာဝင်လူထုကို ဦးပဥ္ဇင်းက ဘာတွေများ ပြောချင်ပါသလဲ။

**ဖြေ။ ။** မင်းဆိုးမင်းညစ်နဲ့ ကြုံတွေ့ရရင် အဲ့ဒီမင်းတွေကို လူထုက ဆန့်ကျင်အံုကြွပြီး မောင်းထုတ်တာ ပဒေသရာဇ်ခေတ်တည်းကရှိတယ်။ လူထုက လက်မခံဖို့ အရေးကြီးတယ်။ စစ်အစိုးရကို ဘယ်လိုနည်းနဲ့ အပြောင်းအလဲလုပ်ရမယ်ဆိုတာ တနိုင်ငံလုံး စဉ်းစားရမယ့်အရေး ဖြစ်ပါတယ်။ ပြည်သူပြည်သားများအနေနဲ့ ဒီအစိုးရလုပ်တာ မှန်သမျှ ညီညီညွတ်ညွတ်နဲ့ မလိုက်နာကြဖို့ ဖီဆန်ကြဖို့ပါပဲ။ နောက်တချက်က အစိုးရက ဘာသာရေးပဋိပက္ခ ဖန်တီးတယ်။ သံဃာတွေကို သေကြေအောင်လုပ်တယ်။ သွေးထွက်သံယိုဖြစ်အောင် လုပ်တယ်။ ဒါဟာ "သံဃာဘေဒက"ကံ ဆောင်ရွက်နိုင်တာဖြစ်တဲ့အတွက် သံဃာတရပ်လုံးက ဘာသာရေးသပိတ်မှောက်မှုတွေ လုပ်သင့်တယ်လို့ ဦးပဥ္ဇင်းက သံဃာတွေကိုလျှောက်ထားချင်တယ်။

❖

### ○ ဦးဘော်ဆာမှ ...

လိုအပ်တယ်ဆိုတာမျိုးကို ပြခဲ့ပါတယ်။ ပြန်သုံးသပ်လိုက်ရင် ပြဿနာဖြစ်တိုင်း တာဝန်ရှိတဲ့ စစ်အစိုးရကနေပြီးတော့ အစီအစဉ်ရှိရှိ လုပ်နေတယ်ဆိုတာ တွေ့နေရတယ်၊ ဒါပါပဲ။

**မေး။ ။** နောက်တချက်က အနာဂတ်လူ့အဖွဲ့အစည်းမှာ မြန်မာမွတ်ဆလင်တွေရဲ့ အခန်းကဏ္ဍနဲ့ ပတ်သက်ပြီး ဘယ်လိုမျှော်မှန်းပါသလဲ။

**ဖြေ။ ။** ကျနော်တို့ ရှေ့ဆက်ပြီးတော့ ဒီတိုင်းပြည်မှာ နေသွားရမှာပါပဲ။ ဒါဟာ ကျနော်တို့ကို မွေးလိုက်တဲ့ တိုင်းပြည်ပါ။ ကျနော့်ကလေးတွေ မွေးခဲ့တဲ့နေရာပါ။ ကျနော်တို့ မွတ်ဆလင်တွေဘက်ကလည်း အားနည်းချက်တွေ ရှိပါတယ်၊ ပြင်ရမှာပါပဲ။ ဗုဒ္ဓဘာသာတွေဘက်ကလည်း လူများစုဖြစ်တော့ လူနည်းစုအပေါ် ညှာရမယ့်ကိစ္စလေးတွေ ရှိပါတယ်၊ လူတွေအချင်းချင်း မေတ္တာတရားထားကြရင် အားလုံး စိတ်နှလုံးကြည်လင်ပြီး လူ့အဖွဲ့အစည်းလည်း သာယာလာမယ်။ ချုပ်ပြောရရင် ဘာသာပေါင်းစုံ မှီတင်းနေထိုင်တဲ့ ငြိမ်းချမ်းတဲ့ လူ့အဖွဲ့အစည်းကို မျှော်မှန်းပါတယ်။

**မေး။ ။** မြန်မာမွတ်ဆလင်တွေကို ဘာများ ပြောချင်ပါသလဲ။

**ဖြေ။ ။** အဓိကက ကျနော်တို့နိုင်ငံရဲ့ ပညာရေးစနစ် အားနည်းချက်ပေါ့နော်။ လူများစုက စာမတတ်ကြတော့ ကျိုးကြောင်းဆင်ခြင်နိုင်တဲ့အသိ မရှိကြဘူး။ ဘာသာရေးပဋိပက္ခတွေဟာ ဒါတွေအပေါ် အခြေခံပါတယ်။ ဒါ့ကြောင့် ဘာသာရေးနဲ့ပတ်သက်တဲ့ ပညာရေးတင်မက ခေတ်ပညာကို လိုက်စားကြဖို့ မြန်မာမွတ်ဆလင်တွေကို တိုက်တွန်းချင်တယ်။ ❖

### ○ နောက်ကျောဖုံးမှ ...

ပြောကြားခဲ့သည်ဟုလည်း သိရသည်။

ဒေါ်စန္ဒာဝင်းက ကော်မရှင်က ပြောသည့်အတိုင်း အထက်ကအကြောင်းကြားစာမရမချင်း ဘာမှ မလုပ်ရဆိုသည့်အပေါ် အာမခံတာဝန်မယူနိုင်ကြောင်း ဘာလုပ်မည်ဆိုသည်ကို မိမိအနေဖြင့် မပြောနိုင်ကြောင်း ပြန်လည်ပြောကြားခဲ့သည်ဟု သိရသည်။

ချိတ်ပိတ်ခံထားရသည့် ရုံးများ ပြန်လည်ဖွင့်ခွင့်ရရှိရေးအတွက် မကွေးတိုင်းအတွင်းရှိ မြို့နယ်ပေါင်း(၁၂)မြို့နယ်က စာရေးတောင်းဆိုခဲ့ပြီးဖြစ်သလို မန္တလေးတိုင်း ညောင်ဦးမြို့နယ်မှ အဖွဲ့ချုပ်ဝင်များကလည်း အဖွဲ့ချုပ်ရုံးများ ပြန်လည်ဖွင့်ပေးရန် အောက်တိုဘာလ (၃၀)ရက်နေ့က မြို့နယ်ရွေးကောက်ပွဲကော်မရှင်ထံ စာရေးတောင်းဆိုခဲ့ကြောင်း သိရှိရသည်။ ❖

## စီးပွားရေးကျဆင်းနေမှုကြောင့် ဘုရားထီးတော်များ ခိုးယူခံနေရ

**နိုဝင်ဘာ၊ (၁၂)ရက်။ [ဒီဗွီဘီ]**

နအဖလက်အောက် မြန်မာနိုင်ငံတွင် နိုင်ငံရေး မတည်ငြိမ်မှုကြောင့် စီးပွားရေးချွတ်ခြုံကျမှု တနေ့တခြားကြီးမားလာနေရာ ပြည်သူများအကြား နေ့စဉ် စားဝတ်နေရေးဒုက္ခ အလွန်အမင်း အခက်အခဲကြုံတွေ့လာကြသဖြင့် နိုင်ငံတဝှမ်းရှိ တန်ခိုးကြီးဘုရားပုထိုးစေတီများ၏ စိန်ဖူးတော်များ၊ ငှက်မြတ်နားတော်များအပါအဝင် ဘုရားပစ္စည်းများ မကြာခဏ ခိုးယူနေကြကြောင်း သိရသည်။

ရှမ်းပြည်တောင်ပိုင်း ပင်းတယမြို့နယ် ကွမ်လုံကျောင်းရှိ ပြည်တော်ငြိမ်းချမ်းစေတီ၌ ပူဇော်ထားသည့် စိန်ဖူးတော်နှင့် ကျောက်မျက်ရတနာများ အောက်တိုဘာလ (၁၆) ရက်နေ့က ခိုးယူခြင်းခံရကြောင်း ဒေသခံတဦးအဆိုအရ သိရပြီး ယခုနှစ်ဇန်နဝါရီလ (၂၄)ရက်နေ့ကလည်း တောင်ကြီးမြို့ စူဠာမုနိ လောကချမ်းသာစေတီမှ စိန်ဖူးတော် ငှက်မြတ်နားတော်နှင့် ဘုရားတွင် ပူဇော်ထားသည့် ကျောက်မျက်ရတနာများ ကာလတန်ဖိုး စုစုပေါင်း သိန်း(၂၀၀)ဖိုးခန့် ခိုးယူခံခဲ့ရကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ်ကုန်ပိုင်းကလည်း ပြင်ဦးလွင်မြို့နယ်ရှိ ပြည်ချစ်ဘုရားအမည်ရ မဟာအံ့ထူး ကံသာစေတီတော်၌ ပူဇော်တပ်ဆင်ထားသည့် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်များ ခိုးယူခံခဲ့ရသည်ဟု ဒေသခံများက ဆိုသည်။ ယခုလို ဘုရားပစ္စည်းများ ခိုးယူခြင်းခံနေရသည်ကို ဘုရားဂေါပကလူကြီးများအနေဖြင့် မည်သည့် အချိန်က အခိုးခံရသည်ကို အတိအကျမသိရှိသလို သက်ဆိုင်ရာ အာဏာပိုင်များအနေဖြင့်လည်း ယခုအချိန်ထိ တရားခံများအား စုံစမ်းဖော်ထုတ်နိုင်ခြင်း မရှိသေးကြောင်း သိရသည်။ ❖

## ဘီအေတီဆေးလိပ်ကုမ္ပဏီကြီး မြန်မာပြည်မှ ခွာပြီ

**နိုဝင်ဘာ၊ (၇)ရက်။ [ဒီဗွီဘီ]**

မြန်မာနိုင်ငံတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက်ဖြစ်ပွားလာသည့်အတွက် ဗြိတိန်အခြေစိုက် ဘီအေတီ ခေါ် ဗြိတိသျှ–အမေရိကန်ဆေးလိပ်ကုမ္ပဏီကြီးသည် ၎င်းအစိုးရ၏ ဖိအားပေးမှုများအားလိုက်လျောသည့်အနေဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာရန် လိုက်လျောလိုက်ပြီဖြစ်ကြောင်း သိရသည်။

မြန်မာစစ်အုပ်စုနှင့် စီးကရက်စက်ရုံ ဖက်စပ်လုပ်ကိုင်နေသော ဘီအေတီ ကုမ္ပဏီသည် လူ့အခွင့်အရေးအဖွဲ့အစည်းတို့၏ ဖိအားပေးမှုကို နှစ်အတန်ကြာ တင်းခံနေခဲ့ရာမှ ယခုလို လိုက်လျောခဲ့ခြင်းဖြစ်သည်။

အဆိုပါကုမ္ပဏီမှ စက်ရုံလုပ်ငန်း၏ အစုရှယ်ယာ (၆၀)ရာခိုင်နှုန်းအား စင်ကာပူနိုင်ငံ ဂျေအိပ်ချ်အိုင်ကုမ္ပဏီသို့ ရောင်းချခဲ့ပြီးနောက် ဘီအေတီကုမ္ပဏီက ယခုလို မြန်မာနိုင်ငံမှ ထွက်ခွာသွားခြင်းသည် မိမိတို့အတွက် အောင်ပွဲတရပ်ဖြစ်ကြောင်း အင်္ဂလန်အခြေစိုက် မြန်မာနိုင်ငံ ဒီမိုကရေစီအရေး ကြိုးပမ်းလျက်ရှိသော Burma Campaign (UK)မှ ညွှန်ကြားရေးမှူးဖြစ်သူ မစ္စတာ ဂျွန်ဂျက်ဆန်က ဝမ်းပမ်းတသာ ကြိုဆိုလိုက်သည်။

ပြီးခဲ့သော ဇူလိုင်လအတွင်းက ဘီအေတီ ဥက္ကဋ္ဌ မစ္စတာ မာတင်ဘရော့တန်အား ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဖြစ်သူ မိုက်အိုဘရိုင်ယန်မှ ခေါ်ယူဆွေးနွေးပြီးသည့်နောက် ယခုလိုအခြေအနေရောက်ရှိလာခြင်းဖြစ်သည်။ ဗြိတိန်ဝန်ကြီးချုပ်တိုနီဘလဲကလည်း ပြည်သူအား ဖိနှိပ်နေသော မြန်မာစစ်အုပ်စုနှင့် ကုန်သွယ်စီးပွားလုပ်ခြင်းသည် မှားယွင်းကြောင်း ပါလီမန်လွှတ်တော်တွင် ပြောကြားသွားသည်။ ❖

## ပြည်ပထွက် အလုပ်လုပ်သူများအား နိုင်ငံရေးလှုပ်ရှားသူများဟု စွပ်စွဲ၍ ထောင်ချနေခြင်း

**နိုဝင်ဘာ၊ (၅)ရက်။ [ဗီအိုအေ]**

မြန်မာနိုင်ငံသား ပြည်ပထွက် အလုပ်လုပ်ကိုင်နေသူများ အမိပြည်သို့ ပြန်လာစဉ် ရန်ကုန်လေဆိပ်မှာပင် အာဏာပိုင်များက နိုင်ငံရေးလှုပ်ရှားသူများအဖြစ် စွပ်စွဲ၍ ဖမ်းဆီးထောင်ချမှုများ ပြုလုပ်နေသလို ဖမ်းဆီးခြင်းမှ လွတ်မြောက်ရေးအတွက် လာဘ်ငွေ သိန်း(၂၀)ခန့်အထိ ပေးနေရကြောင်း သိရသည်။

သတင်းအရ ကိုရီးယား၊ ဂျပန်၊ အမေရိကန်နှင့် ထိုင်းနိုင်ငံများမှ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသူများ၏ ပတ်စ်ပို့စ်များအား အာဏာပိုင်များက စစ်ဆေး၍ ဓာတ်ပုံကို ကြည့်ပြီး နိုင်ငံရေး လုပ်ကြောင်း စွပ်စွဲကာ ရန်ကုန်လေဆိပ်မှာပင် ဖမ်းဆီးမှုများ ပြုလုပ်နေသည်ဟု ဆိုသည်။

ဖမ်းဆီးခြင်းခံရသူများအနက် အချို့ကို ထောင်ဒဏ် (၇)နှစ်အထိ အပြစ်ပေးပြီး ဖမ်းဆီးခံရသူများက လွတ်မြောက်ရေးအတွက် သက်ဆိုင်ရာအရာရှိများအား ကျပ်(၁၀)သိန်းမှ သိန်း(၂၀)ထိ လာဘ်ထိုးနေရကြောင်း သိရသည်။ ❖

## အနာဂတ်မြန်မာ့အင်အားကြံ့ဖွံ့များဟု နအဖဥက္ကဋ္ဌဆို

**နိုဝင်ဘာ၊ (၂၂)ရက်။**

မှော်ဘီမြို့ ကြံ့ဖွံ့ဗဟိုသင်တန်းကျောင်း၌ နိုဝင်ဘာ(၂၁)ရက် ဗုဒ္ဓဟူးနေ့က ကျင်းပခဲ့သော (၁၀)နှစ်ပြည့် ကြံ့ဖွံ့အသင်း၏ နှစ်ပတ်လည်နေ့အခမ်းအနားတွင် နာယကဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကြံ့ဖွံ့အဖွဲ့သည် အနာဂတ်မြန်မာနိုင်ငံအတွက် အဓိကအင်အားဖြစ်ကြောင်း ပြောဆိုသွားခဲ့သည်ဟု သိရသည်။

အခမ်းအနားတွင် ကြံ့ဖွံ့နာယကကြီးက နအဖ၏ နိုင်ငံရေးလမ်းစဉ် (၇)ချက်ပါ မူဝါဒများအား အပြည့်အဝ ထောက်ခံအားပေးခဲ့သော ပြည်နယ်နှင့် တိုင်းအသီးသီးရှိ ကြံ့ဖွံ့အဖွဲ့ဝင်များကို ကျေးဇူးတင်ရှိကြောင်းနှင့် အဆိုပါမူဝါဒများ အကောင်အထည်ဖော်နိုင်ရေးအတွက် ဆက်လက်ထောက်ခံသွားရန် တိုက်တွန်းသွားခဲ့သည်ဟု ဆိုသည်။

ယခုလိုပြောဆိုလိုက်ခြင်းသည် အမျိုးသားညီလာခံ ပြန်လည်စတင်ရန် နအဖက အပစ်အခတ်ရပ်စဲရေးအဖွဲ့များအား ကမ်းလှမ်းဖိတ်ခေါ်နေချိန်နှင့် တိုက်ဆိုင်နေသဖြင့် ထူးခြားမှုတရပ်ဖြစ်ကြောင်း နိုင်ငံရေးလေ့လာသူများက သုံးသပ်ကြပြီး တနိုင်ငံလုံး အတိုင်းအတာနှင့် အင်အား(၁၇)သန်းခန့်ရှိသည့် ကြံ့ဖွံ့အင်အားကို အသုံးချ၍ နအဖက အမျိုးသားညီလာခံကို မဖြစ်ဖြစ်အောင် လုပ်ဆောင်သွားနိုင်သည်ဟု ပြည်တွင်းပြည်ပရှိ နိုင်ငံရေးအကဲခတ်များက ယူဆနေကြသည်။

❖

## စစ်လေ့ကျင့်ရေးကျောင်းဝင်းအတွင်း ဗုံးပေါက်ကွဲမှုဖြစ်ပွား

**နိုဝင်ဘာ၊ (၃)ရက်။ [ဒီဗွီဘီ]**

လွန်ခဲ့သော အောက်တိုဘာလ (၂၆) ရက် တနင်္ဂနွေနေ့က မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် အမှတ်(၇)စစ်လေ့ကျင့်ရေးကျောင်းဝင်းအတွင်း ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ သင်တန်းသား(၁)ဦးသေဆုံးခဲ့ပြီး (၂) ဦး အပြင်းအထန် ဒဏ်ရာရရှိသွားကြောင်း သိရသည်။

ဗုံးပေါက်ကွဲမှုမှ သေဆုံးသူ မောင်သန့်ဇင်ဦးသည် အသက်(၁၈)နှစ်အရွယ်သာရှိပြီး တနင်္သာရီတိုင်း ရေးမြို့နယ်၊ ဇီးဖြူတောင်ရွာမှ အဓမ္မစစ်သားစုဆောင်းခံရကာ စစ်သင်တန်းတက်နေသူတဦးဖြစ်သည်။ အခြားဒဏ်ရာရသင်တန်းသား (၂)ဦးအား တောင်တွင်းကြီးမြို့ ပြည်သူ့ဆေးရုံ၌ အတွင်းလူနာအဖြစ် တင်ထားရကြောင်း ဒေသခံတဦးက ဆိုသည်။

အခင်းဖြစ်ပွားသော အောက်တိုဘာ (၂၆)ရက် ညနေ(၄)နာရီခွဲခန့်တွင် သေဆုံးသူ မောင်သန့်ဇင်ဦးနှင့် အဖော်များသည် သင်တန်းကျောင်းအရာရှိတို့၏ စေခိုင်းချက်အရ သစ်ပင်စိုက်ပျိုးရန် ကျင်းတူးနေစဉ်၌ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

အဆိုပါပေါက်ကွဲခဲ့သောလက်နက်သည် မြေမြှုပ်မိုင်းဖြစ်နိုင်သည်ဟု ယူဆရပြီး သင်တန်းသားများကိုယ်တိုင် စစ်ရေးလေ့ကျင့်စဉ် မြှုပ်ထားခဲ့သော မိုင်းလော သို့မဟုတ် ပြင်ပမှ လာရောက်ထောင်ထားသော မိုင်းလော အတိအကျ မသိရသေးကြောင်း ဒေသခံများက ဆိုသည်။

တောင်တွင်းကြီး အမှတ်(၇) စစ်လေ့ကျင့်ရေးသင်တန်းကျောင်းသည် မြန်မာနိုင်ငံအရပ်ရပ်မှ အဓမ္မစုဆောင်းရရှိသော သင်တန်းသားများအား စစ်ရေးလေ့ကျင့်သင်ကြားပေးနေပြီး လူမမယ် ကလေးစစ်သားများစွာ ပါဝင်နေကြောင်း သိရသည်။ ❖

Burma Independent News Agency

မြန်မာနိုင်ငံ
လွတ်လပ်သည့်သတင်းအေဂျင်စီမှ
ထုတ်ဝေဖြန့်ချိသည်။

အယ်ဒီတာ
ခင်လွန်း

မိုးကြိုး သတင်းစဉ် သို့

စာမူများ၊
ဝေဖန်အကြံပြုစာများ
ဆက်သွယ်
ပေးပို့နိုင်ပါသည်။

P.O.Box (91)
Mae Sod, 63110
Tak , Thailand.
binamojo@cscoms.com

# အမျိုးသားရေးအတွက် ကြိုးပမ်းခဲ့ကြသော ခေါင်းဆောင်ကြီးများအား အလေးထားသင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် အမြန်ဆုံးတွေ့ဆုံဆွေးနွေးရန် အဖွဲ့ချုပ် တောင်းဆို



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကျင်းပသော ၇၅ ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည် မိန့်ခွန်းပြောကြားနေစဉ်

**နိုဝင်ဘာ၊ (၁၈)ရက်။**

ယနေ့ကျရောက်သည့် (၈၃)ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ကို အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး ကြေညာချက်တစောင်ထုတ်ပြန်ကာ ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန် အမြန်ဆုံး လိုအပ်ကြောင်း တောင်းဆိုလိုက်သည်။

ထိုကြေညာချက်တွင် ကိုလိုနီနယ်ချဲ့၏ ရန်ကုန်တက္ကသိုလ်အက်ဥပဒေကို တက္ကသိုလ်ကျောင်းသားများက ဦးဆောင်တိုက်ပွဲဝင်ခဲ့သည့် ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ကြီးသည် တမျိုးသားလုံး၏ မျိုးချစ်စိတ်ကို မြင့်မားလာစေခဲ့ပြီး နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး အဆက်ဆက်ကို အောင်ပွဲများ ရရှိစေခဲ့ကာ လွတ်လပ်ရေး ရယူနိုင်သည်အထိ စွမ်းဆောင်နိုင်ခဲ့ကြကြောင်း ဦးစွာ ဖော်ပြထားသည်။

ဆက်လက်၍ လွတ်လပ်ရေးကြီး ရရှိလာသော်လည်း ယနေ့အချိန်အထိ မြန်မာလူထုတရပ်လုံးမှာ လွတ်လပ်ရေး၏အရသာကို မခံစားရဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအကျပ်အတည်းများကို ခါးသီးစွာ ခံစားနေကြရကြောင်း၊ ထို့ကြောင့် ကျောင်းသားများက ဦးဆောင်တိုက်ပွဲဝင်ခဲ့ပြီး ပြည်သူတရပ်လုံး ပါဝင်သော ဒီမိုကရေစီကြိုးပမ်းမှုများ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ကြောင်း ရေးသားဖော်ပြခဲ့သည်။

ထိုသို့ မြန်မာပြည်သူလူထု၏ ခါးသီးစွာခံစားနေရသော အထွေထွေအကျပ်အတည်းများအား အမြန်ဆုံးပြေလည်စေရေး နိုင်ငံတော်နှင့် နိုင်ငံတော်သားတို့၏ ရေရှည်အကျိုးစီးပွားကို မျှော်မြင်၍ ဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရေးတို့အတွက် အဓိကအခြေခံကျသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အမြန်ဆုံး တည်ဆောက်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းကာ အဖွဲ့ချုပ်၏ တောင်းဆိုချက်များကို ဖော်ပြခဲ့သည်။

– အမျိုးသားပြန်လည်သင့်မြတ်ရေးကို အလေးဂရုသောအားဖြင့် ပထမဆုံး အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် နေအိမ်အကျယ်ချုပ်ကျခံနေကြရသည့် ဥက္ကဋ္ဌဦးအောင်ရွှေအပါအဝင် အဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်များ၊ အကျဉ်းကျခံ အဖွဲ့ချုပ်ဝင်များ၊ နိုင်ငံအဝှမ်း အကျဉ်းကျခံနေရသည့် နိုင်ငံရေးအကျဉ်းသားများ အားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန်။

– မေ(၃၀)ဒီပဲယင်းအရေးအခင်းမှစ၍ ပိတ်ထားခဲ့ရသော အဖွဲ့ချုပ်ရုံးများအား အမြန်ဆုံး ပြန်ဖွင့်ခွင့်ပေး၍ နိုင်ငံရေးပါတီများအား လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပြုရန်။

– နိုင်ငံအဝှမ်း တရားဥပဒေစိုးမိုးရေး၊ ရှင်သန်ထွန်းကားရေး၊ ဥပဒေအရာတွင် လူတိုင်းလူတိုင်း အညီအမျှရရှိစေရေးတို့ကို တန်ဖိုးထား လေးစားလိုက်နာကြောင်း ပြည်သူလူထုနှင့် ကမ္ဘာက သိရှိအောင် ပြသသည့်အနေဖြင့် မေ–၃၀ ဒီပဲယင်း အရေးအခင်း အကြမ်းဖက်မှုအား ပြည်သူလူထု ယုံကြည်လက်ခံသောပုဂ္ဂိုလ်များဖြင့် စုံစမ်းစစ်ဆေးရေးကော်မရှင် ဖွဲ့စည်းပြီး လွတ်လပ်စွာ စုံစမ်းစစ်ဆေးခွင့်ပြုရန်၊

– စသည်တို့ကို တောင်းဆိုခဲ့ပြီး ထိုအချက်များအား နအဖက မလွဲမသွေ ဆောင်ရွက်ပေးရန် တာဝန်ရှိကြောင်း ဖော်ပြထားသည်။ ❖

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်(၅)ဦး ပြန်လည်လွတ်မြောက်

**နိုဝင်ဘာ၊ (၂၃)ရက်။**

မေ(၃၀) ဒီပဲယင်းလုပ်ကြံမှုကြီးအတွင်း နေအိမ်အကျယ်ချုပ်ချထားခြင်း ခံခဲ့ရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (၄)ဦးအား ထိန်းသိမ်းထားရာမှ ပြန်လည်လွှတ်ပေးလိုက်ကြောင်း အေပီသတင်းအဆိုအရ သိရသည်။

ပြန်လည်လွတ်မြောက်လာသူများမှာ ဦးစိုးမြင့်၊ ဦးညွန့်ဝေ၊ ဦးသန်းထွန်း၊ ဦးလှဖေနှင့် ဦးလွန်းတင်တို့ဖြစ်ကြကြောင်း သိရပြီး နအဖ စစ်အရာရှိ ဗိုလ်မှူးချုပ်သန်းထွန်းက နေအိမ်စောင့်တပ်ဖွဲ့များအား ပြန်လည်ရုပ်သိမ်းပေးခဲ့သည်ဟု ဆိုသည်။

သို့ရာတွင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ ဒုဥက္ကဋ္ဌဦးတင်ဦး၊ အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်တို့အား ပြန်လည်လွှတ်ပေးသေးခြင်း မရှိသေးချေ။

ယခုလို နေအိမ်အကျယ်ချုပ်ထားခြင်း ခံနေရသည့် အဖွဲ့ချုပ်ထိပ်ပိုင်းခေါင်းဆောင်အချို့ ပြန်လည်လွတ်မြောက်လာပြီဆိုသည့် သတင်း ထွက်ပေါ်လာခဲ့သော်လည်း ၎င်းတို့၏ နေအိမ်ဖုန်းလိုင်းများ ဖြတ်တောက်ထားဆဲ ဖြစ်သဖြင့် ယခုအချိန်ထိ ဆက်သွယ်မေးမြန်း၍ မရနိုင်သေးကြောင်း သိရသည်။ ❖

# အဖွဲ့ချုပ်ရုံးများ ဖွင့်ခွင့်ရရေး မကွေးတိုင်းအမျိုးသမီးအဖွဲ့ ထပ်မံတောင်းဆို

**နိုဝင်ဘာ၊ (၁၁)ရက်။**

မေ(၃၀) ဒီပဲယင်းအရေးအခင်းအပြီး ချိတ်ပိတ်ခံခဲ့ရသည့် အဖွဲ့ချုပ်ရုံးများ ပြန်ဖွင့်ခွင့်ရရေးအတွက် ပြည်နယ်နှင့် တိုင်းအသီးသီးရှိ အဖွဲ့ချုပ်ဝင်များက သက်ဆိုင်ရာကော်မရှင်များထံ တောင်းဆိုမှုများ အဆက်မပြတ် ပြုလုပ်လျက်ရှိရာ မကွေးတိုင်းကလည်း တိုင်းအဆင့်အနေနှင့်သာမက မြို့နယ်အသီးသီးအနေနှင့်ပါ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်ထံ စာရေးတောင်းဆိုခဲ့ကြပြီးဖြစ်ရာ နိုဝင်ဘာ(၁၀)ရက်နေ့တွင် မကွေးတိုင်းအမျိုးသမီးအဖွဲ့က ထပ်မံ စာရေးတောင်းဆိုခဲ့ကြောင်း သိရသည်။

အဆိုပါစာကို မကွေးတိုင်းအတွင်းရှိ အမျိုးသမီးများ၏ ကိုယ်စား တိုင်းအမျိုးသမီးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန္ဒာဝင်းကိုယ်တိုင် တိုင်းကော်မရှင်ထံ သွားရောက်ပေးပို့ခဲ့ခြင်းဖြစ်ပြီး အဖွဲ့ချုပ်ရုံးများအား (၅)လကျော်ကြာပိတ်ထားသည့်အတွက် ပါတီကိစ္စများအား စနစ်တကျ ဆောင်ရွက်နိုင်ရန်အတွက် အမြန်ဆုံးဖွင့်လှစ်ပေးဖို့ တောင်းဆိုထားကြောင်း ဒေါ်စန္ဒာဝင်းက ပြောပြခဲ့သည်။

ယခုလို စာရေးတောင်းဆိုသည့်ကိစ္စအတွက် မကွေးတိုင်းစည်း ဦးအောင်စိုးနှင့် ဒေါ်စန္ဒာဝင်းတို့ (၂)ဦးအား တိုင်း ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နောက်တနေ့တွင် ခေါ်ယူတွေ့ဆုံခဲ့ပြီး ရုံးဖွင့်ရေးကိစ္စအတွက် အထက်က ပြန်ကြားစာ မရမချင်း မည်သည့်လှုပ်ရှားမှုမှ ထပ်မံမပြုလုပ်ရန်

စာမျက်နှာ(၁၅)ကော်လံ(၂)သို့ ○

# နအဖ စစ်တပ်၏ (၃)လကြာ မိုးရာသီထိုးစစ်ပြီးဆုံး၊ မာနယ်ပလောစစ်ပွဲနောက်ပိုင်း အပြင်းထန်ဆုံးတိုက်ပွဲများဟုဆို



ဗိုလ်ချုပ်ထင်မောင်

နအဖစစ်တပ်၏ ကေအဲန်အယ်လ်အေ တပ်မဟာ(၇)နယ်မြေသို့ ဇူလိုင်လ(၈)ရက်နေ့မှ စတင်ထိုးစစ်ဆင်ခဲ့သော (၃)လကြာ မိုးရာသီထိုးစစ်သည် အောက်တိုဘာ(၁၆)ရက်နေ့တွင် ပြီးဆုံးသွားပြီဟု သိရှိရသည်။

ထိုထိုးစစ်ကို ကက(ကြည်း)၏ စီစဉ်မှုဖြင့် ရတခတိုင်းမှူး ဗိုလ်မှူးချုပ်မြင့်အောင်က တိုက်ရိုက်ကွပ်ကဲခဲ့ပြီး ရန်ကုန်တိုင်း ဖူးကြီးအခြေပြု စကခ(၄)မှူး ဗိုလ်မှူးကြီးကျော်သူက အနီးကပ် ကွပ်ကဲခဲ့သည်ဟု သိရသည်။ စကခ(၄)လက်အောက်ခံတပ်ရင်း (၇၀၁ မှ ၇၁၀)အထိ စုစုပေါင်းတပ်ရင်း (၁၀)ရင်းမှ အင်အား(၂၀၀၀)နှင့် ဒီကေဘီအေတပ်မဟာ (၃)ခုမှ အင်အား(၄၀၀)၊ စုစုပေါင်းအင်အား (၂၅၀၀)ခန့် ပါဝင်ထိုးစစ်ဆင်ခဲ့သည်။

ယင်းထိုးစစ်ကြီး၏ အဓိကရည်ရွယ်ချက်မှာ ကေအဲန်ယူအား စစ်ရေးဖြင့် ဖိအားပေး၍ အညံ့ခံလာစေရန် ရည်ရွယ်သည်ဟု ကေအဲန်အယ်လ်အေအရာရှိတဦးက မိုးကြိုးသို့ ပြောဆိုခဲ့သည်။

ယင်း(၃)လကြာ ရန်သူ့ထိုးစစ်အား ကေအဲန်အယ်လ်အေ တပ်မဟာ(၇)မှူး ဗိုလ်ချုပ်ထင်မောင်နှင့် ကေအဲန်ဒီအို တပ်ရင်း (၅) တပ်ရင်းမှူး ဗိုလ်မှူးထော့လေး ခေါင်းဆောင်သော အင်အား(၄၀၀)ခန့်၊ ABSDF တပ်ရင်း(၈) တပ်ရင်းမှူး ရဲဘော်စောမိုး ဦးစီးသော တိုက်ခိုက်ရေးအင်အား(၂၅၀)ခန့်နှင့် ဒုဗိုလ်မှူးကြီးစောနေဒါး ဦးစီးသော ကေအဲန်အယ်လ်အေ အထူးတပ်ရင်း(၂၀၂)မှ အင်အား(၆၀)တို့က ပြည်သူတို့နှင့်လက်တွဲ၍ ကြံ့ကြံ့ခံတိုက်ပွဲဝင်ခဲ့သည်ဟု သိရှိရသည်။

ယင်းတိုက်ပွဲကာလအတွင်း နအဖဘက်မှ (၈၆)ဦး ကျဆုံး၍ (၇၀၁)တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး အေးကျော်၊ ဒုရင်းမှူး တဦးနှင့် အရာရှိ (၁၀)ဦးအပါအဝင် ရန်သူ (၁၈၀) ဒဏ်ရာရလျက် အကြီးအကျယ်အထိနာခဲ့ပြီး မိမိတို့ဘက်မှကျဆုံးသူမရှိဘဲ စုစုပေါင်း(၁၅)ဦး ဒဏ်ရာရရှိကြောင်း တိုက်ပွဲရှိုံးချုပ်သတင်းများအရ သိရှိရသည်။

စစ်ဆင်ရေးကာအတွင်း တိုက်ပွဲကြီး (၅)ပွဲနှင့် တိုက်ပွဲငယ်(၅၃)ပွဲဖြစ်ပွားခဲ့သည်။ ယင်းတိုက်ပွဲကြီး၏ အပြင်းထန်ဆုံးကာလ



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဥက္ကဋ္ဌ ဦးတင်အောင်က ကေအဲန်အယ်လ်အေနှင့် မကဒတ တပ်ဖွဲ့ဝင်များအား သွားရောက်ဂုဏ်ပြုအားပေးစဉ်

စာမျက်နှာ(၄)ကော်လံ(၄)သို့ ○

# ၈၃ ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာမျက်နှာ



## ယူနီဘာစီတီဘွဲ့ လေးချိုးတော်ကြီး



(၁) “ဘွိုင်းကောက်အဖြစ်မှာ၊ မေတ္တာအထယ် မသေးသော်လဲ့၊ ‘မှိုင်း’တယောက် မစ္စတာ–ချစ်ရာ မမယ် သေးနိုင်ဘု၊ သစ္စာတကယ်သွေးတွေဟဲ့လို့။ တွေးနဲ့နောင်ဘို့ အလို။ အိုကွယ့် ! ခေတ္တရာနယ်တကြေး ဆီက၊ မေးရဲ့ မောင်တို့ကို။

(၂) ဩော်ဝေးခရီးကပေမဲ့၊ အရေးကြီးလျှင်ဖြင့်၊ သွေးနီးရာပါစမြဲပေမို့၊ ဆရာလဲကွာ၊ ပထမအရင်–ကနဦးဆီက၊ မြန်မာတခွင်မှာ–သမတရှင်ဘုရင် မလူးခင်ပ။ ‘ထ’ဆင်ထူးကို တမြည်မြည်သင်ခဲ့သမို့၊ ‘ထီ’မထင် ကျောင်းတော်သားတွေရဲ့၊ အမည်အစဉ်မှာ–ခေါင်းအပေါ်များတွင်မှ… မင်းရို့ဆရာကို စာရင်းတို့ကာ ထားလိုက်ကြပေတော့၊ ဩော် ! ဘုရား, သိကြားတွေ မ,လို့မို့၊ အများဝေနေယျတို့ဘို့ အရှေသမယ, ပဝေ, သရေခေတ်ဆီက၊ ရွှေ–ငွေဖြစ်သူ ‘ဆရာအောင်’ရဲ့ပြင်၊ မြန်မာဘောင် ပေါက္ကံတိုင်းတွင်မှ၊ သမိုင်း တစောင်သစ်ခဲ့တဲ့၊ အဇ္ဇဂေါနာ၊ ဆရာရှင်မထီးတို့လိုပ၊ ဖြစ်ကြသောအခါ၊ တာအဝင်မှာ ပြီးစေဘို့၊ ခရီး သယ် ရောက်ရာကြို့ခဲ့တယ်။ အမျိုးအတွက် သဒ္ဓါတရ ကိုယ်ပါနော်ကွယ်၊ မျိုးမျိုးမျက်မျက်၊ အကျိုးနက်စေ ဘို့၊ ထိုးရက်ပါကို။

(၃) အနှစ်တထောင်ရှေစွာ၊ နေစရာတမျိုးရယ်လို့၊ မဖြစ်ဖြစ်အောင် သေသေချာချာ ထိုးရပါတော့၊ ရွှေ–ငွေ အသပြာမိုးတွေနဲ့၊ သွန်းဖြိုးဖြဟ္မစိုရ်၊ အစွန်းတန်ခိုးထိုထိုရယ်နှင့်–ကရုဏာ,မေတ္တာပွါး၊ အိုကွယ်– လွမ်းမိုး တညိုညိုရယ်နှင့် သမုဒယသစ္စာတရား။

(၄) ‘မှိုင်း’ဟဲ့နော်၊ တိုင်းနယ့်ပြေပေါ်မဖြင့်၊ ကသိုဏ်းနဲ့ ဖြေဖျော်တဲ့၊ တဇေယော် အထိကရတပါးပေပေါ့၊ ကဝေအကျော်,အမော်မှာ, တပည့်မတွေကလဲ များချိန်မို့၊ အစိအငှသွားကာ၊ ဆန်ကို ခံကြတော့၊ ယမန် ဟိုပုဂံ၊ သရေခေတ္တရာတို့လို၊ ရွှေတွေ, ငွေတွေဖြစ်လျှင်ဖြင့်၊ အရှေချစ်မကွယ်၊ သဒ္ဓါပေါက်သူက၊ ပြည်ခေတ်အနယ်နယ်၊ နဂရတလျှောက်မှာလ… အမယ်မင်း၊ နောက်တသိုက်– ဇမ္ဗူဒီ မြန်မာသားတွေ မဖြင့်… ဩော် အမြှောက်ကြိုက်ကြိုက်ပြီး၊ အချောက်တိုက်နဲ့– လူမညီ၊ ပါလျှင်ဖြင့်, မှားကြလိမ့်မထင့်… အို ဘေဒါရီရဲ့၊ မြှောက်လိုက်မကွဲ့… မောက်လိုက်မဟဲ့လို့… ဆောက်လိုက်မဲ့ ယူနီဘာစီတီအများ။ ။

**ဆရာကြီး သခင်ကိုယ်တော်မှိုင်း**

(မူရင်းသတ်ပုံအတိုင်း ဖော်ပြပါသည်)

## တိုင်းသူပြည်သားများသို့

ရန်ကုန်ကောလိပ်နှင့် ယုဒသန်ကောလိပ်ရှိ ကျွန်တော်တို့ ကျောင်းသားအားလုံးတို့သည် အဆုံး၌ ဘယ်လိုဖြစ်မည်ကို သေချာ မသိရသေးသော ကိစ္စတခုကို စတင်ပြုလုပ်ကြပါသည်။ သို့ရာတွင် ကျွန်တော်တို့သည် တရားနည်းလမ်းမှန်ကန်ကြောင်းကို ကောင်းမွန် ခိုင်မြဲစွာ သိရှိရပါသည်။ ကျွန်တော်တို့သည် တတိုင်းတပြည်လုံး ကျွန် တွင်းက မည်သည့်အခါမှ မလွတ်မကင်းမည့် ဗျူရိုကရက်တို့၏ သိပ္ပံ ကျောင်းဥပဒေကို ထုချေဖျက်ဆီးရန် အကြံရှိပါသည်။ ကျွန်တော်တို့သည် တိုင်းသူပြည်သားတို့၏ စိတ်အားထက်သန်သော အကူအညီအားဖြင့် လူငယ်များတို့ ခုံခံဖြိုဖျက်ခြင်းမှတပါး အခြားသောနည်းဖြင့် တိုင်းပြည်ကို ကယ်ဆယ်ဖို့ရာ နည်းလမ်းမရှိပြီဟု ယုံကြည်ပါ၏။ ကျွန်တော်တို့သည် မြန်မာနိုင်ငံရှိ လူအများတို့၏ ပညာအဆီအနှစ်နှင့် ပြည့်စုံသော ကျောင်း သားများဖြစ်မည်ကို ရည်သန်၍ ကူညီစောင်မဖို့ရန် တောင်းပန်ပြောကြား ပါသည်။ ကျွန်တော်တို့စိတ်ထဲ စွဲမြဲစွာ ယုံကြည်သော ဤလုပ်ငန်းကြီး သည် တိုင်းပြည်၌ လိုအပ်သော အချက်ကြီးတခုကို ထုတ်ဖော်ပြောဆိုခြင်း ပင် မည်ပါသည်။ (ဤကား အခြားမဟုတ်၊ အမျိုးသားသိပ္ပံကျောင်းကြီးပေ တည်း။) ထိုကျောင်းကြီးမှာ မြန်မာနိုင်ငံ၏ သားသမီးများနှင့် သင့်လျော် သော ပညာရပ်များကို ရနိုင်ပေရာသည်။ အိန္ဒိယနိုင်ငံ၌ အမျိုးသား ကျောင်းတွေ အလိုအလျောက် ပေါ်ပေါက်လာကြပေရာ မြန်မာနိုင်ငံက လည်း နောက်မကျရအောင် မြန်မာတို့သည် နိုင်ငံသားစစ်၍ ချစ်ခဲ့ပါလျှင် ဘယ်နံရောအခါမျှ မတည်ထောင်နိုင်ပဲ ရှိလိမ့်မည် မဟုတ်ပါ။ စိတ်ပါ လက်ပါလုပ်လျှင် မုချဖြစ်ပါလိမ့်မည်။

**(သပိတ်မှောက်ကောင်စီ၏ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့စွဲဖြင့် တိုင်းပြည်သို့ ထုတ်ပြန်သော ကြေညာချက်)**




## ၂၁ ကြိမ်မြောက် အမျိုးသားနေ့၌ ကြွေးကြော်ရန် သံချပ်များ

အမျိုးသားနေ့ လှည့်လည်ရာ၌ တညီတညွတ်တည်း – တသံ တည်း ဖြစ်စေရန်၊ အရေးကြီးသော မင်္ဂလာအခါကြီးဖြစ်ပါ၍ အောက်ပါ သံချပ်–၇–ပုဒ်ကိုသာလျှင် သီဆိုကြွေးကြော်ကြပါမည့်အကြောင်း၊ အမှု ဆောင်အဖွဲ့က နှိုးဆော်ပါသည်။

(၁) အမျိုးသားနေ့အခါတော် – ကမ္ဘာကျော်အောင် နွှဲလိုက်ကြစို့။
(၂) သာကီမျိုးဟော့ ဒို့ဗမာ – ရှေ့စဉ်လာက ကိုယ့်မင်းကိုယ့်ချင်း။
(၃) ဖိနှိပ်ခြင်းကို ဒို့မခံ – ဒို့နိုင်ငံဟာ ဒို့ဘို့ပါဘဲ။
(၄) လွတ်လပ်ရေးကို ရ–ရမည် – စိတ်တူကိုယ်ညီ ပြကြ–ပြကြ။
(၅) ဗမာချင်းချင်း သွေးစည်းကာ – အရေးကြီးလာပြီ – သိကြ – သိကြ။
(၆) အရေးကြီတဲ့ ခုချိန်ခါ – ဒို့ဗမာတွေ – ညီကြ – ညီကြ။
(၇) စွန့်စားဝံ့တဲ့ အာဇာနည် – ဗမာပြည်မှာ ထောင်သောင်းသိန်းသန်း။

တိုင်းပြည်ပြုပုံနှိပ်တိုက်

# အမျိုးသားရေးနှင့် ယနေ့ကာလသမိုင်းပေးတာဝန်

## ဂုဏ်ထွဋ်

တန်ဆောင်မုန်းလပြည့်ကျော်(၁၀)ရက်နေ့ကို အမျိုးသားနေ့ရယ်လို့ ဂုဏ်ပြု သတ်မှတ်ကျင်းပခဲ့တာ ယနေ့ဆို (၉၃)ကြိမ်ရှိပါပြီ။ ၁၉၂၀ ပြည့် ရန်ကုန် ယူနီဗာစီတီအက်ခေါ် ရန်ကုန်တက္ကသိုလ် အုပ်ချုပ်သင်ကြားရေးစည်းမျဉ်းဥပဒေကို တက္ကသိုလ်ကျောင်းသားများက သပိတ်မှောက်ခဲ့တဲ့နေ့ကို အစွဲပြုပြီး ၁၉၂၁ ခုနှစ် အောက်တိုဘာ(၂၄)ရက်နေ့ မန္တလေးမှာ ကျင်းပခဲ့တဲ့ နဝမမြောက် ဂျီစီဘီအေအစည်းအဝေးက အမျိုးသားနေ့ရယ်လို့ သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ ထူးခြားတာက ကိုလိုနီခေတ်မှာပဲ ၁၉၃၇ ခုနှစ် ဒေါက်တာဘမော် ဝန်ကြီးချုပ်ဖြစ်လာတော့ အမျိုးသားနေ့ကို တရားဝင် ရုံးပိတ်ရက် အဖြစ် သတ်မှတ်ခဲ့တာပါပဲ။

ဘာကြောင့် ကျောင်းသားသပိတ်ကို တနိုင်ငံလုံးအတိုင်းအတာဆောင်တဲ့ ဂုဏ်ရောင်ပြောင်တဲ့ အမျိုးသားနေ့အဖြစ် ကျွန်တော်တို့ ဘိုးဘွားများက သတ်မှတ်ခဲ့ပါသလဲ။ တိုတိုပြောရရင် ဒီသပိတ်ဟာ အမျိုးသား ကြွန်အင်လက္ခဏာများနဲ့ ပြည့်စုံလို့ ဖြစ်ပါတယ်။ ဒီကျောင်းသားများရဲ့ သပိတ်ဟာ အဲ့ဒီကာလ တမျိုးသားလုံးရဲ့ နိုင်ငံရေး မျှော်မှန်းချက်တွေကို ထင်ဟပ်စေတယ်။ ဒီသပိတ်ကတဆင့် ပေါက်ပွားလာတဲ့ အမျိုးသားကျောင်းများဟာ မျိုးဆက်သစ်လူငယ်များကို ကိုလိုနီစနစ် ဖျက်သိမ်းရေး၊ အမျိုးသားလွတ်မြောက်ရေးစိတ်ဓာတ်များ ကိန်းအောင်းလာအောင် လေ့ကျင့်သင်ကြားပေးတယ်။ ဒီသပိတ်ကြောင့် ပြည်သူ့အုပ်ချုပ်ရေးအဆင့် တိုးမြင့်လာတယ်။ ဒါတင် မကဘူး။ ကျောင်းသားများရဲ့သပိတ်ဟာ တကမ္ဘာလုံးအတိုင်းအတာနဲ့ ပေါ်ပေါက်နေတဲ့ နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုတွေရဲ့ မြန်မာပြည်ဆိုင်ရာ အခန်းကဏ္ဍကို ကိုယ်စားပြုတယ်။

စာရေးဆရာကြီး ဦးသိန်းဖေမြင့်က ''ကျောင်းသားများရဲ့သပိတ်ဟာ သီးခြားမဟုတ်၊ ပြည်သူတို့၏ နိုင်ငံရေးတိုက်ပွဲ ဖြစ်သော တာဝန်ခံအုပ်ချုပ်ရေး တောင်းဆိုမှု၏ အစိတ်အပိုင်းဖြစ်သည်''လို့ ဂုဏ်ပြုခဲ့တယ်။ တပိုင်ထဲမှာပဲ ''၁၉၂၀ ပြည့် ကျောင်းသားသပိတ်ဟာ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားပညာရေးအရေးတော်ပုံဖြစ်သည်''လို့ ထင်ရှားလှတဲ့ သတင်းစားဆရာကြီး လူထုဦးလှက ရေးသားခဲ့တယ်။

ပထမအချက်အနေနဲ့ ၁၉၂၀ ပြည့် အရေးတော်ပုံကာလ နိုင်ငံတကာအခြေအနေတွေ ပထမဦးစွာ အကဲဖြတ်ပါမှ အမျိုးသားနေ့ရယ်လို့ သတ်မှတ်ရလောက်အောင် ကြီးမြတ်ခမ်းနားခဲ့တဲ့ ပြည်သူလူထုလှုပ်ရှားမှုဟာ အဓိပ္ပာယ်ပြည့်ဝပါလိမ့်မယ်။

၁၉၁၇ ခုနှစ်မှာ ရုရှားဇာဘုရင်ကို တော်လှန်တဲ့ ဘော်ရှီဗစ်တော်လှန်ရေးဖြစ်ပါတယ်။ အချက်(၁၄)ချက်ပါတဲ့ အမေရိကန်သမတ ဝီလ်ဆင်ရဲ့ အုပ်စိုးပိုင်ဆိုင်သောနိုင်ငံနဲ့ အုပ်ချုပ်ခံနိုင်ငံများ အခွင့်အရေး ညီမျှစေဖို့ သဘောထားထုတ်ပြန်ချက်ဟာလဲ ကျွန်နိုင်ငံက ပြည်သူတွေကို အားတက်စေခဲ့တယ်။ ပထမကမ္ဘာစစ်အပြီးမှာ ပိုလန်၊ ချက်ကိုစလိုဗက်ကီးယား၊ ဟန်ဂေရီ၊ ယူဂိုစလားဗီးယား၊ ဖင်လန်နှင့် အီဂျစ်နိုင်ငံတို့ ပေါ်ပေါက်လာတာကိုလဲ အားကျလာကြတယ်။ ရှင်းရှင်းပြောပြောရရင် ကျွန်နိုင်ငံတွေဟာ လွတ်လပ်ရေး ရလိုစိတ်တွေ နိုးကြားလာတယ်။

အိန္ဒိယမှာဆိုရင် မွန်တေဂူချမ်းစဖို့ အစီရင်ခံစာအရ ၁၉၁၉ မှာ ပြဋ္ဌာန်းတဲ့ ဥပဒေသစ်ကို မဟတ္တမဂန္ဒီနဲ့ ကွန်ဂရက်ပါတီက အမှူးပြုပြီး တနိုင်ငံလုံး ကန့်ကွက်ကြတယ်။ အထူးသဖြင့် ၁၉၁၉ ဧပြီလထဲမှာ ပန်ဂျပ်ပြည်နယ်မြို့တော် အမ်ရစ်ဆာမှာ ကျင်းပတဲ့ လူထုဆန္ဒပြပွဲကြီးကို နယ်ချဲ့အင်္ဂလိပ်တွေက ရက်ရက်စက်စက် ပစ်ခတ်သတ်ဖြတ်လို့ ပြည်သူထောင်ချီ သေဆုံးတယ်။ တရုတ်ပြည်မှာလည်း အလားတူပဲဖြစ်တယ်။ ဂျပန်က မတရားယူထားတဲ့ (၂၁)ချက် စာချုပ်ပါ အခွင့်အရေးများ ရုပ်သိမ်းပေးရေး တောင်းဆိုချက်ကို ပယ်ချတဲ့ ဗာဆိုင်းစာချုပ်ကို ကန့်ကွက်တဲ့ ပီကင်းတက္ကသိုလ် ဆန္ဒပြပွဲဟာ တရုတ်ပြည်ရဲ့ နယ်ချဲ့ဆန့်ကျင်ရေးသမိုင်းမှာ ထင်ရှားလှပါတယ်။ နယ်ချဲ့လက်ဝေခံတို့က အပြင်းအထန် နှိမ်နင်းပါတယ်။ ကျောင်းသား(၂၀၀၀)ကျော် အဖမ်းခံရပြီး တနိုင်ငံလုံး သပိတ်တိုက်ပွဲများ ပျံ့နှံ့ကုန်တယ်။ အလုပ်သမားများ သပိတ်တိုက်ပွဲထဲ ပါလာတယ်။ လက်လုပ်လက်စား ဈေးသည်များ၊ ဆိုင်ကြီးများ သပိတ်မှောက်ကြလို့ မြို့ကြီးတွေ ခြောက်ကပ်သွားပါတယ်။ သင်္ဘောနှင့် မီးရထား အလုပ်သမားသပိတ်တွေ ပေါ်လာတာမို့ ရှန်ဟဲ–နန်ကင်း၊ ရှန်ဟဲ–နန်ချို ရထားလမ်းများ ပြတ်တောက်ကုန်ပါတယ်။ ဒီလိုလှုပ်ရှားမှုများဟာ အာရှမှာသာမက လက်တင်အမေရိက၊ အာဖရိက အပါအဝင် တကမ္ဘာလုံးမှာ ပျံ့နှံ့နေတာ ဖြစ်ပါတယ်။

ဒါကြောင့် ပထမကျောင်းသားသပိတ်ဟာ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးဆိုင်ရာ ကမ္ဘာ့ရေစီးကြောင်းရဲ့ ခွဲမရတဲ့အစိတ်အပိုင်းအဖြစ် အမျိုးသားရေး ဂုဏ်သိက္ခာ မြှင့်တင်နိုင်ခဲ့တာမို့ အမျိုးသားနေ့လို့ သတ်မှတ်ခဲ့တဲ့ ဘိုးဘွားများရဲ့ အမြော်အမြင်ရှိမှု၊ ဉာဏ်ပညာကြီးမှုကို လေးစားဂုဏ်ယူလို့မဆုံး ဖြစ်ရပါတယ်။ ဒို့ ရှေးဗမာများ တော်ကြပါပေတယ်လို့ သွေးကြီးမိပါတယ်။

ဒုတိယအချက်အနေနဲ့ ကျောင်းသားများရဲ့သပိတ်ဟာ ပြည်သူတွေရဲ့ အုပ်ချုပ်ရေးအဆင့် တိုးတောင်းဆိုမှုကို ရောင်ပြန်ဟပ် ဖော်ပြမှုဖြစ်တယ်ဆိုတာပါပဲ။ ၁၉၂၀ တဝိုက်မှာ မြန်မာပြည်အုပ်ချုပ်ရေးက ဘုရင်ခံရဲ့ အတိုင်ပင်ခံကောင်စီ ဗျူရိုကရက်တွေ ခန့်ထားပြီး အုပ်ချုပ်တဲ့စနစ်ပါ။ ပြည်သူတွေက လက်မခံပါ။ အုပ်ချုပ်ရေးစနစ် အပြောင်းအလဲ လိုချင်ပါတယ်။ ပြည်သူတို့ကို တာဝန်ခံရတဲ့ ပြည်သူတွေက ရွေးကောက်တင်မြှောက်တဲ့ အစိုးရကို တောင်းဆိုပါတယ်။ ဒါကို ငြင်းပယ်တဲ့အနေနဲ့ ဒုဘုရင်ခံ ဆာရေဂီနယ်ကရက်ဒေါက်က ကရက်ဒေါက် စတင်းဆိုတဲ့ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုကို တင်ပြခဲ့ပါတယ်။ ပြည်သူတွေက လက်မခံလို့ 'ကရက်ဒေါက် ထွက်သွား (ကရက်ဒေါက် ဂက်အောက်)'ဆိုတဲ့ အသံတွေဟာ တပြည်လုံး ကျွက်ကျွက်ညံနေတဲ့အချိန်ပါ။

ကျောင်းသားသပိတ်ကြောင့် တပြည်လုံး ပိုပြီး နိုးကြားသွားတယ်။ ကျောင်းသားသပိတ်ကို တပြည်လုံးက ထောက်ခံတယ်။ သူရိယ၊ မြန်မာ့အလင်းနဲ့ ပညာ့အလင်း စသည့်သတင်းစာတွေက ထောက်ခံရေးကြတာမို့ နယ်တွေမှာလည်း အမျိုးသားရေးလှုပ်ရှားမှုတွေ ပေါ်လာတယ်။ ကရက်ဒေါက် ပြုတ်သွားပြီး သူ့နေရာမှာ ဆာဟာကုတ်ဘတ္တလာ ဆက်ခံတယ်။ သူ့လက်ထက်မှာ ဒိုင်အာခီ ခေါ် ကျေးလက် ကိုယ်ပိုင်အုပ်ချုပ်ရေးဥပဒေ ပြဋ္ဌာန်းပြီး ပြည်သူတောင်းဆိုတဲ့ ဒိုင်အာခီရွေးကောက်ပွဲများကို ၁၉၂၂ နိုဝင်ဘာ ၂၁ ရက်နေ့မှာ ကျင်းပပေးခဲ့တယ်။ ဒါပေမယ့် ကျောင်းသားသပိတ်ဟာ ပြည်သူတွေရဲ့ နိုင်ငံရေးရေချိန်ကို မြှင့်ပေးလိုက်တယ်။ ဒိုင်အာခီကို မလိုချင်တော့ဘူး၊ ပိုအဆင့်မြင့်တဲ့ အုပ်ချုပ်ရေးစနစ် (Home Rule)ကို တောင်းဆိုနေကြပြီဖြစ်တယ်။ ဒါဟာ ကျောင်းသားသပိတ်က ပြည်သူလူထုကို အကျိုးပြုမှုဖြစ်တယ်လို့ ပြောနိုင်တယ်။ ဒါကြောင့် မြင့်မြတ်ပြီး ဂုဏ်ရောင်ပြောင်တဲ့ ကျောင်းသားသမိုင်းကို အလေးအနက် ဂုဏ်ပြုရတာ ဖြစ်ပါတယ်။

တတိယအချက်ကတော့ ကျောင်းသားသပိတ်ဟာ ကိုလိုနီပညာရေး၊ တနည်းအားဖြင့် ကျွန်ပညာရေးကို ဖျက်သိမ်းပြီး အမျိုးသားပညာရေး (ဝါ) သခင်ပညာရေးကို တည်ဆောက်ခြင်းရဲ့ သင်္ကေတဖြစ်တယ်။ စတင်နှိုးဆော်သူ ကျောင်းသားကြီး (၁၁)ဦးဟာ ခါချဉ်ကောင် မာန်ကြီးလို့ တောင်ကြီးကိုတဲ့ ဖြိုမဲ့ကြံ၊ ခါးကမသန်အဖြစ်မျိုးနဲ့ အစပျိုးခဲ့ကြပေမယ့် သူတို့ရဲ့ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ခဲ့တယ်။ တောင်းဆိုချက်များကို နယ်ချဲ့အစိုးရက မလိုက်လျောလို့ သပိတ်မလှန်စတမ်း သပိတ်မှောက်ကြပြီး အမျိုးသားကျောင်းများကို ထူထောင်ခဲ့တယ်။ တပြည်လုံးက အားပေးတာမို့ အမျိုးသားကျောင်း (၁၄၅)ကျောင်း ပေါ်လာခဲ့တယ်။ ကျောင်းသားတွေ ခေါင်းဆောင်တဲ့ အမျိုးသားပညာရေးစနစ်ရဲ့ ရည်ရွယ်ချက်ကတော့ –

(၁) မြန်မာဘာသာကို သင်ကြားရေးမဏ္ဍိုင်အဖြစ် အသုံးပြုပြီး အင်္ဂလိပ်ဘာသာဖြင့် ရေးထားသောစာအုပ်များကို ဘာသာပြန်ရန်နှင့် ထိုဘာသာပြန်ခြင်းကို အားပေးရန်၊

(၂) တိုင်းပြည်တိုးတက်ရာ တိုးတက်ကြောင်း၊ ကြီးပွားရာကြီးပွားကြောင်း ပညာ

တဘက်သို့ ○

ပထမကျောင်းသားသပိတ်ဟာ နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားလွတ်မြောက်ရေးဆိုင်ရာ ကမ္ဘာ့ရေစီးကြောင်းရဲ့ ခွဲမရတဲ့အစိတ်အပိုင်းအဖြစ် အမျိုးသားရေး ဂုဏ်သိက္ခာ မြှင့်တင်နိုင်ခဲ့တာမို့ အမျိုးသားနေ့လို့ သတ်မှတ်ခဲ့တဲ့ ဘိုးဘွားများရဲ့ အမြော်အမြင်ရှိမှု၊ ဉာဏ်ပညာကြီးမှုကို လေးစားဂုဏ်ယူလို့မဆုံး ဖြစ်ရပါတယ်။ ဒို့ ရှေးဗမာများ တော်ကြပါပေတယ်လို့ သွေးကြီးမိပါတယ်။



၁၉၂၀ ပြည့်နှစ်၊ သပိတ်မှောက်ပြီးနောက် ရန်ကုန်မြို့၊ ဗဟန်းတွင် ပထမဆုံးအမျိုးသားပညာရေးထွန်းကားစဉ်က ကောင်စီဝင်များနှင့် ဆရာများ

# ၈၃ ကြိမ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာမျက်နှာ



အမျိုးသားကျောင်းအဖြစ် အောင်မြင်စွာ တည်ထောင်နိုင်ခဲ့သည့် ရန်ကုန် မြို့မကျောင်း

ရပ်နှင့် အသက်မွေးဝမ်းကြောင်းကို အထောက်အကူပြုသောပညာရပ်များ သင်ကြားရန်၊

(၃) မြန်မာစာနှင့်တကွ မြန်မာ့ယဉ်ကျေးမှုအစုစုကို ပြုစုပျိုးထောင်းရန်၊

(၄) အမျိုးသားစိတ်ဓာတ်များ တဖွားဖွား နိုးကြားတက်ကြွလာစေရန်

–တို့ပဲဖြစ်ပါတယ်။

ဒီရည်မှန်းချက်များဟာ အဲဒီကာလပညာရေးလိုအပ်ချက်များနဲ့ ကိုက်ညီပါတယ်။ အထူးသဖြင့် မြန်မာစာဟာ အနှိမ်ခံနေရတယ်။ ကျောင်းတွေမှာ မြန်မာသတင်းစာ၊ စာနယ်ဇင်း ဖတ်ခွင့်မပေး၊ မြန်မာမှုဟာ အလွန်နိမ့်ကျနေတဲ့အချိန်မို့ မြန်မာစာဟာ တို့စာ ဆိုတဲ့အသံ တပြည်လုံးညံနေတဲ့အချိန်ဖြစ်ပါတယ်။

အမျိုးသားကျောင်းများသာမက အမျိုးသားကောလိပ်ကို ဆရာကြီး သခင်ကိုယ်တော်မှိုင်းတို့ ခေါင်းဆောင် ဖွင့်လှစ်ပါတယ်။ "မင်းတို့ဆရာကို စာရင်းသာ တို့လိုက်ပေတော့"ဆိုတဲ့ အားပေးမှုနဲ့အတူ အမျိုးသားပညာရေးကို ရှေ့ဆောင်ဦးရွက်ပြုခဲ့ပါတယ်။ အမျိုးသားကျောင်းများရဲ့ အောင်မြင်မှုကို နယ်ချဲ့က မနာလို မရှုစိမ့်ပါ။ ဒါကြောင့် ၁၉၂၁ ဧပြီ (၁၂)ရက်နေ့မှာ ကျင်းပတဲ့ ဘုရင်ခံအမှုဆောင် ဥပဒေပြုကောင်စီအစည်းအဝေးမှာ ဘုရင်ခံ ဆာကရက်ဒေါက်က "အမျိုးသားပညာရေးနှင့် အမျိုးသားကျောင်းများ ဖြစ်ပေါ်အောင် ကြိုးပမ်းဆောင်ရွက်သူများ ဒီအစိုးရအား ဆန့်ကျင်သူများဖြစ်ကြောင်း၊ အမျိုးသားကျောင်းများကို ကူညီနေသော အစိုးရအမှုထမ်းများနှင့် ပင်စင်စားများသည် အစိုးရကျေးဇူးကန်းသည့် ကျေးဇူးမထွန်းကားသူများသာ ဖြစ်သည်"ဟု ပြောခဲ့ပါတယ်။

မှန်ပါတယ်၊ နယ်ချဲ့ ကျောချမ်းမယ်ဆိုလဲ ကျောချမ်းစရာပါ။ အမျိုးသားကျောင်းများက လူငယ်များကို မျိုးချစ်စိတ်အမွေသန္ဓေတည်ပေးခဲ့ပြီး ဒီစိတ်ဓာတ်က နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများကတဆင့် လုံးဝလွတ်လပ်ရေးကို ရယူခဲ့တာဖြစ်တယ်ဆိုတာ သံသယရှိစရာမလိုပါ။ ဒုတိယကျောင်းသားသပိတ်နဲ့ ၁၃၀၀ ပြည့် အရေးတော်ပုံတို့ဟာလဲ ဒီတိုက်ပွဲရဲ့အဆက်ပါ။ ဒါကြောင့် ၁၉၂၀ ကျောင်းသားသပိတ်ဟာ အမျိုးသားအင်္ဂါများနဲ့ မွှန်းထုံသင်းပြန့်နေတယ်ဆိုတာကို ကျွန်တော်တို့ ရဲရဲကြီး ပြောပါတယ်။

'လူတယောက်ရဲ့တန်ဖိုးကို သူဖြတ်သန်းတဲ့ခေတ်ရဲ့ သမိုင်းတာဝန်ကို ဘယ်လောက်ကျေပြွန်တယ်ဆိုတဲ့အချက်နဲ့ တိုင်းတာရမှာပဲ'လို့ နာမည်ကျော် စာရေးဆရာ ဗန်းမော်တင်အောင်က ဆိုပါတယ်။ ၁၉၂၀ ခုနှစ်လောက်က ကျွန်တော်တို့ အဘိုးအဘွားများဟာ စွန့်လွှတ်အနစ်နာခံခြင်း၊ အများအကျိုးအတွက် ဆောင်ရွက်ခြင်းဆိုတဲ့ 'ဟာနော ပဒန'ဂုဏ်နဲ့ ပြည့်စုံကြတယ်။ ဒီဂုဏ်နဲ့ ပြည့်စုံသူများဟာ လွတ်လပ်ရေးနဲ့ ထိုက်တန်သူလူအဖြစ် မွေးဖွားလာရကျိုးနပ်သူများ ဖြစ်ပါတယ်။ သူတို့ရဲ့ စွန့်လွှတ်အနစ်နာခံမှုနဲ့ အများအကျိုးဆောင်မှုရဲ့ အကျိုးကျေးဇူးများကို ကျွန်တော်တို့ ယနေ့ကာလ မျိုးဆက်များက ရယူခံစားနေရတာ ဖြစ်ပါတယ်။ သူတို့က အမွေကို ဆန့်ကျင်ပြီး၊ ဓမ္မကို တည်ဆောက်ရမယ်လို့ ကျွန်တော်တို့ကို သင်ကြားပေးခဲ့တယ်။ ကိုယ်ကျိုးစွန့် အနစ်နာခံမှုနဲ့ အများအကျိုးအတွက် ဆောင်ရွက်မှုသာ ဘဝတန်ဖိုးဖြစ်တယ်ဆိုတာ သူတို့ဘဝတွေနဲ့ ရင်းပြီး သက်သေပြခဲ့တယ်။ ဒါတွေက ကျွန်တော်တို့ရှေ့က မျိုးဆက်တွေက ယခု သက်ရှိမျိုးဆက်များအတွက် ပေးခဲ့တဲ့ အမွေပါ။

ကျွန်တော်တို့ကကော နောက်မျိုးဆက်များအတွက် ဘာအမွေတွေ ပေးခဲ့ချင်သလဲ၊ ပေးခဲ့နိုင်မလဲ။ နောင်နှစ်ပေါင်း (၅၀)ခန့်ကြာရင် ကျွန်တော်တို့ရဲ့ သားမြေးများက သူတို့ရဲ့ဘိုးဘေးများဖြစ်တဲ့ ကျွန်တော်တို့တတွေ သမိုင်းတာဝန် ဘယ်လောက် ကျေပွန်ခဲ့တယ်ဆိုတာကို ဆန်းစစ်လိမ့်မယ်။ ကျွန်တော်တို့ရဲ့ သချိုင်းတွေ၊ ကျွန်တော်တို့ရဲ့ အရိုးပြာတွေထဲက ကျွန်တော်တို့ရဲ့ ဝိညာဉ်တွေကို ခေါ်ယူပြီး သူတို့ရဲ့ ပြည်သူ့ရင်ပြင်မှာ စစ်မေးကြလိမ့်မယ်။ သူတို့အတွက် ကျွန်တော်တို့ပေးခဲ့တဲ့ အမွေတွေက ဘာတွေလဲ။ "သူတို့ကို စစ်ကျွန်အဖြစ် (၂၁)ရာစုထဲ ပစ်ချခဲ့တာ ကျွန်တော်တို့လား" ဒါမှမဟုတ် ၁၉၂၀ ခုနှစ်က မျိုးဆက်တွေလို စွန့်လွှတ်အနစ်နာခံမှုအပြည့်နဲ့ သမိုင်းတာဝန် ကျေပွန်ပြီး "သူတို့ကို လွတ်လပ်တဲ့လူသားအဖြစ်နဲ့ ၂၁ ရာစုကို တံခါးဖွင့်ပေးခဲ့သူတွေဟာ ကျွန်တော်တို့လား"။

ဒီမေးခွန်းကို ကျွန်တော်တို့ ကနေ့ ဖြေရတော့မှာဖြစ်ပါတယ်။

❖

**ကျမ်းကိုးစာရင်း**

၁။ အမျိုးသားစိတ် နိုးကြားလာသည့် ခေတ်ပြိုင်အခြေအနေ (ပီဂျီစိုးမင်း)
၂။ ၁၉၂၀ ပြည့် သပိတ်အကြို ပြည်သူလှုပ်ရှားမှုများ (သိန်းဖေမြင့်)
၃။ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသားပညာရေး ၁၉၂၀ ပြည့် အရေးတော်ပုံကြီး (လူထုဦးလှ)
၄။ ၂၃/၂၄–၁၁–၇၀ ကြေးမုံခေါင်းကြီး
၅။ ဘုရင်ခံ၏ ဥပဒေပြုကောင်စီထဲမှအသံ (နတ်မောက်ဘုန်းကျော်)

## ခွပ်ဒေါင်းအို ... ရဲ့ ငါ မ အို

★ အလောင်းစည်သူရဲ့ "ငါ မအိုသေး"တေး
မြကန်သာ၊ တောင်ကျချောင်းဘေး
တူရင်းတောင်ခြေ ဧရာဝတီမြစ်ကမ်း
တန်းကြည်တောင် ထိပ်ဖျားနဲ့
ခါဂါဘိုရာဇီမှသည် ဝိတိုရိယငူထိ
ဆောင်းကြိုငှက်တို့ ရွက်လွှင့်ရာ
တစ်မီလီနီယမ် တိုင်ခဲ့ပ။

★ ဝံသာနု ... ဂျီစီဘီအေ
တို့ပြေကို တို့ချစ်ပါ
ဗမာစာ ... ဒို့စာ။
ကရက်ဒေါက် ... ဂက်အောက်
ပင်နီ ... ယောထမီ
ဗာစီတီ ... ဘွိုင်းကောက်တား
ဗဟန်းတောရ ... သခင်မှိုင်းနဲ့
ကိုဘဦးရဲ့ဆယ့်တစ်ဦးပါတီ
ရှစ်ဆယ်သုံးနှစ်ရှယ် ခွပ်ဒေါင်းအိုရဲ့
"ငါမအိုသေး"တေးသံ
ဘဝင်မှာ ညံဆဲသာပ။

★ ငြိမ်းချမ်းရေး ၊ ပြည်တွင်းစစ်
နေရှင်နယ် ရီကွန်ဆိုင်လေးရှင်း
အမျိုးသားညီလာခံ – ရုတ်မက်
ခေတ်မီရေးမှသည် ကမ္ဘာ့ဆန်ရေးဆီသို့
ဒိုင်ယာလော့နဲ့ အလုံးစုံကြေပြန်းရေး
ဘယ်လမ်းကို ရွေးကြမလဲ။
ဦးပေါင်းကြားနဲ့ မြင်းညိုရှင်
ဒေါင်းအိုသခင်ရဲ့ စိတ်ဓာတ်
နွေနေ့လည် အိပ်မက်မှ နိုးထ
အနာဂတ်ကို ပင့်ကူအိမ်ဖွဲ့ဖို့
လမ်းချိုးကို ရဲရဲလှမ်းစို့
ဟိုး ... ရှေ့မှာတော့
တောင်ဇလပ်ဖြူပွင့်တွေ ဝေနေပေ့ါ။

**ဇီဝဇိုး**

၂၁–၁၁–၀၃



၁၉၂၀ ပြည့်နှစ်၊ သပိတ်မှောက်ကောလိပ်ကျောင်းသားများ စုဝေးနေထိုင်ကြပြီး အစည်းအဝေးပွဲများ ကျင်းပခဲ့ကြသည့် ရန်ကုန်မြို့၊ ဗဟန်းရပ်ကွက် ဦးအရိယကျောင်းတိုက်

# သပိတ်မှောက်ခေါင်းဆောင်၁၁ဦးအဲ့

ယူနီဗာစီတီအက်၊ မနှစ်သက် ဒို့တတွေ။
ပညာတတ်နည်းပစေ၊ ဥပဒေနှိမ်ချိုး။
ကရက်ဒေါက် ဘုရင်ခံ၊ တည်ပြုပြန်တင်းပ ဇွတ်တိုး။
နှစ်ကောလိပ်ကျောင်းသားတွေ၊ ခေါင်းဆောင်ပေလွန်ကြိုး။
(ကိုအောင်ဒင်) သတိုးနှင့်၊ အမျိုးချစ် (လှတင်)။
(ဘခင်)နော် (ကေညီပိတ်)၊ ဇာနည်စိတ်ဓါးဝယ့် (ဘရှင်)။
သံတွဲ ကရဲ (ဘရှင်)မှာ၊ (ဖေသိန်း)တွင် (ကိုအေး)ပ။
မနေးလှ (ထွန်းဝင်း) လက်လေ၊ (ဖိုးကွန်း)တဲ့ပော။
(ကိုဘဦး) လမ်းညွှန်ပေတယ်၊ သပိတ်ရွှေမှောက်ခန်းပလေး။

ဦးသက်တင်
(၁၉၂၀ ပြည့်နှစ်၊ သပိတ်မှောက်ကျောင်းသား)




ကောလိပ်ကျောင်းသားကြီးများ ရန်ကုန်တက္ကသိုလ်ဥပဒေကို ကန့်ကွက်သည့်အနေနှင့် သူတို့၏ ကျောင်းများကို သပိတ်မှောက်၍ ထွက်ခဲ့သော တန်ဆောင်မုန်းလဆုတ် (၁၀)ရက်နေ့သည် မြန်မာပြည်အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်သည့်အထိ မြန်မာများအဖို့ အကျိုးထူးများ ဖြစ်ပေါ်စေရကား ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေဆိုသကဲ့သို့ ထိုတန်ဆောင်မုန်းလဆုတ် (၁၀)ရက်နေ့ကို နှစ်စဉ်နှစ်တိုင်း သတိရကာ မြန်မာတမျိုးသားလုံး ဂုဏ်ယူနိုင်ကြပါစေသတည်း။

**ဦးဘဦး (ဘီအေ)**
**ဥက္ကဋ္ဌ၊ ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ် ၂၆ ဦးကော်မတီ**

## ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ခေါင်းဆောင် ၂၆ ဦးကော်မတီ


ဦးဘဦး


သခင်မြ


ဦးဖိုးကွန်း


ဦးဖိုးကျား


ဦးဖိုးလတ်


ဦးလူဖေဝင်း


ဦးဘကျော်


မစ္စတာဆင်း


ဦးထွန်းဖေ


ဦးအောင်ဒင်


ဦးညီပိတ်


ဦးအေး

### ၁၉၂၀ ပြည့်နှစ် ကျောင်းသားသပိတ်ခေါင်းဆောင် ၂၆ ဦးကော်မတီဝင်များ

(၁) ကိုဘရှင်၊ ဘီအက်စီ အထက်တန်း၊ (၂) ကိုညီပိတ်၊ ဘီအက်စီအထက်တန်း၊ (၃) ကိုဖိုးကွန်း၊ ဘီအက်စီအထက်တန်း၊ (၄) ကိုအေး၊ ဘီအေအထက်တန်း၊ (၅) ကိုလှတင်၊ ဘီအေအထက်တန်း၊ (၆) ကိုဖေသိန်း၊ အိုင်အေအက်တန်း၊ (၇) ကိုထွန်းဝင်း၊ အိုင်အေအထက်တန်း၊ (၈) ကိုဘရှင် (ထားဝယ်)၊ အိုင်အေအထက်တန်း၊ (၉) ကိုဘခင်၊ အိုင်အေအထက်တန်း၊ (၁၀) ကိုအောင်ဒင်၊ အိုင်အေအထက်တန်း၊ (၁၁) ကိုဘဦး၊ ၂၆ ဦးကောင်စီ ဥက္ကဋ္ဌ၊ ဘီအေအထက်တန်း၊ (၁၂) ကိုလှစိန်၊ ဥပဒေပညာယူသည်၊ (၁၃) ကိုဘတင်၊ ဥပဒေပညာယူသည်၊ (၁၄) ကိုမြ၊ ဘီအက်စီအထက်တန်း (အမျိုးသားခေါင်းဆောင်ကြီး သခင်မြ)၊ (၁၅) ကိုမြင့်၊ နေရှယ်နယ်ဦးမြင့်၊ (၁၆) ကိုဖိုးကျား၊ ဘီအေအထက်တန်း၊ ယုဒသန်ကောလိပ်၊ (၁၇) ကိုစိုးဝင်း၊ ဘီအေအထက်တန်း၊ (၁၈) ကိုဖိုးလတ်၊ ဘီအေအထက်တန်း၊ (၁၉) ကိုထွန်းဖေ၊ အိုင်အေအထက်တန်း၊ (၂၀) ကိုဘဟန်၊ ဘီအေအထက်တန်း၊ (၂၁) ကိုဘကျော်၊ အိုင်အေအထက်တန်း၊ (၂၂) ကိုလူဖေဝင်း၊ ဘီအေအထက်တန်း၊ (၂၃) ကိုမောင်ကို၊ ဘီအေအထက်တန်း၊ (၂၄) အီးမောင်စိန်၊ ဘီအေအထက်တန်း၊ (၂၅) အင်န်စီဆင်း၊ ဘီအေအထက်တန်း၊ (၂၆) မစ္စတာဘိုစ်။

(ဓာတ်ပုံမှတ်တမ်းတင်ရှိသူများအား ဖော်ပြခြင်းဖြစ်ပါသည်။)

**မှတ်ချက်။** ။ အမှတ်စဉ် (၁)မှ (၁၁)အထိ ကျောင်းသား ၁၁ ဦးသည် ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့က ရွှေတိဂုံရင်ပြင်ပေါ်၌ အဓိဋ္ဌာန်ပြုပြီး လက်မှတ်ရေးထိုးခဲ့ကြသော ခေါင်းဆောင်များဖြစ်၏။ ကျန် ၁၅ ဦးမှာ ၄ ရက်နေ့ အစည်းအဝေးတွင် ထပ်မံဖြည့်စွက်သော ခေါင်းဆောင်များဖြစ်ကြသည်။